www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com

အိပ်မက်ကလေး
လုပခဲ့တဲ့အတွက်
မောင့်ကို
ကျွန်မအမြဲ
ကျေးဇူးတင်နေတော့မှာပါ
မောင်

BURMESE CLASSIC .com

# အမှတ်တရ

ချူး

www.burmeseclassic.com

www.burmeseclassic.com



## ပုံနှိပ်မှတ်တမ်း

၁၉၈၇ ခုနှစ်၊ စက်တင်ဘာ၌ အင်ကြင်းမြိုင် စာပေမှ ပထမဆုံးအကြိမ် ပုံနှိပ်ထုတ်ဝေခဲ့ပါသည်။

မျက်နှာဖုံးပန်းချီ – ပန်းချီမြင့်မောင်ကျော်

ပုံနှိပ် – ရာကျော်ပုံနှိပ်တိုက်

တန်ဖိုး – ၂၂ ကျပ်

***e-book typed by may11***



www.burmeseclassic.com

www.burmeseclassic.com



# ဂျူး

# အမှတ်တရ

## အခန်း(၁)

*ကျွန်မကြားနေကျ*
*စကားသံတစ်ခုဖြင့်*
*ကျွန်မကို ကြိုဆိုမည့်သူ မရှိပါ။*

*သော့ပိတ်ထားသော*
*တံခါးဘေးတွင်*
*ကျွန်မနာမည် ဆိုင်းဘုတ်ပြား တစ်ခုသာ*
*ရှိတော့သည်။*

*မိုးသက်လေဖြင့်*
*အနည်းငယ်*
*ချမ်းစိမ့်စိမ့်ဖြစ်သွား၍*
*လက်ပွေ့အိတ်ထဲမှ*
*သော့ကို ကပျာကသီ*
*ထုတ်ယူလိုက်သည်။*

*ဤသော့ကို ဖွင့်မည့်သူဟူ၍*
*ကျွန်မ တစ်ဦးတည်းသာ*
*ရှိတော့သည်။*



www.burmeseclassic.com

www.burmeseclassic.com



နွေးထွေးပျော်ရွှင်စွာ ကြိုဆိုမည့်သူမရှိသော ရထားဆင်းခရီးသည်တစ်ဦး၏ ဒုက္ခကို တတိယအကြိမ် ခံစားရသောအခါ ပထမဆုံး အကြိမ်လောက် စိတ်ဆင်းရဲမှု မပြင်းထန်တော့ပါ။ ဘူတာရုံ အဆောက်အအုံ၏ အပြင်ဘက်တွင် မိုးဖွဲဖွဲ ကျနေသောကြောင့် ဆင်ဝင်နား ကပ်လျက်ရှိနေသော သုံးဘီးတစ်စီးကိုသာ အလွယ်တကူ ငှားလိုက်ရလေသည်။ နွေရာသီ ဖြစ်စေ၊ မိုးရာသီဖြစ်စေ၊ လမ်းထွက်လျှင် ဘယ်တော့မှ ထီးမဆောင်း တတ်သော ကျွန်မကို “ဘယ်လိုမိန်းကလေးလဲဟ” ဟု မအံ့သြဘဲ ၊ အံ့သြပြမည့်သူလည်း အနီးတွင် မရှိပါ။ မန္တလေးမြို့သည် ယခင်ကလိုပင် စိုစွတ်ထိုင်းမှိုင်း လျက်ရှိသည်။ လမ်းမပေါ်တွင် ပန်းပွင့်ကြွေများ၊ သစ်ရွက်ကြွေများ ဟိုတစ်စ သည်တစ်စ လွင့်ရင်း တချို့လည်း ရေစိုနေပြီး တချို့လည်း ခြောက်သွေ့နေဆဲ ဖြစ်သည်။ မိုးက တစ်ချက်တစ်ချက်မှာ ဖြန်းခနဲ သည်းပက်လိုက်ပြီး တစ်ချက်တစ်ချက် ကျတော့ လေဖြင့်လွင့်ပါ၍ မိုးစက်များ ပျောက်ပျောက်သွားပြန်၏။ ဒါ မန္တလေးမိုးမှ မဟုတ်ဘဲ။ မိုးစိုစွတ်သော ကတ္တရာလမ်းမ၏ အနံ့နှင့်အတူ မပြယ်တပြယ် ဖုန်ငွေ့အနံ့က ကျွန်မကို ခပ်စိမ်းစိမ်း နှုတ်ဆက်ဖော် ရလေသည်။

ကျုံးထောင့်က စိန်ပန်းပင်ကြီးမှာတော့ ဟိုလွန်ခဲ့သည့် ကာလများနည်းတူ နီရဲနေအောင် ပွင့်ဆဲ။ အပွင့်များ မြေပြင်တွင်ပြန့်ကျဲလျက်၊ တချို့က သံဆန်ကာ၏ သည်ဘက် ပလက်ဖောင်းပေါ်အထိ လွင့်ကျနေသည်။ အခုနေများ တစ်စုံတစ်ယောက် အသိမိတ်ဆွေနှင့်တွေ့ပြီး “ ဟော ... အလည်လာတာလား ” ဟု နှုတ်ခွန်းဆက် လျှင် ကျွန်မဘယ်လို ဖြေရပါ့မလဲ။ ကျုံးရေပြင်ပေါ်သို့ မိုးစက်များ လွင့်ခနဲ လွင့်ခနဲ နစ်မြုပ်ကျနေသည်။ နန်းရှေ့ ကျုံးရေပြင်ဘက်တွင်သာ တွေ့ရတတ်သော ပန်းနုရောင်



www.burmeseclassic.com

www.burmeseclassic.com



ကြာငုံပွင့်များကို စတင် မြင်ရလျှင် ကျွန်မတို့ နေအိမ်ကလေးသို့ ရောက်လုပြီ။ ရင်းနှီးနေကျ ထနောင်းပင်များ၊ ရေမှော်ပင် သေးသေးကွေးကွေး ကလေးများ၊ ကြာရွက်အရွယ်စုံများ၊ နောက် ကြာဖူးငုံများ၊ ကြာပွင့်များ။

ရေနီမြောင်းပေါင်ထိပ်တွင် ကျွန်မ ဆင်းရပါမည်။ ကားရပ်လိုက်သော အခါမှ မိုးက ဝေါခနဲ ရွာချပစ်လိုက်တော့သည်။ မိန်းမကိုင် လက်ဆွဲသေတ္တာ အသေးကတစ်ဖက်၊ ပခုံး၌ လွယ်ထားသော လက်ပွေ့အိတ်ကတစ်ဖက်၊ မိုးရေထဲ၌ ချက်ချင်း စိုရွှဲသွားသည်။ ဒါကတော့ မန္တလေးမိုး အစစ်ပဲ။ ကားထွက်သွားသော အခါ ကျွန်မ မိုးရေထဲ၌ ခဏ ကျန်ရစ်သည်။ စက်ဘီးကိုယ်စီနှင့် ကျောင်းသူအရွယ် မိန်းကလေးတစ်ဖွဲ့က ကျွန်မကို နောက်ပြန် လှည့်ကြည့်သွားကြ၏။

မြောင်းပေါင်အတိုင်း ခပ်သွက်သွက် လျှောက်လှမ်းလာသော အခိုက်အတန့်၌ စိုစွတ်သော ကျွန်မဆံပင်များ တစ်ချက်တစ်ချက် လွင့်သွားသည်။

ဟော ဟိုမှာ ... သစ်သားတံတားဖြူကလေး။ ဤတံတားကလေးကို ၁၉၈၂ ခုနှစ် တုန်းက ကျွန်မတို့နှစ်ယောက် ခင်းခဲ့သည်။ ဆေးအဖြူကိုတော့ ကျွန်မကိုယ်တိုင် သုတ်ခဲ့သည်။ ဤတံတားကလေးသည် ကျွန်မကို မောင့်ကိုယ်စား ကြိုဆိုသူ ဖြစ်လေသည်။ တံတားပေါ်တွင် ရှိနေကျ ကလေးတစ်သိုက် မရှိပါ။ ကျွန်မတစ်ယောက်တည်း ရေစိုရွှဲလျက် ဖြတ်သန်းလာရသည်။ ကြာဖူးကြာခိုင်များ ရေစီးကြောင်း၏ တိုက်တွန်းမှုကြောင့် ယိမ်းနွဲ့ နေကြသည်။ သူတို့ကိုကြည့်လျှင် ကျွန်မရင်က ယခုတိုင် နာကျင်ဆဲ ဖြစ်ပါသည်။ ခြံဝင်းတံခါးသည် ပွင့်လျက်ရှိ၏။ ဘာပဲဖြစ်ဖြစ် တစ်ချိန်ချိန်မှာတော့ အိမ်ရှင်အန်တီနှင့် ပဋိသန္ဓာရ စကားများ ဆိုရဦးမည်။



www.burmeseclassic.com

www.burmeseclassic.com



" အို ... တစ်ယောက်တည်းလား " ဟုသာ သူမ နူတ်ဆက်တတ်ဟန်ရှိသည်။ ကံကောင်းထောက်မစွာ အန်တီ၏အိမ်သည် ကျွန်မတို့ အိမ်ကလေး၏ တစ်ဘက်မှာ ရှိနေ၍ ကျွန်မ ခဏတော့ ရှောင်နေလို့ရသည်။

ကြည့်စမ်းပါဦး၊ နှင်းဆီပင်များ အတော်ရှည်ထွက် ကိုင်းလျက်ရှိပြီ။ တစ်ပင်၊ နှစ်ပင်၊ သုံးပင်။ အို ... ဟိုဘက်က နှစ်ပင်က မိုးစက်များအောက်တွင် ခြောက်သွေ့လျက် ရှိသည်။ အင်းလေ ... ကျွန်မလက်နှင့် မထိရတာ ဘယ်လောက်တောင်ကြာပြီလဲ။ တစ်နှစ် နီးပါးရှိရော့မည်။ ဒီလောက် ရှင်သန်နေသည်မှာ ပင်လျှင် အန်တီ၏ကျေးဇူးပါပဲ။ သစ်သား လှေကားသုံးထစ်ကို တက်ပြီးသောအခါ ပျဉ်ခင်းကြမ်းပြင်ပေါ် ရောက်ရောက်ချင်း မိုးစက်မှ လွတ်သွား၏။ တံစက်မြိတ်မှ ရေတို့ စီးကျနေသည်။

"ကြည့်စမ်း မိုးရွာထဲမှာ ဘယ်တော့မဆို ထီးမဆောင်းဘူး။ အမြဲစိုရွှဲလို့၊ မြန်မြန် ဝင်စမ်းပါ" ကျွန်မကြားနေကျ စကားသံတစ်ခုဖြင့် ကျွန်မကို ကြိုဆိုမည့်သူ မရှိပါ။ သော့ပိတ်ထားသော တံခါးဘေးတွင် ကျွန်မနာမည် ဆိုင်းဘုတ်ပြား တစ်ခုသာ ရှိတော့သည်။ မိုးသက်လေဖြင့် အနည်းငယ် ချမ်းစိမ့်စိမ့်ဖြစ်သွား၍ လက်ပွေ့အိတ်ထဲမှ သော့ကို ကပျာကသီ ထုတ်ယူလိုက်သည်။ ဤသော့ကို ဖွင့်မည့်သူဟူ၍ ကျွန်မ တစ်ဦးတည်းသာ ရှိတော့သည်။

အိမ်ထဲသို့ ဝင်လိုက်သောအခါ ထုံးစံအတိုင်း သစ်တော်သီးနံ့က သင်းမွှေးလျက် ရှိသည်။ မောင့်နည်းတူ ကျွန်မလည်း အံ့သြရလောက်အောင် ဤအိမ်ကလေးသည် သစ်တော်သီးနံ့ အမြဲသင်းမွှေး နေလေသည်။ မှောင်ပိတ်သော ဧည့်ခန်းကို စမ်းတဝါးဝါး ဖြစ်မနေဘဲ နေသားတကျ ကျွန်မ လျှောက်သွားနိုင်၏။ ကျွန်မတို့ ဧည့်ခန်းမှာ စားပွဲ

www.burmeseclassic.com

www.burmeseclassic.com



ကုလားထိုင် မရှိပါ။ ဟောသည်ဘက်မှာ သောက်ရေအိုးစင်၊ သည်ဘက်က ထောင်ထားသော သင်ဖြူးဖျာလိပ်နှစ်ခု၊ ကျွန်မမှတ်မိနေသည်။ နံရံတစ်ဘက်သို့ လျှောက်သွားပြီး မီးခလုတ်ကို ဆွဲချလိုက်သည်။

လင်းလက်သွားသော ဖန်မီးချောင်း မီးရောင်အောက်တွင် နံရံကပ်ကြည့်မှန်ထဲ၌ စိုကပ်နေသော ဆံပင်များနှင့် မျှော်လင့်ချက် ကင်းမဲ့နေသော မျက်နှာတစ်ခုကို ရုတ်ခြည်း တွေ့ရသည်။ လက်ဆွဲသေတ္တာကို ကြမ်းပြင်ပေါ်သို့ အသာအယာ ချလိုက်ပြီး အိမ်၏ ဧည့်ခန်းတလျှောက် ဟိုသည် စူးစမ်းကြည့်သည်။ ကျွန်မ မရှိသည့်အချိန်အတွင်း တစ်စုံတစ်ယောက် လာနေသွားသည့် အသွင်အပြင် မရှိပါ။ ယခင်တစ်ခေါက် ကျွန်မအပြန်တုန်းက မေ့လျော့ထားခဲ့သည့် သနပ်ခါး ပျိုးပင်ပေါက်ကလေး နှစ်ပင်မှာ ပန်းအိုးငယ် ကလေးများထဲတွင် အရွက်တို့ပင် မရှိတော့ဘဲ လိမ်ခြောက်သော အကိုင်းကလေးများသာ ကျန်တော့သည်။ သည်အိမ်ကို မောင် မရောက်လာတာ သေချာသွားပြီ။ မဟုတ်သေးပါဘူးလေ၊ သည်အပင်ကလေးတွေ သည်နေရာမှာ ရှိနေရုံဖြင့်၊ မောင်မလာဟု မပြောနိုင်ပါ။ မောင်က ပန်းပင်စိုက်ဖို့ ဝါသနာမှမပါဘဲ။

တစ်ခုတည်းသောအခန်းသည် တံခါးရွက် စေ့ပိတ်လျက် ရှိသည်။ အခန်းတံခါး အထက်တွင်တော့ (အပြင်မှ ပြောင်းရွှေ့ ချိတ်ထားခဲ့သော) မောင့်နာမည် ဆိုင်းဘုတ်ပြား ကလေးရှိသည်။ အပြင်မှာ အထင်အရှား ချိတ်ခွင့်မရသော်လည်း မည်သူမျှ မမြင်နိုင်သော သော့ပိတ်ထားသော အိမ်ထဲရှိ အခန်းတံခါး အထက်မှာတော့ ချိတ်ဆွဲခွင့် ရှိလိမ့်မည်ဟု ကျွန်မယခုတိုင် ယုံကြည်နေသေးသည်။ အခန်းတံခါးကို တွန်းဖွင့်လိုက်၏။ မောင့်ကို နမ်းမွှေးတိုင်း ရလေ့ရှိသည့် ချိုမြသော မောင့်ကိုယ်နံ့သည် အခန်းထဲတွင် ကျွန်မ



www.burmeseclassic.com

www.burmeseclassic.com



လွှမ်းဆွတ်နာကျင် စေလောက်အောင် သိသိသာသာ မွှေးပျံ့နေလေသည်။ မောင် ရောက်နေတာတော့ မဖြစ်နိုင်ပါ။ ခုတင်ခေါင်းရင်းမှ မီးခလုတ်ကို စမ်း၍ ဖွင့်လိုက်သည်။ ကျွန်မ ရင်ထဲမှာ လှိုက်ခနဲ လွင့်ဟာသွားသည်။ ခုတင်ပေါ်မှာ သင်ဖြူးတစ်ချပ်သာ ရှိသည်။ စားပွဲပေါ်တွင် ကျွန်မထားခဲ့သည့် ပန်းစိုက်အိုးတစ်ခု အတွင်း၌ ဘာပန်းဟု မသိနိုင်လောက်အောင် ခြောက်သွေ့နေသော နှင်းဆီပန်း တို့သည် ယခုတိုင် မလဲမပြို ရှိနေသေးသည်။ စားပွဲပေါ်မှာ ကျွန်မထားခဲ့သော စတော်ဗယ်ရီယိုဘူးနှင့် ပေါင်မုန့်လှီး သည့်ဓါးသည် နေရာမယွင်းသေးပါ။ လက်ညှိုးလေးနှင့် အဖုံးကို ထိတို့ကြည့်လိုက်သည်။ ဖုန်များ ကြမ်းရှလျက် လက်ညှိုးကို ပေကျံသွားသည်။ အသေအချာ ရှိုက်မွှေးတော့ မွှေးနေကျ ကိုယ်နံ့တစ်ခုအပြင် ဖုန်ငွေ့အနံ့ပါ ရလာသည်။ မောင် ရောက်လာခဲ့သည့် အထိမ်းအမှတ်အဖြစ် တိုးလို့တွဲလောင်း ချိတ်ဆွဲထားသော အင်္ကျီများ၊ ပုဆိုးများ မရှိ။ သောက်လက်စ ကော်ဖီပန်းကန်များ၊ အရက်ဖန်ခွက်များ၊ စီးကရက်အတိုများ မရှိ။ ပြန့်ကျဲနေသော ဖဲချပ်အဟောင်းများ မရှိ။ ဇာခန်းဆီးကို ပင့်တင် ထားခြင်းမရှိ။

ခုတင်ဘေးမှ ပြူတင်းပေါက်ကို ကျွန်မဖွင့်လိုက်သောအခါ လေနှင့်အတူ မိုးစက် သေးသေးကလေးများ မျက်နှာဆီသို့ ပြေးဝင်လာကြသည်။ အေးစိမ့်သွားသည့်ခံစားမှုကို ရရှိချိန်တွင် ကျွန်မပြုံးမိသွားသည်။ ဆံပင်ရေစို အဝတ်ရေစိုနှင့် ခပ်ကြာကြာ မတ်တပ်ရပ် ငေးငိုင်နေတာများ မောင်မြင်ခဲ့လျှင် ... ။

ကျွန်မသည် ခုတင်ဘေး သေတ္တာထဲမှ မျက်နှာသုတ်ပုဝါကို အလျင်ထုတ်၍ ဆံပင်များကို သုတ်ပစ်နေမိသည်။ မျက်နှာသုတ်ပုဝါမှာ ပရုတ်လုံးနံ့ မွှေးနေသေးသည်။ အကယ်၍ မောင် ရောက်လာခဲ့ပြီး မောင် ဤပုဝါကို ရေသုတ်ခဲ့လျှင် ပရုတ်လုံးနံ့

www.burmeseclassic.com



ရှိတော့မှာ မဟုတ်။ (သေတ္တာထဲ လုံးထွေး ထည့်ထားခဲ့မှာလည်း သေချာပါသည်။) အင်းလေ ... မောင်ဟာ ဤအိမ်ကို ဘာအကြောင်းကိစ္စဖြင့် လာမည်နည်း။ အားလျော့စိတ်ပျက်မှုနှင့် အထီးကျန် ဝမ်းနည်းမှုသည် ကျွန်မရင်ထဲမှ လည်ချောင်းဆီအထိ ဆို့နင့်လာသည်။ ဘာတွေပဲဖြစ်နေဖြစ်နေ တစ်ယောက်တည်း ကျန်နေတာတော့ သေချာပါသည်။

လက်ဆွဲသေတ္တာကို ပြန်ယူ၍ ရေစိုအဝတ်များကို လဲသည့်အခါလည်း တစ်စုံတစ်ခု လိုအပ်နေသလို ခံစားရသည်။ အခန်းထဲရှိ ဖုန်များကို စင်ကြယ်သွားအောင် အနည်းငယ် ပင်ပန်းစွာ လှဲကျင်း သန့်ရှင်းလိုက်လျှင် မောင့်ကို တမ်းတစိတ်များ အနည်းငယ် ပြေလျော့ သွားလိမ့်မည်။



www.burmeseclassic.com

www.burmeseclassic.com



# ဂျူး

# အမှတ်တရ

## အခန်း(၂)

*မှတ်မှတ်ရရ*
*ထိုနေ့က*
*မိုးရွာနေသည်။*

*မိုးရွာနေမှန်းလည်း*
*ခြံအပြင်ရောက်မှ*
*ကျွန်မတို့နှစ်ဦး*
*သိကြသည်။*

*မောင်နှင့်ကျွန်မ နှစ်ဦး*
*ဆေးအဖြူသုတ်ထားသော*
*တံတားလေးပေါ်၌*
*ရှန်းရင်းဆန်ခတ်*
*ဖြစ်နေကြသည်ကို*
*ရေနီမြောင်းထဲမှ*
*ချာတိတ်ကလေးနှစ်ဦးက*
*အထူးအဆန်းသဖွယ်*
*ကြည့်နေကြသည်။*



www.burmeseclassic.com

www.burmeseclassic.com



မေ့မေ့ပျောက်ပျောက် ဖြစ်သွားမှာပါဟူသော ဖြေသိမ့်စကားကို ရုတ်တရက် ကြားယောင်လာမိသည်။ မောင် ပြောခဲ့သောစကား မဟုတ်နိုင်။ မောင်နှင့် ပတ်သက်သမျှ ကျွန်မ အစွဲအလမ်း ကြီးမားသည်ကို မောင်အသိဆုံးပါ။ ရှင်းသန့်နေသော စားပွဲပေါ်မှာ တစ်ခုခု လိုသေးသည်။ မောင့်ဓါတ်ပုံ လိုနေတာပဲ။ ထင်းရှူးသေတ္တာထဲမှာ မှောက်သိမ်းထားသော ဖိုတိုစတင်းန်ကို ထုတ်ယူ၍ လက်ကိုင်ပုဝါဖြင့် ဖုန်သုတ်ပေး လိုက်သည်။

မောင် ဓါတ်ပုံရိုက်လျှင် အပြင်မှာလို ကြည့်မကောင်းပါ။ ဓါတ်ပုံထဲတွင် မောင့်နှုတ်ခမ်း (အောက်နှုတ်ခမ်းသည် နဂိုထက် ပို၍ထူနေပြီး အနည်းငယ် အလင်းရိပ် ကျလျှင်ပင် တွဲကျလုနီးပါး ဖြစ်သွားသည်။ မောင့်မျက်လုံးများက အပြင်မှာလောက် မစူးရှဘဲ ရှက်ကိုးရှက်ကန်း ဖြစ်ဖြစ်နေတတ်၏။ နောက်ပြီး ရယ်လိုက်လျှင် တအားချစ်ဖို့ကောင်းသော မောင်သည် ဓါတ်ပုံထဲမှာ မည်သို့မျှ မရယ်ပြုံးတတ်ပါ။

မောင် ရယ်မောသည့် အချိန်တွင် ကျွန်မ ငေးမောကြည့်မိ၍ “ မောင်က ကလေးလိုပဲနော် ” ဟု တဖွဖွရွတ်တိုင်း စိတ်တိုတတ်သော မောင်သည် ကျွန်မကိုတော့ မကြာခဏ စိတ်ကောက်တတ်ပါသည်။ မောင်မို့ စိတ်ကောက်ပြီဆိုလျှင် ကျွန်မက အမြဲရိပ်မိ တတ်သည်။ မောင်စိတ်ကောက်ပြီဆိုလျှင် နံနက်တိုင်း ကျွန်မဆီ လာနေကျ မလာတော့ပါ။ ဆေးရုံမှာလည်း မောင်နှင့် တစ်ဖွဲ့တည်းမဟုတ်၍ ကျွန်မတို့နှစ်ယောက် မတွေ့ကြပါ။

ထိုအခါ ကျွန်မက ညနေကျောင်းဆင်းလျှင် ဤအိမ်သို့လာရပါသည်။ အခန်းထဲမှာ တယောက်တည်းထိုင်၍ ဖဲရိုက်နေသော မောင့်ကို ကျွန်မချော့ရတတ်ပါသည်။ အများအားဖြင့် “မောင် နေ့လယ်က ဘာစားသလဲ” ဟုသာ မေးတတ်ပါသည်။



www.burmeseclassic.com

www.burmeseclassic.com



မောင်က မကြားချင် ယောင်ဆောင်နေတတ်ပါသည်။ မောင်သည် ညစာကိုသာ အိမ်ရှင်ထံမှ ထမင်းချိုင့်ယူစားပြီး နေ့လယ်စာကို ကျောင်းအနီးက စားသောက်ဆိုင် တစ်ခုခုမှာ ကြုံသလို စားတတ်ပါသည်။ တစ်ခါတစ်ရံ မောင်ပိုက်ဆံပြတ်သည့်အခါ နေ့လယ်စာဖိုး မရှိသည့်အခါ ကျွန်မတို့အဆောင်မှ ကျွန်မအတွက် နေ့လည်စာ ထမင်းဟင်းကို ထမင်းဘူးထဲတွင် ပြည့်သိပ်နေအောင် ထည့်လာပြီး ဆေးရုံကြီးက စာသင်ခန်းမ (သီယေတာ)တွင် ဖြစ်စေ၊ ကျောင်းက စာသင်ခန်းမတွင် ဖြစ်စေ၊ ကျောင်းကင်န်တင်းမှာ လက်ဖက်ရည်သောက်ရင်း ဖြစ်စေ၊ ကျွန်မတို့ နှစ်ယောက်အတူ စားတတ်ပါသည်။

ကျွန်မကို မောင်စိတ်ကောက်လျှင် ပိုက်ဆံပြတ်နေစေကာမူ နေ့လယ်စာကို ကျွန်မနှင့်အတူ မစားတော့ပါ။ အဆောင်နေ သူငယ်ချင်း တစ်ယောက်ယောက်ထံမှာ သွားစားလျှင် စားမည်။ သို့မဟုတ် တစ်ကျပ်လောက်မှ မရှိတော့လျှင် ဝင်းသီတာ လက်ဖက်ရည်ဆိုင်မှာ အကြွေး သွားသောက်မည်။ ပြီး ဘယ်သူနှင့်မျှ စကားမပြောဘဲ ဆေးရုံဆင်းစရာ ရှိလျှင်သွားမည်။ အတန်း မရှိတော့လျှင် နန်းရှေ့သို့ ပြန်လာပြီး သူ့အခန်းကျဉ်းလေးထဲက ခုတင်ပေါ်မှာ မှောက်လျက်လှဲအိပ်ပြီး ကျွန်မ လာအချော့ကို စောင့်နေမည်။

မောင်စိတ်ကောက်ပြီဆိုလျှင် ကျွန်မ ညနေစာ ထမင်းယူထားဖို့ သူငယ်ချင်းကို မှာပြီး နန်းရှေ့သို့ အလျင်ဆုံး လာခဲ့ရတတ်၏။

“ မောင်နေ့လယ်က ဘာစားလဲ ”



www.burmeseclassic.com

www.burmeseclassic.com



မောင်မဖြေပါ။ ကျွန်မက မောင့်အတွက်ယူလာသော ကျိုင်းတုံပေါင်မုန့်ကို ထောပတ်သုတ်၍ သကြားဖြူးကာ မောင့်ကိုကျွေးပါသည်။ မောင်သည် ပေါင်မုန့် ထောပတ်သုတ်ကို အလွန်ကြိုက်သည်။ တစ်ခါလောက် ကျွေးရုံနှင့် မောင်စားမည် ထင်လျှင် မှားသွားလိမ့်မည်။ မောင်သည် တစ်ခါတစ်ရံ စိတ်ရှည်လက်ရှည် ကောက်နေတတ်၏။

“ မောင် ဆာနေမှာသိလို့ ဝယ်လာတာ စားနော် ”

သည်လောက်နှင့် မောင်စိတ်ကောက် မပြေတတ်ပါ။

“ ကဲ ... ကဲ ... နောက်တစ်ခါဆိုရင် မောင်မကြိုက်ဘဲ တစ်ယောက်တည်း ရုပ်ရှင်သွားမကြည့် တော့ဘူးနော် ”

မောင် စိတ်ကောက်မည် ဆိုလျှင်လည်း ကောက်ချင်စရာ၊ ကျွန်မသည် ရုပ်ရှင်ကားတစ်ကားကို ကြိုက်ပြီဆိုလျှင် မည်ကဲ့သို့ အခက်အခဲမျိုးရှိနေပါစေ ကြည့်ဖြစ်အောင် ကြည့်တတ်ပါသည်။ မောင်နှင့်ကျွန်မ အဖွဲ့ချင်း မတူသဖြင့် အားလပ်ချိန်ခြင်းလည်း မတူပါ။ ကျွန်မ အားလပ်ချိန်တွင် မောင်က ဆေးရုံမှာ ကျူတိုရီယယ် ရှိချင်ရှိမည်။ လက်ချာ ရှိချင်ရှိမည်။ သို့မဟုတ် အောင်ဆန်းဆောင်မှာ ဖဲဝိုင်းဖြစ်ချင် ဖြစ်နေမည်။ ကျွန်မကတော့ ကျွန်မ အားလပ်ချိန်ဆိုလျှင် အဖော်တစ်ယောက်ယောက် ခေါ်၍ ရုပ်ရှင်သွားကြည့်ပစ်လိုက်တာ ပါပဲ။ အဖော်လိုက်မည့်သူမရှိလည်း ကျွန်မတစ်ယောက်တည်း သွားကြည့်သည်။ ထိုအခါ မောင်က အရမ်းစိတ်ဆိုးသည်။



www.burmeseclassic.com

www.burmeseclassic.com



ပထမနှစ်ကတည်းက ခင်မင်ရင်းနှီးလာသော ကျွန်မနှင့် ဝါသနာတူ၊ စရိုက်တူ ယောကျ်ားလေး သူငယ်ချင်းနှင့် တမေ့တမြော လက်ဖက်ရည်ဆိုင်မှာ စကားပြောဖြစ်ကြလျှင်လည်း မောင်စိတ်ကောက်မည်။

"မိန်းကလေးကိုက မိန်းကလေးနဲ့ မတူဘူး။" ဟု ပြစ်တင်ရှုတ်ချမည်။

"မသင့်တော်တာဆို သိပ်လုပ်ချင်တယ်၊ နည်းနည်းမှ ထိန်းသိမ်းမှု မရှိဘူး" ဟု လူကြီးတစ်ယောက်လို မပြီးနိုင်မစီးနိုင် အပြစ်ဆိုနေတော့သည်။

" ရိုးရိုးသားသား စကားပြောတာပဲ ဥစ္စာ မောင်ကလဲ၊ သူ့မှာလဲ ရည်းစားနဲ့ မောင်လဲအသိ "

" မရှည်နဲ့ .... " တဲ့။

ကျွန်မက အနည်းငယ် စိတ်ကောက်ဖို့ ကြံရွယ်ဆဲ သူက အလျင် စိတ်ကောက်လေသည်။

"တကယ်ပါပဲတော်၊ ပထမနှစ်ကတည်းက ခင်လာတာ အခုပဲ ခုနှစ်နှစ်ရှိပြီ။ သူနဲ့ ရည်းစားဖြစ်မှပဲ ချုပ်ချယ်တာ ခံရတော့တယ်။ မကြုံဖူးပါဘူး။ ခင်စန်းဝင်းကဖြင့် ဝင်းမြင့်ထွန်းကို စိတ်မကောက်ပါဘူး၊ သူပဲ ငါ့ကို ကောက်ကောက်နေတော့တာပဲ " ကျွန်မက သူကြားလောက်အောင်၊ သိပ်လည်းမကျယ်အောင် အသံခပ်တိုးတိုးဖြင့် တတွတ်တွတ် ညည်းညူလျှင်လည်း သူကတော့ မကြားဟန် ဆောင်နေတာပါပဲ။



www.burmeseclassic.com

www.burmeseclassic.com



"ဘာတွေများ အရေးတကြီး ပြောစရာရှိလို့ နှစ်နာရီ သုံးနာရီကြာအောင် ထိုင်နေကြတာလဲ"

မောင်သည် ကျွန်မကို ယောကျ်ားလေး သူငယ်ချင်းနှင့် ပတ်သက်လျှင် အနည်းငယ်မျှ စိတ်မချတတ်ပါ။ မောင့်ကို ကျွန်မ ချော့ရသော နည်းများမှာ မမှတ်မိလောက်အောင် များပြားခြင်း မရှိပါ။ ကျွန်မသည် တစ်ခါတစ်ရံ ချော့နည်းတစ်ခုတည်းကိုသာ ထပ်တလဲလဲ သုံးတတ်ပါသည်။ ပေါင်မုန့်ထောပတ်သုတ်ကျွေး၍ ချော့သော အခြေအနေသည် သိပ်မဆိုးရွားသော ပဋိပက္ခ တစ်ခုတစ်လေအတွက် ဖြစ်သည်။ ရှုပ်ပွနေသော မောင့်အခန်းကို ရှင်းလင်း၍ မောင့်အဝတ်အစား တချို့ကိုသိမ်း၊ တချို့ကို လျှော်ဖွပ်၍၊ မောင့်အတွက် ညစာကို ပြင်ဆင်၍ ချော့ရပြီဆိုလျှင် ပဋိပက္ခ နည်းနည်းကြီးသာကြောင့် ဖြစ်သည်။

သိပ်စိတ်ဆိုးလျှင် မောင်သည် ထမင်းပန်းကန်များ၊ ချိုင့်များကို ပစ်ပေါက်ရိုက်ခွဲတတ်သေးသည်။ တစ်ခါတုန်းက ညဈေးတန်း စာအုပ်အရောင်းဆိုင်မှ ယောကျ်ားလေး သူငယ်ချင်းတစ်ယောက်နှင့် ပတ်သက်၍ အကြီးအကျယ် စကားများခဲ့ဖူးသည်။ ကျွန်မကတော့ ဤကိစ္စနှင့် ပတ်သက်၍ ကျွန်မအပြစ်မဟုတ်ဟု အမြဲယုံကြည်၏။ မောင်သည် ဈေးချိုဖြစ်စေ၊ တရုပ်တန်းညဈေးဖြစ်စေ ကျွန်မကို ဘယ်တော့မှ လိုက်မပို့တတ်ပါ။ မောင်က တစ်မျိုးပါပဲ။ မောင့်အတွက် စပို့ရှပ်ဝယ်လျှင်တောင် မောင် ဘယ်တော့မှ မလိုက်ချင်တတ်။ ထို့ကြောင့်လည်း ဈေးသွားလျှင် မောင့်ကို မခေါ်ဖြစ်ခဲ့ပါ။ ညဈေးမှာ စာအုပ်သွားဝယ်ခြင်း၊ သွားရောင်းခြင်း အမှုကိစ္စတို့၌ မောင့်ကို ဘယ်တော့မျှ


www.burmeseclassic.com

www.burmeseclassic.com



အားမကိုးခဲ့။ သူငယ်ချင်းနှင့်အတူ သွားစမြဲဖြစ်သည်။ ညစျေးသွားသောနေ့၏ နောက်တစ်နေ့တွင် ကျွန်မတို့နှစ်ယောက် စိတ်ဆိုးကြစမြဲဖြစ်သည်။

တစ်ခါမှာတော့ မောင်က "ညစျေးက ကောင်တွေက အလကားကောင်တွေ၊ နင် တစ်နေ့ ဒုက္ခရောက်မယ်" ဟူသောအဓိပ္ပါယ်မျိုး (မောင့်စကား အတိအကျအတိုင်း မမှတ်မိပါ) ကျွန်မကို ပြောလာသည်။ ကျွန်မက သူငယ်ချင်းဘက်မှ မခံမရပ်နိုင်ဖြစ်ပြီး မောင့်ကို ပြန်အော်မိသည်။

"မောင်နော် သူများကို အသားလွတ် မစော်ကားနဲ့၊ ထွန်းထွန်းက မောင့်ထက်တောင် ချစ်ကို နားလည်သေးတယ်၊ သိလား"

ဤစကားတစ်ခွန်းသည် မောင့်ကို ပြင်းထန်စွာ နာကျင်စေဟန်တူပါသည်။ မောင်က ကြောက်စရာ ကောင်းလောက်အောင် တောက်တစ်ချက်ခေါက်ပြီး ကျွန်မကို ရိုက်မလို လက်ရွယ်လိုက်သေးသည်။ ပြီးမှ သူ့စိတ်ကိုသူ ပြန်ထိန်းကာ ကျွန်မကို အကြာကြီး ငေးမောစိုက်ကြည့်နေခဲ့သည်။ ထိုအခါကျမှ ကျွန်မစကား မည်မျှ ပြင်းထန်စူးရှကြောင်း ရိပ်မိရသည်။ သို့သော် မတတ်နိုင်တော့ပါ၊ အခြေအနေအားလုံး လွန်ပြီးပြီ။ ကျွန်မ ငေးကြည့်နေဆဲ မောင်က ပြုံးပြသည်။ မောင့်အပြုံးကို ကျွန်မ မကြည့်ရက်ပါ။

"ကောင်းပြီလေ၊ ဒါဆိုလဲ မောင့်ထက် နားလည်တဲ့သူနဲ့ ဘာဖြစ်လို့ အတူမနေတာလဲ"



www.burmeseclassic.com

www.burmeseclassic.com



ထိုမျှသာ စကားတိုတိုလေးဆိုပြီး မောင်က ချာခနဲ လှည့်ထွက်သွားသည်။ ကျွန်မ ကြောင်ရပ်မနေဘဲ မောင့်နောက်က ချက်ချင်းအပြေးအလွှား လိုက်သွားခဲ့သည်။ အဲသည်တုန်းကများ ကျွန်မ ဘာလုပ်ရမှန်းမသိဘဲ တငိုင်ငိုင်တရယ်ရယ် ကျန်နေခဲ့လျှင် မောင့်နှင့်ကျွန်မ အလွန်စောစွာ လမ်းခွဲကြရမည်ဖြစ်ကြောင်း ပြန်တွေးမိတိုင်း ယခုတိုင် ရင်ဖိုထိတ်လန့်ဆဲ ဖြစ်သည်။

မှတ်မှတ်ရရ ထိုနေ့က မိုးရွာနေသည်။ မိုးရွာနေမှန်းလည်း ခြံအပြင်ရောက်မှ ကျွန်မတို့နှစ်ဦး သိကြသည်။ မောင်နှင့်ကျွန်မ နှစ်ဦး ဆေးအဖြူသုတ်ထားသော တံတားလေးပေါ်၌ ရုန်းရင်းဆန်ခတ် ဖြစ်နေကြသည်ကို ရေနီမြောင်းထဲမှ ချာတိတ်ကလေး နှစ်ဦးက အထူးအဆန်းသဖွယ် ကြည့်နေကြသည်။

" မောင် ဘယ်မှမသွားပါနဲ့၊ ချစ်ကို သနားပါဦးကွယ် "

"ခင်ဗျားကို နားမလည်တဲ့သူနဲ့ ဘာဖြစ်လို့ ဆက်နေချင်ရတာလဲ၊ သွားပါစေပေါ့"

"မဟုတ်ဘူး၊ ချစ် နောက်ကို မောင်မကြိုက်တာ ဘာတစ်ခုမှ မလုပ်တော့ပါဘူး။ အိမ်ထဲ ပြန်လိုက်ခဲ့ပါနော်။ မကျေနပ်ရင် ချစ်ကို ရိုက်ပစ်ပါ"

မောင် ကျွန်မကို ဘယ်တုန်းကမှ မရိုက်ဘူးပါ။ မိုးစိုရွှဲနေမှန်း ယခုမှ သတိရ သွားသော မောင်သည် မကောင်းတတ်၍ လိုက်လာရသော အမူအရာမျိုးဖြင့် ကျွန်မ ဘေးနားမှာ ပါလာသောကြောင့် ကျွန်မပျော်မိသည်မှာ ဘာနှင့်မျှနှိုင်း၍ ရမည်မထင်ပါ။ အခန်းပြန်ရောက်တော့ ငှငှငိုင်ငိုင်ကြီး မတ်တပ်ရပ်နေသော မောင့်ရဲ့အဝတ်စိုတွေ



www.burmeseclassic.com

www.burmeseclassic.com



ကျွန်မက ချွတ်ပေးလိုက်သည်။ လုံချည်ဆွဲချွတ်မည် ဟန်ပြင်တော့ မောင်က ကမန်းကတန်း ပြန်ဆွဲထားပြီး ...

" ကလေးမဟုတ်ဘူး၊ ကိုယ့်ဘာသာကိုယ်လဲမယ် " ခပ်ငေါက်ငေါက်ဆိုသည်။ မောင်ပုဆိုးလဲပြီးသောအခါ ကျွန်မက မောင့်ရေစိုအဝတ်များကို အခန်းအပြင်က ကြိုးတန်းမှာ သွားလှမ်းသည်။ ပြန်လာသည်အထိ မောင်ကတော့ မတ်တပ်ရပ်၍ မျက်မှောင်ကြုတ် နေဆဲ။ ကျွန်မ မျက်နှာသုတ်ပုဝါကိုယူ၍ မောင့်ဆံပင်ရေစိုများကို ခြေဖျားထောက်ပြီး မမီတမီ လှမ်းသုတ်ပေးသည်။ မောင်က မျက်နှာထား အနည်းငယ်မျှ မလျှော့ပါ။ အခါတိုင်းသာဆိုလျှင် " ပုလိုက်တဲ့အရပ်နော် " ဟု ကျွန်မကို စတတ်သော်လည်း ယခုအခါ အလွန်ငြိမ်သက် တွေဝေနေသည်။

" နေပါစေ၊ ခင်ဗျား ဆံပင်တွေလည်း စိုနေတာပဲ၊ ကိုယ့်ဟာကိုယ်သုတ် "

တည်ငြိမ်သော မျက်နှာထားနှင့် ခပ်ဆတ်ဆတ် ပြောလိုက်သောကြောင့် ကျွန်မစိတ်ထဲ အမြင်ကတ် လာမိသည်။ သို့သော် ကျွန်က ချော့ပြီဆိုလျှင် စိတ်ရှည်လက်ရှည် ချော့တတ်သူ မဟုတ်လား။

" မောင်က ချစ်ကို မုန်းသွားပြီလား ဟင် " မောင့် မေးစေ့လုံးလုံးလေးကို ဆွဲညှစ်၍ မေးလိုက်သောအခါလည်း မောင် ကျွန်မကို ငုံကြည့်ပြီး ဘာမှ ပြန်မပြောပါ။

" ချစ်ကို ခွဲမသွားရဘူးနော် မောင် "

" နောက်ကို မောင် မကြိုက်တာ ဘယ်တော့မှ မလုပ်တော့ဘူးနော်၊ နောက်တစ်ခါ လုပ်ရင် သတ်ပစ်လိုက် "

www.burmeseclassic.com



မောင် ခုတင်ပေါ် သို့ ခပ်ဖြေးဖြေး ထိုင်ချလိုက်သည်။ ကျွန်မကို အကဲခတ်သလို မျက်နှာချင်းဆိုင်၍ ကြည့်နေသည်။ ကျွန်မက မောင့်ကို တအားဖက်တွယ်ပြီး မောင့်ပါးကို နမ်းလိုက်သည်။ မောင်မပြုံးပါ။ ရုန်းလည်းမရုန်းပါ။ ထို့နောက် မောင့်နှုတ်ခမ်းကို ကျွန်မ နမ်းပါသည်။ ပထမတော့ မောင် ခပ်တည်တည် ငြိမ်သက်နေသေးသည်။ နောက်ပိုင်း ကျွန်မ မျက်နှာကို တွန်းဖယ်လျှက် ပြုံးလာပါသည်။ မောင် ဘာပြောတော့မည်ကို သိနေသော ကျွန်မကလည်း မောင့်ကို တအားပြန်ဖက်၍ မောင့်နှုတ်ခမ်းကို နမ်းပြန်သည်။

“ ဖယ်ပါကွာ၊ နမ်းလဲ မနမ်းတတ်ဘဲနဲ့ ”

“ အံမာ... နမ်းတတ်ပါ့ ”

မောင် မနေနိုင်တော့ပါ။ ကျွန်မကို တင်းကျပ်နေအောင် ဖက်ပွေ့ပြီး အသံထွက်အောင် ရယ်မောနေပါ တော့သည်။ မောင် စိတ်ကောက်ပြေနေပါပြီ။

“တော်တော်အူတဲ့ ကောင်မလေး”

မောင်က ကျွန်မကို ရင်ခွင်ထဲ မြုပ်နေအောင် ဖက်ထားရင်း ရယ်သံဟဟနှင့် စသည်။ ကျွန်မ မနမ်းတတ်သည်ကို ရည်ရွယ်ပြောခြင်း ဖြစ်ပါသည်။

“ ဟုတ်ပါရဲ့နော်၊ နမ်းတယ်ဆိုတာ ဒီလောက်ခက်မှန်း ရည်းစားထားမှ သိတော့တယ် ”

“ အို ... ဘယ်မှာ ခက်လို့လဲ၊ နင်ကိုက အ တာ ... တုံးတာ ”

ပြောပြီး မောင် တဟားဟား ရယ်သောအခါ ကျွန်မ သိပ်ရှက်သွားခဲ့ပါသည်။



www.burmeseclassic.com

www.burmeseclassic.com



# ဂျူး

# အမှတ်တရ

## အခန်း(၃)

*မောင်က*
*လိုက်ခဲ့ဟု*
*ခေါ်တုန်းကလည်း*
*မောင့်ဘေးမှာ ကျွန်မပါသည်။*

*မောင်က*
*နေရစ်ခဲ့ဟု*
*ဆိုပြန်တော့လည်း*
*မောင် စိတ်အနှောင့်အယှက်ဖြစ်မည့်*
*စာတစ်စောင်*
*စကားတစ်ခွန်းမျှ*
*မောင် မကြားရစေဘဲ*
*ကျွန်မ ငြိမ်သက်စွာ*
*နေရစ်ခဲ့တာ အမှန်ပါပဲ။*

*အဲသည်အထိ*
*ကျွန်မ မောင့်ကို*
*ချစ်မြတ်နိုးခဲ့ပါသည် မောင်။*



www.burmeseclassic.com

www.burmeseclassic.com



တစ်ခုသော တောင်ပေါ်မြို့ငယ်လေးတစ်မြို့မှာ မောင် နေထိုင်လျှက် ရှိသည်။ လှပဆန်းကျယ်သည်ဆိုသော မောင့်မြို့ကလေးကို ကျွန်မ ရုပ်ရှင်ထဲမှာသာ တစ်ခါ မြင်ဖူးပါသည်။ ခြံတံခါး တစ်ဘက်တစ်ချက်၌ ထင်းရှူးပင်နှစ်ပင် ယှဉ်၍ပေါက်နေသော တစ်ထပ်တိုက် ပုပုလေးကို မြင်လိုက်ရတုန်းကဆိုလျှင် " ဒါ မောင်နေတဲ့ အိမ်ကလေး များလား " ဟု လွမ်းဆွတ်ခြင်းကြီးစွာ အမှတ်ရလိုက်မိ သေးသည်။ ဒီပုံစံဟာ မောင်သိပ်ကြိုက်တဲ့ တိုက်အိမ်ပုံစံမျိုးပဲ။

မောင် အဲသည်မြို့ကလေးမှာ ရှိနေခြင်းကိုလည်း သတင်းစာထဲမှာ လက်ထပ်ပြီးစီးခြင်း ကြော်ငြာပါလာမှ သိရသည်။ တစ်ချိန်ချိန်၌ မလွဲမသွေ ရင်ဆိုင်ဖို့ မျှော်လင့်ထားသော သတင်းဖြစ်သော်လည်း တကယ်တမ်း တွေ့တွေ့ဆိုင်ဆိုင် ရင်ဆိုင်လိုက်ရသောအခါ ကျွန်မ မျက်လုံးများ ပြာဝေသွားခဲ့သည်။ ဆုံးရှုံးရပြီဟု သိလိုက်ရသော အချိန်မှာ ကျွန်မ မျက်ရည်ကျ၍ မဖြစ်သော နေရာဒေသ ဖြစ်နေ၍ တော်ပါသေးသည်။ (ကျွန်မသည် မောင် ခဏခဏပြောသလို မျက်ရည်သိပ်လွယ် လေသည်။) ထိုအချိန်က ကျွန်မ သမဝါယမဆေးခန်းမှာ ရှိနေသည်။ ထို့နေ့က မျက်ရည်မကျခဲ့ပါ။

မောင့်ဘဝနှင့် ကျွန်မဘဝကို တစ်ခုစီဟု ဘယ်တုန်းကမျှ မသတ်မှတ်ခဲ့ဖူးသော ကျွန်မသည် အဖြစ်အပျက်အမှန်ကို လက်ခံဖို့ လပေါင်းများစွာ အားယူခဲ့ရပါသည်။ နောက်တော့ မောင် အနီးအနားမှာ မရှိဘဲနဲ့ ကျွန်မ၏ သီးသန့်ဘဝကို အတားအဆီးမရှိ ဖြတ်ကျော်လာနိုင်ခဲ့သည်။ ကျွန်မက ဟန်ဆောင်ကောင်းပါသည်။



www.burmeseclassic.com

www.burmeseclassic.com



ကျွန်မသည် ပုံမှန်အတိုင်း သမဝါယမဆေးခန်းနှင့် ကိုယ်ပိုင်ဆေးခန်းတို့ကို စက်ရုပ်တစ်ခုကဲ့သို့ အချိန်မှန်စွာ လှုပ်ရှားအသက်ဝင် နေခဲ့သည်။ အိမ်နှင့် ဆေးခန်း အကြားတွင် ကျွန်မ၌ မည်သည့် အပူအပင်မျှ မရှိသလို ရယ်မောပျော်ရွှင်နေမည်။ လူမှုရေးကိစ္စများတွင် သာမန်အတိုင်း ပါဝင် ခဲ့သည်။ ကျွန်မတို့နှစ်ယောက်၏ ကျောင်းသားဘဝတုန်းက ရင်းနှီးမှုကို သိထားသော သူငယ်ချင်းများက ကျွန်မထံ စာဖြင့် လှမ်းရေးပြီး အံ့ဩသနား ကြသည်။ မောင်ထားရစ်ခဲ့သော ကျန်ရစ်သူ တစ်ယောက်အဖြစ် ကရုဏာသက်ကြသည်။ ကျွန်မ လာသမျှစာများကို လုံးဝမပြန်ခဲ့ပါ။

ဘယ်နှယ့်လုပ်ပြီး စာပြန်ရမလဲ။ မင်္ဂလာဆောင် ဖိတ်စာကလေးတောင် လှမ်းပို့ မခံရဘဲ သတင်းစာမှတဆင့် သိရသောအကြောင်းကို ဘယ်သူ့သွားပြီး ရင်ဖွင့်ရန် လိုအပ်ပါသလဲ။

အများအမြင်တွင် ကျွန်မသည် ကျောင်းသူဘဝကအတိုင်း ဘာမျှမပြောင်းလဲပါ။ နောက်ပြီး ကျွန်မ ယခုရောက်နေသော မြို့ကလေး၌ မောင်နှင့် ကျွန်မအကြောင်း ကြားဖူးသူ ရှိမည်မထင်ပါ။ ထို့ကြောင့်လည်း လူ့လောက ဝတ္တရားများကို သာမန်အတိုင်း ဆောင်ရွက် ကျင်လည်နေနိုင်ခဲ့၏။

တမ်းဆွတ် သတိရစိတ်များစွာ ပြည့်အန်လာသောအခါ ကျွန်မ မန္တလေးကို သွားမိမည်။ မောင် နေထိုင်ခဲ့သော နန်းရှေ့က တစ်ထပ် ပျဉ်အိမ်ကလေးဆီသို့ ကျွန်မ ရောက်လာတတ်မည်။ မောင် ထွက်သွားပြီး သည့်နောက် အိမ်လခ ကျပ် ၁၀၀ ဆိုသည်မှာ ကျောင်းသူဘဝတုန်းက များပြားသလောက် ဆရာဝန်ဘဝတွင် နည်းပါးလှသဖြင့် ကျွန်မကပဲ တောင်းတောင်းပန်ပန်နှင့် ဆက်ငှားထားခဲ့မိသည်။

www.burmeseclassic.com



ဘာအစိပ္ပါယ်နှင့် ကျွန်မ ပြုလုပ်မိမှန်း မသိသော်လည်း ကျွန်မအတွက် ဤအိမ်ကလေး ရှိနေမှ ဖြစ်မည်။ ဤအိမ်ကလေးသို့ တစ်နှစ်တွင် တစ်ခါ၊ သို့မဟုတ် နှစ်ခါ လာရသည်မှာ မောင့်ထံ လာရသလိုပင် ကျွန်မ ခံစားရသည်။

အိမ်ထဲ ဝင်လျှင်ဝင်ချင်း မောင့်ကိုယ်ငွေ့ အနံ့အသက်များကို ကျွန်မရမည်။ ဘုရားစင်တစ်ခုမှ လွဲ၍ တခြား အိမ်ထောင်ပရိဘောဂများ ပြည့်စုံပါဝင်သည့် ဤအိမ်ကလေးသည် ကျွန်မ အတွက်တော့ နွေးထွေးသော လွှမ်းဆွတ်ခြင်း တစ်ခုဖြစ်သည်။ ဤအိမ်သို့ရောက်လျှင် ကျွန်မသည် မြို့မှာကျန်ရစ်ခဲ့သော လူနာများကို လည်းကောင်း၊ ဆွေမျိုးများကိုလည်းကောင်း၊ လူမှုရေး ပြဿနာများကိုလည်းကောင်း သတိမရတော့ဘဲ ကျွန်မ၏ နှလုံးအိမ်နှင့် ဦးနှောက်မှာ မောင်တစ်ယောက်သာ ဝင်ရောက်နေတော့သည်။

မောင့်ကို ကျွန်မ မေ့ဖျောက်၍မရအောင် ချစ်ခဲ့သည်။ မေ့ပျောက်ဖို့ မကြိုးစားချင်လောက်အောင် မက်မောတွယ်တာခဲ့သည်။ နာကြည်းမုန်းတီး၍ မရလောက်အောင် မြတ်နိုး တမ်းတခဲ့သည်။

ကျွန်မချစ်သော မောင်သည် တောင်ပေါ်မြို့ကလေး တစ်ခုတွင် ကျွန်မနှင့် ဆန့်ကျင်စွာ ငြိမ်းချမ်းသာယာ ရှိနေလိမ့်မည်။ အထက်တန်းကျောင်းသားဘဝကတည်းက မောင် မြတ်နိုး၍ အသည်းအသန် လိုက်ယူခဲ့ရသည်ဟု သတင်းကြားသော မောင့်ဇနီးနှင့် ရယ်မောပျော်ရွှင် နေပေလိမ့်မည်။ အလုပ်မှ ပင်ပန်းစွာ ပြန်လာတိုင်း ချစ်စဖွယ်အပြုံးလေး နှင့် အရေးတယူ ဆီးကြိုနှုတ်သိမ့်မည့် လှပသောဇနီးကို မောင် ကျေနပ်မြတ်နိုးမဆုံး ရှိလိမ့်မည်။ ဆေးခန်းမှ ညကိုးနာရီဆယ်နာရီ အိမ်ပြန်ရောက်သောအခါတိုင်း အေးစက်



www.burmeseclassic.com

www.burmeseclassic.com



နေသော ထမင်းနှင့်ဟင်းကို ခြောက်ကပ်စွာ ကျွန်မစားနေချိန်တွင် မောင်ကတော့ မောင့်ဇနီး ပြင်ဆင်ကျွေးသော ပူနွေးသည့်ညစာ ချစ်သောဇနီးနှင့် စိုပြည်စွာ စားသောက်နေပေလိမ့်မည်။ အိပ်ရာဝင်အချိန်တိုင်း အိပ်ရာပေါ်တွင် အလျားမှောက်ကာ ခေါင်းအုံးတွင် ပါးအပ်၍ ငြိမ်သက်ရပ်တန့်စွာ ကျွန်မ အိပ်ပျော်ဖို့ကြိုးစားနေချိန်တွင် မောင်ကတော့ ချစ်ဇနီးကို ရင်ခွင်မှာပွေ့ဖက်၍ နှစ်နှစ်ခြိုက်ခြိုက် အိပ်မောကျနေပေလိမ့်မည်။ နံနက်အိပ်ရာထချိန် စားပွဲတင်နာရီ၏ နှိုးစက်မြည်သံဖြင့် ထိတ်လန့်တကြား ကျွန်မနိုးထချိန်တွင် မောင်ကတော့ ညင်သာသော အနမ်းတစ်ချက်ဖြင့် နှစ်သိမ့်စွာ နိုးထခဲ့ပေမည်။ စီစဉ်တကျမဟုတ်သော နံနက်စာကို ကြုံသလို ကျွန်မစားနေရ ချိန်တိုင်း မောင့်မှာတော့ အဆင်သင့် ပြင်ဆင်ကျွေးမွေးမည့် ဇနီးက ရှိနေသည်။ ကံဆိုးသော ပညာတတ်မိန်းမ တစ်ယောက်နှင့် ကံကောင်းသော ပညာတတ် ယောကျ်ားတစ်ယောက်သည် ဤမျှကွာခြားမှာပဲ မဟုတ်လား။

"မိန်းမဆိုတာပညာတတ်ဖို့မလိုဘူး၊ ရုပ်ချောဖို့ပဲလိုတယ်၊ မိန်းမပီသဖို့ပဲလိုတယ်" ရယ်သလိုမောသလို မကြာခဏ ကြွေးကြော်လေ့ရှိသော မောင်သည် သာမန်ဘွဲ့ရ တစ်ဦး ဖြစ်သည့် လုပသော မိန်းကလေးကို ရွေးချယ်တာ မှန်ကန်ပါသည်။

" ဒါဖြင့် ပညာတတ်ပြီး ရုပ်မချောတဲ့မိန်းမကို မောင်ဘာဖြစ်လို့ မောင့်ဘေးမှာ လက်တွဲခေါ်ခဲ့သေးလဲ "

မောင့်ကိုပြောချင်သော စကားများစွာထဲမှ သေးဖွဲ့သော စကားလေးတစ်ခွန်းသာ ဖြစ်ပါသည်။ ကျွန်မ စကားတစ်ခွန်းကြောင့် မောင် ထိခိုက်မည်ဆိုလျှင် ကျွန်မကို ကျွန်မ အပြစ်ဒဏ် ခတ်ပစ်လိုက်မည်။ ကျွန်မကြောင့် မောင် မတွေ့ဝေစေရပါ။



www.burmeseclassic.com

www.burmeseclassic.com



မောင့်ဆုံးဖြတ်ချက် သည် ကျွန်မကြောင့် မှားယွင်းမှု မရှိစေရပါ။ မောင် တစ်ခုခုမှားသည် ဆိုလျှင်လည်း ဤအမှားသည် မောင်ကိုယ်တိုင်ဖန်တီး ပြုလုပ်ခဲ့သော အမှားသာ ဖြစ်စေရမည်။

သို့သော် မောင့်ဘဝမှာ နောက်ထပ်အမှားဟူ၍ ရှိတော့မှာမဟုတ်။ ကျွန်မကို ချစ်ခဲ့ခြင်းသည်သာ မောင့်အတွက် အကြီးဆုံးအမှား ဖြစ်သည်။ အဘယ်ကြောင့်ဆိုသော် မောင့်နှင့်ကျွန်မသည် အစစအရာရာ ပေါင်းစပ်၍ မရနိုင်လောက်အောင် သီးခြားဖြစ်တည်နေခဲ့သောကြောင့်ဖြစ်သည်။(ဤအချက်ကိုလည်း အချိန်လွန်မှ နှစ်ဦးစလုံး ရိပ်မိခဲ့ရသည်)

မောင်က သူ့ချစ်သူကို မိန်းကလေး ပီသစေချင်သည်။

ကျွန်မသည် သနပ်ခါး လိမ်းဖို့ကိုပင် အလွန်ပျင်းရိသူဖြစ်ရာ မိန်းကလေးများ လိမ်းအပ်သည့် မိတ်ကပ်၊ ပေါင်ဒါ၊ ရေမွှေး၊ နှုတ်ခမ်းဆိုးဆေး စသည်တို့ကို စိတ်ကူးထဲ၌ပင် ထည့်ဖော်မရပါ။ အဝတ်အစား အဆင်အပြင်ကိုလည်း ကြုံသလို ကောက်ဝတ်သွားတတ်၏။ စိတ်နှလုံးနှင့် ဦးနှောက် အရည်အချင်းကိုသာ တန်ဖိုးထားတတ်သော ကျွန်မသည် ခန္ဓာကိုယ် အရေပြားပေါ်မှ အလှအပကို တန်ဖိုးမထားတတ်ခဲ့သည်မှာ အမှန်ပင်ဖြစ်သည်။ ပြင်ပအလှများကြောင့် ယောကျ်ားတစ်ယောက်နှင့် လွဲရမည်ဆိုလျှင် ဆယ်ခါပြန် လွဲလိုက်စမ်းပါစေ ဟူသော မာနတရားဖြင့် ရဲဝံ့စွာ ဘဝကို ဖြတ်သန်းခဲ့သော ကျွန်မသည် မောင့်ကိုချစ်မိသည်မှာလည်း မောင့်ကိုယ်ခန္ဓာ၏ အလှအပကြောင့် မဟုတ်ပဲ အမြဲတမ်း စူးရှလေးနက်သော မျက်လုံးနှင့် ထက်မြက်သော ဉာဏ်ပညာကြောင့်သာ ဖြစ်၏။ ချစ်သူရင်ခွင်မှာ နွဲ့မှီကြည်နူးသော အခြား မိန်းကလေးများ မည်ကဲ့သို့နေမည် မသိသော်လည်း

www.burmeseclassic.com



မောင့်ရင်ခွင်မှာ ဖက်တွယ်ကြည်နူး နေသော ကျွန်မကတော့ ကျွန်မတို့ နှစ်ယောက်မှ မွေးဖွားလာမည့် သား သို့မဟုတ် သမီးကို သိပ်ဉာဏ်ထက်မြက် ကြိုးစားမည့် ရင်သွေးအဖြစ် စိတ်ကူးပျော်ရွှင်နေခဲ့သော အချိန်က များလေသည်။

မောင်က မိန်းကလေး ပီသစေချင်လွန်းသော ကျွန်မသည် မီးဖိုချောင်တွင် ထမင်းဟင်း ချက်ပြုတ်ရင်း အချိန်ကုန်ဆုံးဖို့ ဝါသနာမပါသော မိန်းမတစ်ယောက်လည်း ဖြစ်သည်။ စနေ၊ တနင်္ဂနွေ ကျောင်းပိတ်ရက်များတွင် နန်းရှေ့အိမ်၌ မောင်နှင့်အတူ နေ့လယ်စာ စီစဉ်ချက်ပြုတ်ဖို့ တစ်ခါတစ်ရံမှသာ ဝါသနာပါ၏။ အများအားဖြင့် လွယ်ကူပြီးစီးသော၊ မောင်လည်း ကြိုက်တတ်သော ပေါင်မုန့်ကိုပင် အမျိုးမျိုး လုပ်စားခဲ့သည်။ ပေါင်မုန့်နှင့် ကော်ဖီကို ကျွန်မ ငြီးငွေ့လာသောအခါမှ မောင်ကြိုက်တတ်သည့် ငါးကြင်းသားဆီပြန် ဖြစ်စေ၊ ဝက်သားပဲငါးပိ ဖြစ်စေ၊ ငါးသလောက်ပေါင်း ဖြစ်စေ စိတ်လိုလက်ရ ချက်ကျွေးတတ် လေသည်။

မောင်က သူ့ချစ်သူကို ယောကျ်ားတကာနှင့် လက်ဖက်ရည်ဆိုင်အတူထိုင်တာ အလွန်စိတ်တိုတတ်သည်။ ကျွန်မကတော့ ဝါသနာတူ မိတ်ဆွေ (မိန်းမဖြစ်စေ၊ ယောကျ်ား ဖြစ်စေ) တစ်ဦးဦးနှင့် ရုပ်ရှင်အကြောင်း၊ စာအုပ်အကြောင်း၊ နောက်ဆုံး သီချင်းတိပ်ခွေများ နှင့် ဂီတအကြောင်းအထိ တမေ့တမော စကားထိုင်ပြောဖို့ အတွက် ဝန်မလေးတတ်။

ကျွန်မ ဝတ္ထုများကို ဖတ်၍ ကျွန်မကို လေးစားသော၊ မိတ်ဆွေဖွဲ့ချင်သော လူငယ်များက တစ်ခါတရံ အဆောင်သို့ လာရောက်တတ်သည်။ ကျွန်မသည် မောင်မကြိုက်မှန်း သိသောကြောင့် အကြောင်းတစ်ခုခုပြ၍ ရှောင်ရန် ကြိုးစားခဲ့ဖူး


www.burmeseclassic.com

www.burmeseclassic.com



သော်လည်း မအောင်မြင်ပါ။ မည်သူမည်ဝါဟုမသိဘဲ လက်ခံစကားပြောဖို့ ကျွန်မတာဝန်ဖြစ်သလို၊ အရေးတယူ အထင်တကြီး ခင်မင်မြင်ဖူးလိုစွာ လာရောက်သော စာဖတ်သူအား တုံးတိစွာ စကားဆက် ဖြတ်မပစ်ဖို့လဲ ကျွန်မ တာဝန်ပင် ဖြစ်သည်။ တစ်ခါတစ်ရံ မောင်က ကျွန်မကို ပါလာထဲမှာ လာရှာသောအခါ ကျွန်မ စကားဖြတ်၍ နှင်လို့ရ၏။ မောင်က လိုက်မလာပဲ ဗာဒံပင်အောက်မှ ရပ်ကြည့်ပြီး ဒေါသတကြီး ထွက်သွားပြီဆိုလျှင် ကျွန်မ မျက်နှာမပျက်အောင် အတင်းဟန်ဆောင် ထားခဲ့ရ၏။ ဤကိစ္စနှင့် ပတ်သက်၍ စကားများကြလျှင် မောင်ဘယ်တော့မှ အလျှော့မပေးပါ။

"သွားစမ်းပါ၊ မင်းပရိသတ်က မိန်းမကို မရှိဘူး၊ ယောကျ်ားချည်းပဲ " ဟု ဒေါသတကြီး ရေရွတ်၏။ ကျွန်မ ဘာမျှ ပြန်မပြောတတ်ပါ။

" ဝိဇ္ဇာ – သိပ္ပံ တက္ကသိုလ်မှာ မိန်းမတွေလဲ အများကြီး၊ မင်းဆီလာသမျှ ပရိသတ်ကတော့ ယောကျ်ားချည်းပဲ" ဟု မလိုတမာပြောတိုင်း ကျွန်မကတော့ အပြုံးမပျက် နှစ်သိမ့်မြဲဖြစ်၏။

ဝတ္ထု၊ မဂ္ဂဇင်း ဖတ်ဖို့ ဝါသနာမပါသော မောင်သည် လစဉ်ထုတ် မဂ္ဂဇင်းတို့ကို လှန်လှော၍ ကျွန်မဝတ္ထုကို ရှာလေမည်လား။ မဂ္ဂဇင်းတစ်ခုကို ကြည့်ပြီဆိုလျှင် ကာတွန်းကိုသာ ဦးစားပေး ဖတ်သော မောင်သည် ကျွန်ဝတ္ထုများကိုတော့ ဝတ္တုရားမပျက် ဖတ်ရှုခဲ့ပါသည်။ တစ်ခါတရံ "ဘာတွေရေးထားတာလဲဟင်" ဟု မကွယ်မဝှက် ညည်းညူလေ့ ရှိသော မောင်၏ ပွင့်လင်းရိုးသားဟန်ကို ကျွန်မ ချစ်မြတ်နိုး၏။



www.burmeseclassic.com

www.burmeseclassic.com



“ချစ်ရေးတဲ့ ဝတ္ထုတွေ မောင် မကြိုက်ဘူးလား” ဟု ခပ်သောသောမေးလျှင် မောင်က ကလေးဆန်စွာ မျက်နှာရှုံ့ပြတတ်သည်။

“ ကြိုက်ဖို့နေနေသာသာ ဘာတွေရေးထားမှန်းတောင် မသိဘူး” တဲ့။

မောင်ဟာလေ အရမ်းကိုချစ်ဖို့ကောင်းတာပဲဟု ကျွန်မက ရယ်မောရင်း မှတ်ချက်ချလျှင် မောင်ရှက်သွားပြီး “ဘာလဲဟ” ဟု ရေရွတ်တတ်၏။ အများတကာက မကြာခဏ တိုက်တွန်းမှ ပြောလွန်းမှ ...

( ‘ချစ်’ ကို လူတွေက ပြောနေတယ်၊ စာရေးကျဲလို့ ဆိုလားပဲ။) ဟု တစ်ဆင့်စကားဖြင့် ရိုးသားစွာ တိုက်တွန်းတတ်သော မောင်သည် ကျွန်မနှင့် ဝေးကွာနေသော မောင့်ငြိမ်းအေးမှုအတွင်း၌ ကျွန်မ၏ နာမည်ကို သတိတရရှိဖို့တော့ တော်တော်ခဲယဉ်းမှာပါ။ မဂ္ဂဇင်းထဲမှ ကျွန်မရေးသော ဝတ္ထုဖြင့် ကျွန်မကို သတိရအောင်ကလည်း မဖြစ်နိုင်။ မောင်နှင့်ဝေးကွာခဲ့ရသည့် (၃)နှစ်အတွင်း မောင်လက်မထပ်မီ ဝတ္ထုတိုတစ်ပုဒ်၊ မောင်လက်ထပ်ပြီး ဝတ္ထုတိုတစ်ပုဒ်သာ ထည့်ဖြစ်၏။ မောင်လက်ထပ်ပြီး မဂ္ဂဇင်းမှာပါသော ဝတ္ထုကလည်း ဟိုးအလျင်ကတည်းက ရေးပြီးသား စာမူကြမ်းကို အနည်းငယ် ပြင်ဆင်မွမ်းမံခဲ့ခြင်းပင် ဖြစ်လေသည်။ အကြောင်းတိုက်ဆိုင်၍ ကျွန်မကို မောင်သတိရခဲ့လျှင် ဘာဖြစ်လို့ ဝတ္ထုမရေးတော့ပါလိမ့်ဟု နားလည်စွာ စိတ်မကောင်းဖြစ်နေမည်လား၊ (ဤသည်မှာ ရှူးနှမ်းသော ထင်မြင်ချက်တစ်ခုသာဖြစ်၏။

ဘာပဲဖြစ်ဖြစ် ရှားပါးလှစွာသော တစ်ခါတရံမှာတော့ မောင် ကျွန်မကို သတိရမှာပါ။ ဥပမာ ... မောင့်လူနာတစ်ယောက်သည် ကျွန်မနှင့်နာမည် ဆင်တူနေလျှင်ပေါ့။



www.burmeseclassic.com

www.burmeseclassic.com



နောက်ပြီး ယိုးဒယားဖိနပ် ခွာမြင့်ဦးချွန် စီးထားသော အရပ်ပုပုကောင်မလေးများကို မြင်လျှင်ပေါ့။ သို့မဟုတ်လည်း မန္တလေးသို့ ဆင်းသည့် ရက်ပိုင်းများတွင် မောင်နှင့်ကျွန်မ သွားခဲ့သော နေရာများကို မြင်လျှင်ပေါ့။ တရုတ်တန်းက ဖက်ထုပ်ကြော်ဆိုင်မှာ ကျွန်မကို သတိရစိတ်ဖြင့် မောင် ဖက်ထုပ်ကြော်သွားမစားဘူးဟု မည်သူက ငြင်းဆိုနိုင်မည်လဲ။ ဖက်ထုပ်ကြော် စားနေသည့် တစ်ညနေခင်းတုန်းက ခပ်လှမ်းလှမ်းမှ မြို့နယ်သမဝါယမ ဆေးခန်းထဲမှ ထွက်လာသော အဘ (သမားတော်ကြီး ကို လေးစားကြောက်ရွံ့စိတ်ဖြင့် နှစ်ဦးသား မျက်နှာချင်းဆိုင်ဖို့ ရှက်ရွံ့စွာ ထွက်ပြေးခဲ့ရခြင်း အကြောင်းကို မောင် သတိရချင် ရနေလိမ့်မည်။ အလုပ်သင်ဆရာဝန် ဘဝတုန်းက ကျွန်မကိုမြင်တိုင်း မောင့်နာမည်ဖြင့် သူဘယ်မှာ ဟောက်ဆာဂျင်လုပ်သလဲဟု သတိတရမေးတတ်သော အဘသည် မောင်တစ်ဦးတည်း မြင်လျှင်လည်း ကျွန်မနာမည်ဖြင့် ဘယ်မှာ ဆေးခန်း ဖွင့်နေသလဲဟု သတိတရ မေးဦးမှာ သေချာလှပါသည်။ ထိုအခါ မောင်က "အဲ...အဲဒါ ကျွန်တော်မသိဘူး အဘ" ဟု ရိုးသားစွာဖြေလိမ့်မည်။ တတွဲတွဲနေခဲ့ကြသော ချစ်တပည့် နှစ်ဦးအား မည်သည့်ဆရာကမှ ကွဲကွာစေလိုမည် မဟုတ်ပါ။

မန္တလေးရောက်တိုင်း 'သင်းပျံ့' အအေးဆိုင်မှာ ရေခဲမုန့် သွားစားဖို့ မောင် သတိရချင်လည်း ရနေမှာပေါ့။ ဈေးချို မလွယ်ပေါက်က မြီးရှည်ဆိုင်သို့ မုန့်စားဖို့ သက်သက် ကျွန်မကို လိုက်ပို့ခဲ့ဖူးသည်ကို သတိရချင် ရနေမည်။ ဝင်းလိုက်ရုပ်ရှင်ရုံ ဘေးက အုန်းနို့ခေါက်ဆွဲဆိုင်မှာ ပြင်သစ်ရုပ်ရှင်မင်းသား အေလိန်းဒီလွန်နှင့် ပတ်သက်ပြီး ကျွန်မတို့ နှစ်ယောက် စိတ်ဆိုးစိတ်ကောက်ခဲ့ဖူးကြောင်း သတိရမိလျှင် မောင် စိတ်လွတ်ကိုယ်လွတ် ပြုံးရယ်မိလေမလား။ မောင် လက်ထပ်ထားသော မောင့်ချစ်ဇနီးကတော့ မောင် စိတ်ကောက်ရလောက်အောင် ရုပ်ရှင်မင်းသား



www.burmeseclassic.com

www.burmeseclassic.com



တစ်ယောက်၏ မျက်လုံးနှုတ်ခမ်း အမူအရာမှ စိတ်သဘောထားအထိ စိတ်ဝင်တစား ကောက်ချက်ချ ချီးကျူးလိမ့်မည် မထင်ပါ။

တောင်သမန်အင်းရေ တက်စအချိန်တွင် မယ်ဇယ်ပင်အောက် ရေစပ်နံဘေးတစ်ခုဌ် နှစ်ယောက်အတူထိုင်၍ ဘာစကားမှ မပြောဘဲ တစ်ယောက်ကို တစ်ယောက် ပွေ့ဖက်မှီနွဲ့ရင်း ငြိမ်သက်နေခဲ့ဖူးကြောင်း မောင် သတိရချင် ရလိမ့်မည်။ ထိုအခါ ကျွန်မအပေါ် သနားကြင်နာစိတ်ကလေး အနည်းငယ် ဝင်ရောက်လျှင်ပင် ကျွန်မ ကျေနပ်ပြီ။

မောင့်အခန်းမှာ ကျွန်မကို သတိရလွမ်းဆွတ်စိတ်ကြောင့် အလွမ်းပြေကြည့်ရန် ထားဖို့ဆို၍ ဗွတ်တရွတ် တောင်းခဲ့သော ကျွန်မဓါတ်ပုံ ဘယ်များရောက်နေပါလိမ့်။ မောင် မန္တလေးမှ ပြန်စဉ်တုန်းက ကျွန်မ ပြန်တောင်းထားလိုက်ဖို့ သတိရသော်လည်း မကောင်းတတ်ဘူး ထင်သည်။ အက်ကြောင်းပေါ်နေသည်ကို မြင်နေရပြီ ဖြစ်သော ကျွန်မအနေဖြင့် အက်ကြောင်း ပိုမိုကြီးထွား ကွဲပြတ်မသွားအောင် အတတ်နိုင်ဆုံး ထိန်းသိမ်းခဲ့မိသည်။ အိမ်ထောင်သည်ဘဝ ရောက်မှ ရည်းစားဟောင်း၏ ဓါတ်ပုံကို တသသ လွမ်းဆွတ်နေမည့် အရေအတွက် နည်းပါးလှသော ယောကျာ်းအမျိုးအစား ထဲတွင် မောင် မပါဝင်မှန်း ကျွန်မ သိပါသည်။ မောင်သည် အနည်းငယ်မှ စိတ်ကူးမယဉ်တတ်ပါ။ အမြဲလက်တွေ့ကျဖို့ ကြိုးစားနေသူ တစ်ယောက် ဖြစ်သည်။ ဖြစ်နိုင်သည်မှာ ကျွန်မ ဓါတ်ပုံကို မောင် မီးရှို့ပြီး ဖြစ်မှာပါ။

ကျောင်းသားဘဝတုန်းက မောင်၏ 'ရိုက်စ်တာ' နားကျပ် နားထောင်ခွက်ပြား ကလေးအောက်မှာ 'ဂျေ' ဟူသော အနီရောင် စာလုံးလေး တစ်ခု ထည့်ထားခဲ့ပါသည်။



www.burmeseclassic.com

www.burmeseclassic.com



ဆေးရုံမှာ နားကျပ်ကို အသုံးပြုတိုင်း ထွင်းဖောက်မြင်နေရသော 'ဂျေ' ဟူသည့် စာလုံးကလေးကို ကြည့်၍ ဆရာတစ်ဦးက "ဟော့ ... ဂျေဆိုတာ မင်းနာမည်တော့ မဟုတ်ဘူးကွနော်၊ မင်းရည်းစားနာမည် မဟုတ်လား၊ ဘယ်သူတဲ့လဲ " ဟု ရယ်မော၍ မေးခဲ့သည် ဆို၏။

အခုတော့ မောင့်နားကျပ်မှာ 'ဂျေ' စာလုံးလေး ရှိချင်မှ ရှိတော့မည်။ သို့မဟုတ်လည်း အင်္ဂလန်ပြည်ဖြစ် 'လစ်တ်' နားကျပ်ကို ပြောင်းလဲ အသုံးပြုနေပြီ ဖြစ်ချင်ဖြစ်မည်။ တစ်ခုသေချာသည်မှာ မောင်ကိုင်သော ပြဌာန်းစာအုပ်တိုင်း၏ပထမဆုံး စာမျက်နှာ ညာဘက်ထိပ်တွင် 'ဂျေ' ဟူသော စာလုံးများကတော့ အခုထက်ထိ ရှိနေပါလိမ့်မည်။ မောင် ဖဲပေါင်ရိုက်သော ပြဌာန်းစာအုပ်တိုင်း ကျွန်မ ပြန်ရွေးပေးပြီး ကျွန်မ ပြန်ရွေးပေးသော စာအုပ်တိုင်း မောင်က ကျွန်မ နာမည်စာလုံး ရေးထားသောကြောင့် ဖြစ်ပါသည်။ ဒါက မောင့်စာအုပ် မဟုတ်တော့ဘူးလေ၊ ချစ်စာအုပ်ဟု မောင်က မချိုမချဉ် ပြောလေ့ရှိပါသည်။ ဘာပဲဖြစ်ဖြစ် မောင်သည် စာလုံးများကို ဆုတ်ပစ်သည်အထိ ကျွန်မအပေါ် စိတ်နာဖွယ် အကြောင်းမရှိပါ။

မောင့်ကို နာကျည်းမည်ဆိုလျှင် နာကျည်းထိုက်သော ကျွန်မကလည်း မောင် မွေးနေ့လက်ဆောင် ပေးခဲ့ဖူးသော ဂစ်တာလေးကို ရိုက်ချိုးပစ်ဖို့ ကျွန်မ စိတ်မကူးခဲ့ပါ။ အစွဲအလမ်း ကြီးမားလှသော ကျွန်မသည် မောင်ဝယ်ပေးသော ကနုကမာ လက်ခတ်ပြား (ပက်ထရမ်) လှလှလေးကိုပင် မဖောက်ရက်၊ ဖောက်ရက် အပေါက်ဖောက် နိုင်လွန်ကြိုးကလေးဖြင့် ချည်၍ မပျောက်ပျက်အောင် ဂစ်တာနှင့် တွဲချည်ထားခဲ့သည်။ ရယ်စရာကောင်းနေသည်မှာ မောင်နှင့်ပတ်သက်သမျှ အသေးအမွှား ပစ္စည်းကလေးများ



www.burmeseclassic.com

www.burmeseclassic.com



(ရေချိုးရင်း စီးသော ရော်ဘာဖိနပ်ကအစ) ကျွန်မထံမှာ မကွဲကွာ ရှိနေပါလျက် မောင်ကိုယ်တိုင်ကတော့ ကျွန်မနှင့် မိုင်ပေါင်းများစွာ ဝေးသော တောင်ပေါ်မြို့ငယ်ကလေး၌ ကျွန်မကို မေ့လျော့နေခြင်း၊ နောက်ပြီး ကျွန်မ ဘယ်လို ကျန်ရစ်ပါ့မလဲဟု အနည်းငယ်မျှ ပြန်ငဲ့မကြည့်ခဲ့ခြင်း ဖြစ်လေသည်။ ဘယ်သူတွေ ဘာပြောပြော မောင့်ချစ်သူမှာ ကျွန်မ ဖြစ်ခဲ့ရသောကြောင့် မောင်ကံကောင်းသည်။

မောင်က လိုက်ခဲ့ပါဟု ခေါ်တုန်းကလည်း မောင့်ဘေးမှာ ကျွန်မ ပါသည်။ မောင်က နေရစ်ခဲ့ဟု ဆိုပြန်တော့လည်း မောင် စိတ်အနှောင့်အယှက်ဖြစ်မည့် စာတစ်စောင်၊ စကားတစ်ခွန်းမျှ မောင်မကြားရစေဘဲ ကျွန်မ ငြိမ်သက်စွာ နေရစ်ခဲ့တာ အမှန်ပါပဲ။ အဲသည်အထိ ကျွန်မ မောင့်ကို ချစ်မြတ်နိုးခဲ့ပါသည် မောင်။



www.burmeseclassic.com

www.burmeseclassic.com



# ဂျူး

# အမှတ်တရ

## အခန်း(၄)

*မောင် မစဉ်းစားမိဘူးလားကွယ်။*
*မောင်နှင့် တစ်လလောက်*
*ခွဲရမှာကိုပင်*
*မျက်ရည်ကျမိအောင်*
*ဝမ်းနည်းထိခိုက်လွယ်သော*
*ကျွန်မသည်*
*မောင်နှင့်*
*တစ်သက်လုံးခွဲရလျှင်*
*ဘယ်လိုများ*
*နေရစ်ခဲ့ပါ့မလဲဟု*
*မောင်နည်းနည်းမျှ*
*ပြန်မငဲ့ကြည့်မိဘူးလား။*



www.burmeseclassic.com

www.burmeseclassic.com



မြန်မာအချစ်ဝတ္ထု၊ နိုင်ငံခြား အချစ်ဝတ္ထုမျိုးစုံ ဖတ်ဖူးခဲ့သော ကျွန်မအနေဖြင့် အချစ်ဟူသည် ရနံ့သင်းမွှေးသော ပန်းခြံအောက်တွင်ဖြစ်စေ၊ သာယာအေးချမ်းသည့် ခရမ်းရောင် ညနေခင်း တစ်ခုတွင် ဖြစ်စေ၊ နှင်းငွေ့များ အုံ့ဆိုင်းနေသည့် နံနက်ခင်း တစ်ခုတွင်ဖြစ်စေ လှပစွာ တည်ရှိနေလိမ့်မည်ဟု အထင်ရောက်ခဲ့ဖူးသည်။ သို့မဟုတ် လျှင်လည်း ရေခဲငွေ့များဖြင့် အေးစိမ့်စိုလက်နေသော သောက်လက်စ ဖျော်ရည်ဖန်ခွက် တစ်ခွက် အတွင်းမှာဖြစ်စေ၊ ရေမွှေးနံ့သင်းသော လက်ကိုင်ပုဝါတစ်ခုအတွင်းမှာ ဖြစ်စေ ရှိလိမ့်မည်ဟု အထင်ရောက်ခဲ့ဖူး၏။

တကယ်တမ်းကျတော့ အချစ်ဆိုတာ အင်မတန် အံ့ဩဖွယ်ရာပါပဲလား၊ ပူအိုက်သော ၂နာရီအချိန် နေ့လယ်ခင်း တစ်ခု၏ ကြောက်မက်ဖွယ်ရာ နံစော်လှသော လူသေခွဲစိတ်ခန်းတစ်ခုထဲတွင် အချစ် ဖြစ်တည်လာခဲ့သည်။ ဖော်မလင်ဆေးနံ့ နံစော်၍ အော်ကလီဆန်ဖွယ်ရာ ခန္ဓာဗေဒ ခွဲစိတ်ခန်းထဲမှာ၊ ဆရာဆရာမတို့၏ ဥာဏ်စမ်းမေးခွန်းများထဲမှာ၊ လှပဆန်းကြယ်သော အချစ်တစ်ခု စတင်ဖြစ်ပေါ်ခဲ့ရသော အကြောင်းသည် ကြည်နူးဖွယ်လည်းကောင်း၍ ရယ်မောဖွယ်လည်း ကောင်းပါသည်။

ကျွန်မသည် ခန္ဓာဗေဒကို အလွန်မုန်း၏။ လက်ငါးလုံးမက ထူသော ဂရေးအနာတမီခေါ် စာအုပ်ကြီးကိုလည်းကောင်း၊ အမှည့်လွန်၍ ပျော့ပြဲနေသော သီးမွှေးငှက်ပျောသီး၏ အန်ချင်စရာ အနံ့မျိုးနှင့် ပုပ်အဲ့သော လူသေအနံ့ ရောထားသည့် ခန္ဓာဗေဒ ခွဲစိတ်ခန်း၏ အနံ့ကိုလည်းကောင်း၊ အသားမျှင်များ တစ်စစီ ဖြာထွက်နေသော လက်များဖြင့် မျက်လုံးဟောက်ပက်နှင့် လူသေအလောင်းများကို လည်းကောင်း၊ အလွန်ကြောက်တတ်သူ ဖြစ်ပါသည်။ ကျွန်မ အလွန် ကြောက်လန့်တုန်လှုပ်သော

www.burmeseclassic.com



ခန္ဓာဗေဒ ခွဲစိတ်ခန်းကို တရင်းတနှီး ချစ်လာအောင် စိတ်ဝင်စားလာအောင် မောင်က ပြုပြင်ပေးခဲ့သည်ဟု ဆိုလျှင် မောင်ကတော့ ရယ်မောမြဲဖြစ်၏။ ဟုတ်သည်။ ကျွန်မသည် မောင်နှင့် ပတ်သက်ပြီးမှ ခန္ဓာဗေဒကို ချစ်တတ်လာသူ ဖြစ်၏။

ခန္ဓာဗေဒ ခွဲစိတ်ခန်းသည် စာသင်ခန်းတစ်ခုထက် နှစ်ဆနီးပါးရှည်သော အခန်းကြီးတစ်ခု ဖြစ်သည်။ ထိုအခန်းထဲတွင် စာသင်ခုံတန်းများ မရှိ။ စားပွဲများမရှိ။ လူသေတင်ပြီး ခွဲစိတ်ရသော ကုတင်ဟု ကျွန်မတို့ခေါ်သော ခုံမြင့်ရှည်များသာ တစ်ဘက်တစ်ချက်တွင် တန်းစီ၍ထားသည်။ ကျောင်းသား ဆယ်ယောက် သို့မဟုတ် ဆယ့်နှစ်ယောက်ခန့် ပါဝင်သော အုပ်စုကလေးများကို ခွဲထားပြီး တစ်ဖွဲ့လျှင် ဆရာတစ်ယောက်က ခေါင်းဆောင်၍ စာသင်ပေးရပါသည်။

ကျွန်မတို့ အဖွဲ့နှင့် မောင်တို့အဖွဲ့သည် အမြဲလိုလို ဟိုဘက်တန်း သည်ဘက်တန်း မျက်စောင်းထိုး နေရာလောက်တွင် ရှိနေတတ်ပါသည်။ ပထမ တစ်နှစ်ခွဲလုံးလုံး တစ်ယောက်နှင့် တစ်ယောက် ဘာသိဘာသာ နေခဲ့ကြသော ကျွန်မနှင့် မောင်သည် ဒုတိယနှစ်ကျမှ အသိအမှတ်ပြုသော မျက်လုံးများနှင့် အစပြု ခဲ့သည်။ ကျွန်မကို တစ်စုံတစ်ယောက်က လှမ်းကြည့်နေသလို ခံစားရတိုင်း ခွဲစိတ်ခုံပေါ်သို့ ခေါင်းငုံ့ကြည့်နေရာမှ ခေါင်းထောင်ကာ ဟိုဟိုသည်သည် ရှာဖွေ ကြည့်မိတတ်၏။ ထိုသို့ ကြည့်မိတိုင်းလည်း ခပ်လှမ်းလှမ်းမှ ကျွန်မဆီ ငေးငေးနေသော မောင့်ကို တအံ့တသြ တွေ့ရသည်။

ပထမတော့ ကျွန်မ မယုံမကြည် ဖြစ်နေမိသေးသည်။ မောင့်မျက်ဝန်းများကို မြင်ရလျှင် ရင်သိမ့်သိမ့်ခုန်သွားပြီး နှုတ်ခမ်းဖျားများ ခြောက်သွေ့သွားသည်မှာ ကျွန်မ



www.burmeseclassic.com

www.burmeseclassic.com



အလွန်တရာ ပျော့ညံ့လွန်းသောကြောင့် ဖြစ်မှာပါ။ မောင်ဟာ ကျွန်မကို လှမ်းကြည့်တာမှ ဟုတ်ရဲ့လား၊ အနည်းငယ်မသေမချာ ဖြစ်ခဲ့ရသေးသည်။ အဝတ်အစားများကို (ဒုတိယနှစ်ရောက်မှ) သပ်သပ်ရပ်ရပ် ဝတ်တတ်ပြီး လှလှပပ ကြော့ကြော့လေး နေတတ်သည့် မောင်သည် အဝတ်အစား ကပိုကရို၊ မျက်နှာမှာ သနပ်ခါးမရှိသော၊ ရုပ်ရည် နှစ်သက်စွဲလန်းဖွယ်ရာ တစိုးတစေ့မျှ မရှိသည့် ကျွန်မကို ဘာကြောင့်များ စိတ်ဝင်တစား ကြည့်နေရပါသနည်း။

အဓိပ္ပါယ်ဖော်ရခက်သော မျက်လုံးများဖြင့် ကျွန်မ မောင့်ကို လှမ်းလှမ်းကြည့်သောအခါ မျက်ဝန်းချင်း ဆုံမိပြီဆိုလျှင် ရက်တတ်သောမောင်က အလျင် မျက်လုံးလွှဲလေ့ရှိပါသည်။ ဘာပဲဖြစ်ဖြစ် နောက်တော့ မောင်စိတ်ဝင်စားသူမှာ ကျွန်မဟု အနည်းအကျဉ်း ရိပ်မိလာရသည်။ များများစားစား ရိပ်မိရအောင်လည်း အခြေအနေ မပေးပါ။ ဆရာဦးတင်မောင်ရင်က စာသိပ်မေးပါသည်။

သည်လိုနှင့် ခန္ဓာဗေဒ ခွဲစိတ်ခန်း ရောက်တိုင်း စာသိပ်မေးသော ဆရာကို မျက်နှာချင်း မဆိုင်မိအောင် ရှောင်ရသော အလုပ်အပြင် မောင်နှင့် မျက်လုံးခြင်းဆုံဖို့ ခပ်ရှက်ရှက်ဖြင့် ကြိုးစားရသော အလုပ်တစ်ခုပါ ပိုလာသည်။ တစ်ခါတစ်ခါ ကျတော့ အရုပ်ပုသော ကျွန်မသည် ကျွန်မတို့ လူအုပ်ကြားတွင် ပျောက်ကွယ်နေသည့်အခါ အရပ်ရှည်သွယ်သော မောင်သည်ပင်လျှင် ခြေဖျားထောက်၍ ထောက်၍ ကြည့်ရတတ်ပါသည်။ တစ်ခါတလေတော့ ဆရာဦးကိုလေးက အဖွဲ့တစ်ခုခုသို့ ဝင်ရောက်လာပြီး စာသင်ခြင်းတစ်လှည့်၊ စာမေးခြင်းတစ်လှည့် ပြုလုပ်တတ်၏။



www.burmeseclassic.com

www.burmeseclassic.com



တစ်နေ့တာ ခန္ဓာဗေဒ သင်ခန်းစာများ ပြီးစီးနေသော ကျောင်းသား၊ ကျောင်းသူများ ဆရာ့အနီးသို့ ရောက်သွားတတ်၏။ ဆရာ့စကားကို အားလုံး ဝိုင်းနားထောင်တတ်ကြသည်။ ထိုအခါ မောင်ကလည်း ဆရာရှိရာသို့ လာ၍ နားထောင်တတ်ပါသည်။ မောင့်အာရုံက ဆရာ့ဆီမှာ ရှိချင်ရှိနိုင်မည်ဖြစ်သော်လည်း မောင့်မျက်လုံးကတော့ ကျွန်မဆီမှာပဲ ရှိနေတတ်၏။ ကျွန်မ ရယ်ချင်သည့်အခါ မောင့်ဆီမှ မျက်လုံးလွှဲပစ်ကာ ကျိတ်ရယ်လေ့ ရှိပါသည်။ ကျွန်မ ပြုံးရယ်လျှင် မောင်ကလည်း ရှက်သလို မချိုမချဉ်ပြုံး၍ မျက်နှာ ချက်ချင်းလွှဲပစ်တတ်သည်။

တစ်ခါတုန်းက မောင်နှင့်ကျွန်မ တစ်ယောက်နှင့်တစ်ယောက် မျက်နှာချင်းဆိုင် အကာအကွယ် မရှိ ခပ်လှမ်းလှမ်းမှာ တည်ရှိနေခဲ့ ကြဖူး၏။ မောင်နှင့် သိပ်တွဲသော မောင့်သူငယ်ချင်း အံ့ကျော်က တမင်တကာ မောင်ရှေ့သို့ ဝင်ရပ်ပြီး မောင့်မြင်ကွင်းကို ကွယ်ပစ်လိုက်၏။ မောင်သည် အလွန်တရာ ချစ်ဖို့ကောင်းအောင် ရှက်ရယ်ရယ်လျက် မောင့်သူငယ်ချင်းကို ရှေ့မှ တွန်းဖယ်ထုတ်ပစ်ခဲ့ဖူးလေသည်။ အဲဒီတုန်းက ကျွန်မ ရှက်လည်းရှက်၊ ပျော်လည်းပျော်ပြီး မောင့်ကိုလည်း နင့်နင့်သည်းသည်း ချစ်မိနေမှန်း ပထမဆုံးအကြိမ် ကတိပြုမိခဲ့ပါသည်။

မောင့်ကို ချစ်မိပြီဟု ကိုယ့်ကိုယ်ကို ဝန်ခံလိုက်ရသောနေ့က ကျွန်မ အကြီးအကျယ် တုန်လှုပ်သွားပါသည်။ ဘာကြောင့် ချစ်မိမှန်းလည်း မသေချာ သောကြောင့် အနည်းငယ် နားမလည်နိုင်ပါ။ မောင့်အပြုအမူ အနေအထိုင်က အစ ကျွန်မ အသေးစိတ် ချစ်မိသွားတာက အလွန်သေချာပါသည် မောင်။



www.burmeseclassic.com

www.burmeseclassic.com



ပထမနှစ်ကတည်းက ကျွန်မသူငယ်ချင်း ခင်စန်းဝင်းက ခဏခဏ ပြောလွန်း၍ မောင့်နာမည်ကို ကျွန်မ သိခဲ့ရပါသည်။ ခင်စန်းဝင်းက အကောင်းပြောခြင်း မဟုတ်ပါ။ အတင်းအုပ်ခြင်းသာ ဖြစ်၏။ မောင့်ကို ခင်စန်းဝင်းက ဟင်နရီဒူးနန့် နှစ် ဟု ခေါ်ပါသည်။ (ဟင်နရီဒူးနန့် တစ် သည် အဲဒီတုန်းက ခင်စန်းဝင်းနှင့် ရည်းစား မဖြစ်သေးသော ကျွန်မသူငယ်ချင်း ဝင်းမြင့်ထွန်း ဖြစ်ပါသည်။) ကြက်ခြေနီနှင့် မဆိုင်ပါ။ စာသင်ရင်း ဒူးလှုပ် ခြေလှုပ် လှုပ်နေတတ်သောကြောင့် ဖြစ်၏။ နောက်ခုံတန်းက တစ်ချိန်လုံးလှုပ်နေသောအခါ သူမ၏ ခုံကပါ လိုက်လှုပ်၍ မူးနောက်လာသည်ဟု ခင်စန်းဝင်းက စိတ်တိုသဖြင့် ပြောပြဖူး၏။ အဲဒီတုန်းကတော့ ကျွန်မနှင့်မောင် တစ်ချိန်ချိန်မှာ ပတ်သက်လာလိမ့်မည်ဟု မည်သူမျှ မထင်ခဲ့ကြ။ ကျွန်မနှင့်မောင် ရည်းစားဖြစ်သောအခါ မောင် ဒူးလှုပ်လျှင် ကျွန်မက မောင့်ကို ဆိတ်ဆွဲတတ်သောကြောင့် မောင်အနည်းငယ် ထိန်းချုပ်လာ၏။ (သို့သော် ဖဲရိုက်နေရင်း တစ်ခါတစ်ခါ လှုပ်နေတတ်ပါသေးသည်။) ကျွန်မ ပြောချင်တာက ကျွန်မ ဘယ်လိုမှ မကြိုက်သော အကျင့်ဆိုးတစ်ခု မောင့်ဆီမှာ ရှိနေလျက်နှင့် ထိုအကျင့်ဆိုးကိုပင် ချစ်စဖွယ် ဖြစ်လာအောင် မောင်က ကျွန်မအပေါ် လွှမ်းမိုးနိုင်သည် ဆိုတာပါပဲ။

နောက်ပြီး ခန္ဓာဗေဒ ခွဲစိတ်ခန်းမှာ လက်တွေ့ခွဲစိတ်ရလျှင် တစ်တန်းလုံး ဂျူတီကုတ်အဖြူ ဝတ်ရသည်။ ဂျူတီကုတ် မပါလာလျှင် ဌာနမှူး ဆရာ ဦးခင်မောင်စိန်က အခန်းထဲမှ ထွက်သွားခိုင်းပါသည်။ ဒုတိယနှစ်မှာ ဂျူတီကုတ်က ဖက်ရှင်တစ်ခု ဖြစ်သဖြင့် လူတိုင်းကော့ပျံနေအောင် မီးပူထိုးပြီး သပ်သပ်ရပ်ရပ် ဝတ်ထားကြသည့် အထဲတွင် မောင့်ကိုတော့ ကြေမွနေသော အကျီဖြင့် တစ်ခါတစ်ခါ တွေ့ရ၏။ လျှော်ဖွပ်ပြီး မီးပူမတိုက်ရသေး၍ ကြေမွခြင်းမျိုး မဟုတ်ပါ၊



www.burmeseclassic.com

www.burmeseclassic.com



လုံးထွေးပစ်တင်ထားပြီး ကြေမွသော ပုံစံသာ ဖြစ်၏။ ဘာပဲဖြစ်ဖြစ် မောင့်ကျတော့ ချစ်ဖို့ကောင်းသွားတပါပဲ။ တခြားသူများ ဂျူတီကုတ်ကို ပခုံးပေါ်တင်ထားလျှင် ကျွန်မ ကြည့်မရသော်လည်း မောင့်ကိုကျတော့ ကျွန်မ သိပ်ကြည့်ကောင်းနေ ပါသည်။ အချစ်ဆိုတာ မျက်နှာလိုက်တတ်၏။

ဆေးကျောင်းသားကျောင်းသူများ၏ ရုပ်ရည်ကို ကျွန်မက သုံးမျိုးသုံးစား ခွဲထား၏။ ချောမောလှပခြင်းနှင့် မဆိုင်ပါ။ တချို့ကျောင်းသားများသည် ကျောင်းသားဘဝမှာကတည်းက ဆရာဝန်ရုပ် ရှိနေတတ်၏။ တချို့ကျောင်းသားများသည် ဆရာဝန်ဖြစ်ပြီးလျှင်တော့ ဆရာဝန်နှင့် တူလာမည့်ရုပ်ရည် ရှိ၏။ တချို့ကျောင်းသားများသည် ဆရာဝန်ဖြစ်ပြီး သေသည့်တိုင်အောင် ဆရာဝန်ရုပ် တစ်စက်မျှ ပေါက်မည်မဟုတ်။ ဤသုံးမျိုးကို ကျွန်မက ဥပမာအဖြစ် ပြောပြဖူး၏။

ဥပမာ ပေါ့ဟာ၊ ခင်သွယ်သိန်းကိုကြည့်၊ သူဆိုရင် ဆရာဝန် မဖြစ်သေးဘူး ဆရာဝန်နဲ့ တူနေပြီ၊ မဟုတ်ဘူးလား။ သူက နံပါတ် (၁) အမျိုးအစားထဲမှာ၊ ဥပမာ နင်တို့နှစ်ယောက် (ခင်စန်းဝင်းနှင့် မဌေးဝင်း တို့ကို ဆိုလိုပါသည်။) အခု ဆရာဝန်ရုပ်မထွက်သေးဘူး။ ဒါပေမယ့် နင်တို့ ဆရာဝန် ဖြစ်ရင်တော့ ဆရာဝန်ရုပ် ထွက်လာတော့မှာ သေချာတယ်။ အားကိုးချင်စရာ ပေါ့ဟယ်။ နင်တို့က နံပါတ် (၂) အမျိုးအစားဟ။ ဒါဖြင့် နံပါတ် (၃) ကရောဟု မေးလိုက်တော့ နံပါတ် (၃)ကတော့ ငါပေါ့ဟယ်။ အခုလဲ ဆရာဝန်နဲ့ မတူဘူး။ ဆရာဝန်ဖြစ်လဲ တူမှာမဟုတ်ဘူး။ ကျွန်မတို့ သုံးယောက်လုံး ရယ်မောမိကြသည်။

www.burmeseclassic.com

www.burmeseclassic.com



ယောကျာ်းတွေကျရောဟု မေးကြပြန်၏။ ကျွန်မက မျက်နှာတည်တည်နှင့် ဖြေပါသည်။ အေး ... ဝင်းမြင့်ထွန်းကတော့ ငါ့လိုပဲဟ။ ဆရာဝန်ဖြစ်ပြီးလည်း ဆရာဝန်နဲ့ တူမှာ မဟုတ်ဘူး။ (ခင်စန်းဝင်းက ကျွန်မကို မျက်စောင်းထိုးကာ မသိချင်ယောင်ဆောင်ထား၏။) အဲ ... လှစိုးညွန့်ကတော့ ဆရာဝန် ဖြစ်ပြီးရင် ဆရာဝန်ရုပ် ပေါက်လာမှာ သေချာတယ်။ (မဌေးဝင်း စပ်ဖြဲဖြဲနှင့် ရယ်သည်ကို ကျွန်မ မသိချင်ယောင်ဆောင်ရပြန်၏။) ဆရာဝန် မဖြစ်ခင်ကတည်းက ဆရာဝန်နဲ့ တူနေတာကတော့ ယောကျ်ားလေးထဲမှာ တစ်ယောက်တည်းရှိတယ်။ 'ဘယ်သူတုန်း' ပြိုင်တူမေးကြ၏။ ကျွန်မက ခပ်တည်တည် မျက်နှာထားဖြစ်အောင် ကြိုးစားလျက် မောင့်နာမည်ကို ဖြေလိုက်သောအခါ နှစ်ယောက်လုံးက ကျွန်မကို ဝိုင်းဆဲကြတော့သည်။

ကျွန်မ၏ တွယ်တာမြတ်နိုးမှုကို ပထမဆုံး မောင် ရိပ်မိသွားသောနေ့ကို ကျွန်မတို့ နှစ်ယောက်လုံး အမှတ်ထင်ထင် သတိရနေကြပါသည်။ တစ်သျှူးဗေဒ (ဟစ်စကိုလိုဂျီ) လက်တွေ့ခန်းမှာ ဖြစ်ပါသည်။ လူပေါင်း ၁၄၀ကျော်ရှိသည့်အတွက် အဖွဲ့ခွဲ၍ အခန်းနှစ်ခုမှာ စာသင်ကြရပါသည်။ ကံကောင်းထောက်မစွာ မောင့်နံပါတ်သည်

ကျွန်မတို့၏ အဖွဲ့နှစ်ထဲသို့ ကပ်ပါလာခဲ့သည်။ ရှုံးသုံး ကျွန်းစားပွဲခုံ အရှည်များကို တစ်ခုနှင့်တစ်ခု နီးကပ်စွာဆက်၍ ခုံတန်းရှည်ကြီး ဖြစ်အောင် လုပ်ထားပြီး ဘေးနှစ်ဘက် တစ်ဖက်တစ်ချက်စီတွင် တစ်တန်းစီ၊ အလယ်တွင် တစ်တန်း၊ အလျားလိုက် သုံးတန်းခွဲ၍ လက်တွေ့လုပ်ကြရ၏။ မောင်သည် ဝင်ပေါက်ဘက် မဟုတ်သော ပြတင်းဘက်နံရံက အတန်းတွင်ရှိပြီး ကျွန်မက အလယ်စားပွဲခုံတန်း ဖြစ်၏။ အဏုကြည့်မှန်ပြောင်း (မိုက်ကရိုစကုပ်များ) ကို ပြတင်းပေါက်များ ရှိသော

www.burmeseclassic.com



ဘက်သို့ လှည့်ထားသောကြောင့် မောင်သည် ပြတင်းပေါက်ကို မျက်နှာမူလျက် (ကျွန်မကို နောက်ကျောပေးလျက်) ရှိသည်။

ကျွန်မသည် အလယ်ခုံတန်း မောင့်နောက်တည့်တည့်မှ မောင်ရှိရာဘက်သို့ မျက်နှာမူလျက် (အခန်းဝင်ပေါက်များကို ကျောပေးလျက်) ရှိသည်။ ထိုနေ့က မောင်သည် ယောကျ်ားလေးတစ်ယောက်နှင့် မည်သို့မျှ မသက်ဆိုင်သော နီညိုရောင် အကျီလက်ရှည်၊ အနက်ရောင်များသော နီညိုရောင် ဘောင်းဘီတို့ကို ဝတ်ဆင်ထားခဲ့၏။ (ထိုဝတ်စုံမှာ တတိယနှစ် အမ်ဘီရောက်သည့် အခါ ဖဲ့ရှုံးသွား၏။) မောင်သည် ဆလိုက်ပြားကို ကြည့်နေရာမှ တစ်ချက်တစ်ချက် ခေါင်းငဲ့၍ ကျွန်မကို ပြန်ပြန်လှည့်ကြည့် နေပါသည်။ မောင်တစ်ချက်ကြည့် လိုက်တိုင်း ကျွန်မ နှလုံးသားက ဒိတ်ခနဲ ဆောင့်တိုးတတ်၏။ ကြာတော့ ကျွန်မ မျက်နှာပူနွေးလာပြီး မောင့်ကို မကြည့်ပဲ မိုက်ကရိုစကုတ်ကို သဲသဲမဲမဲ ကြည့်နေခဲ့၏။ ကျွန်မသည် အတော် အူကြောင်ကြောင်နိုင်၏။ ဆလိုက်ကို ကြည့်နေပြီး ဘာမှ မမြင်ရသည်မှာ ကျွန်မမျက်စိများ ရက်စိတ်ဖြင့် ပြာနေသောကြောင့်ဟု ထင်ခဲ့၏။ အနည်းငယ် ရယ်မောစရာ ကောင်းသွားသော အဖြစ်အပျက်တစ်ခု ကံဆိုးစွာ မောင့်ရှေ့မှာ ဖြစ်ခဲ့သည်။

“ ဘယ့်နှယ်လဲ တွေ့ရဲ့လား ချာတိတ် ” ဆရာ ဝွန်လုခိုင်က ကျွန်မ နောက်နားသို့ ရောက်လာသည်။

“ ဟင့်အင်း ” ကျွန်မ ရိုးသားစွာ ဖြေပါသည်။ ဆရာက ကျွန်မ၏ မိုက်ကရိုစကုတ်ကို ငုံ့ကြည့်သည်။ ထို့နောက် ဟက်ခနဲရယ်လျက် ကျွန်မ၏ ခေါင်းကို လက်ခေါက်ဖြင့် မနာအောင် ခပ်ဖွဖွထု၏။



www.burmeseclassic.com

www.burmeseclassic.com



" ကြည့်စမ်း မင်းဆလိုက်ထဲမှာ အလင်းရောင်မှမဝင်တာ ဘယ့်နှယ်လုပ် မြင်ရမလဲ၊ ဒီရှေ့ကမှန်ကို ဒီလိုရွှေ့လေ၊ မင်းဘယ်စိတ်ရောက်နေသလဲ "

ကျွန်မ အရမ်းရှက်ကာ ရယ်ရမလို ငိုရမလို ထူပူသွား လေသည်။ မောင်က နောက်ကျောပေးထားရာမှ လှည့်ကြည့်၍ သူ့ထုံးစံအတိုင်း မချိုမချဉ် ပြုံးနေ၏။ ဆရာ့ပြောစကားက တိုးတိုးလေးပေမယ့် မောင်နှင့် ကျွန်မအဘေးက တစ်ယောက်နှစ်ယောက်တော့ လုံလောက်စွာ ကြားရပါလိမ့်မည်။ ပြုံးနေသော မောင့်ကို အမြင်ကတ်ကတ်နှင့် မျက်စောင်းထိုးပစ်လိုက်မိတော့သည်။

ဤအဖြစ်အပျက်နှင့် ပတ်သက်၍ နောက်ပိုင်းကျတော့ မောင်က ကျွန်မကို မကြာခဏ စတတ်သည်။

" ကောင်မလေးတစ်ယောက် ငါ့ကို ရိုတ်နေတာနဲ့ပဲ မိုက်ကရိုစကုတ်တောင် မချိန်တတ် တော့ဘူး "

" ဟာ ... ဘာမှန်းလည်းမသိဘူး မောင်နော် "

မောင်က ကျွန်မ ဆွဲဆိတ်မည့်လက်ကို ဖမ်းဆွဲထား၍ တဟားဟား ရယ်မောလေသည်။

မောင်က စကောလားရှစ်ပ် (ပညာသင်ဆု) ရသူ။ ကျွန်မက စတိုင်ပင် (ပညာသင်ထောက်ပံ့ကြေး ) ရသူ။ တစ်ခါတစ်ရံ ငွေသွင်းဌာနတွင် ငွေလာထုတ်ရင်း ကျွန်မတို့နှစ်ယောက် ဆုံတတ်ကြသည်။ (မဆုံလျှင်လည်း ဆုံအောင် မောင်က ဖြစ်ဖြစ်၊ ကျွန်မက ဖြစ်ဖြစ် ဖန်တီးတတ်သည်။) တစ်ခါတော့ မောင်က ညစ်သည်။

www.burmeseclassic.com



စတိုင်ပင်စာအုပ်သည် မောင်နှင့်လည်း မဆိုင်ပါဘဲနှင့် စကောလားရှစ်ပါ စာအုပ်အောက်တွင်ခံ၍ မောင် အေးအေးဆေးဆေး စာရွက်ဖြည့်နေသည်။ ကျွန်မ မောင့်ကို ဘာမှ မပြောရဲသောကြောင့် မောင် မြန်မြန်ပြီး၍ ထွက်သွားရန်သာ စိတ်စောနေသည်။

မောင်သည် တံဆိပ်ခေါင်းကပ်တာလည်း အကြာကြီး ဖိနေသည်။ လက်မှတ်ထိုးတော့လည်း အကြာကြီး။ ကျွန်မ မျက်နှာကို တစ်ချက်မှလည်း လှည့်မကြည့်။ ထို့နောက် စာအုပ်ကို ဝန်ထမ်းဆီ လှမ်းပေးတော့လည်း စတိုင်ပင် စာအုပ်ကိုပါ တစ်ထပ်တည်း ပေးလေသည်။ ကျွန်မ မောင့်ကို အမြင်ကတ်လှပြီ။ နောက်တော့ ဝန်ထမ်းဆီက တစ်ခါ ပြန်တောင်းယူရသည်။ ကျွန်မ စာရွက်ဖြည့်နေစဉ် မောင်က ပိုက်ဆံထုတ်ပြီး၍ ပြန်ထွက်သွားဖို့ပဲ ရှိသည် မဟုတ်လား။

သို့သော် မောင် မပြန်သေး။ စာအုပ်လှန်၍ ကျွန်မ နာမည်ရှာနေစဉ် မောင်က စာအုပ်ထဲ ငုံ့ကြည့်၏။ ဘယ်သူတော့ ထုတ်ပြီးပြီ။ ဘယ်သူတော့ မထုတ်ရသေးဘူး။ ဘယ်သူ့စတိုင်ပင်က ဘယ်သူ့ဆီ ဖဲပေါင်ရိုက်ထားတာ စသဖြင့် မောင့်ဘေးက ပါလာသူကို ရယ်ရယ်မောမော ပြောနေ၏။ အင်မတန် ရဲတင်းသည့် မောင်ပါ။ ကျွန်မကလည်း ခပ်လှမ်းလှမ်းက ဆိုရင်သာ မောင့်ကို ကြည့်ရဲသူ။ အနီးကပ်နေလျှင် မောင့်ကို မော်၍ပင် မကြည့်ရဲသူ။ ကျွန်မ ကြောက်လေ မောင်က ရဲတင်းလေ ဖြစ်မှာ။ မောင် မကောင်းဘူးနော်။

မောင်က ကျွန်မနှင့် ပတ်သက်လျှင် ဉာဏ်လည်းများတတ်၏။ ကျွန်မက မောင့်ကို မမြင်ချင်ယောင် ဆောင်လျှင် မမြင်ဘဲ မနေရအောင် မောင်က ကြံတတ်၏။ ခန္ဓာဗေဒ လူတွေ့စစ်ဆေးခြင်းသည် တစ်ပတ်တစ်ခါလောက် စစ်တတ်သည်။ ခန္ဓာဗေဒ



www.burmeseclassic.com

www.burmeseclassic.com



ခွဲစိတ်ခန်း အကျယ်ကြီးထဲမှာ ဆရာနှစ်ယောက်စီ ခွဲပြီး အဖွဲ့ ငါးဖွဲ့ခြောက်ဖွဲ့ထား၍ တစ်ယောက်ချင်း စစ်ဆေးလေ့ ရှိပါသည်။

ခုံနံပါတ်များကိုလည်း ခြောက်အုပ်စုလောက် ခွဲလိုက်သောအခါ ခုံနံပါတ်နောက်ကျသူများလည်း အဖွဲ့၏ ထိပ်ဆုံးမှာ ရောက်၍ ဖြေပြီးချင်ပြီးသွားသည်။ မောင်က အလျင်ဖြေပြီးသွားလျှင် ကျွန်မ စာကျက်နေသော စင်္ကြံလမ်း၌ ခေါက်တုံ့ခေါက်ပြန် လျှောက်တတ်ပါသည်။ အလိုလိုမှ စာကမရသည့် ကြားထဲ သူက အဲလိုလျှောက်၍ ကြည့်ပြီဆိုသောအခါ ဘယ့်နှယ်လုပ်ပြီး စာထဲ စိတ်ရောက်တော့မှာလဲ။ နောက်ပြီး ကျွန်မ ဖြေဖို့ အလှည့်ရောက်လျှင် မှန်ပြတင်းပေါက် နောက်ကွယ်ခပ်လှမ်းလှမ်းမှ စိတ်ပူသလို ကြည့်နေတတ်သည်။

မောင် ကြည့်နေ၍များ ကျွန်မ စာတွေ ကသောင်းကနင်း ဖြေမိလျှင် ဘယ်တော့မျှ အောင်မှာ မဟုတ်။ ဆရာ့မျက်နှာကိုသာ ကြည့်၍ ဖြေရသည်။ ဒုတိယနှစ် တစ်နှစ်ခွဲလုံးလုံး အပတ်စဉ် ခန္ဓာဗေဒ လူတွေ့စာမေးပွဲ များစွာ ရှိသည့်အတက် မှတ်လောက်သားလောက်အောင် မောင်ရော ကျွန်မရော တစ်ပြိုင်တည်း ကျဖူးပါသည်။

ကျွန်မတို့ကျောင်း၏ ထုံးစံအရ ခန္ဓာဗေဒဌာန ကြော်ငြာသင်ပုန်းတွင် စာရွက်ကပ်ပြီး အောင်စာရင်း ထုတ်ပြန်ပေးပါသည်။ မနက်ဖြေလျှင် ညနေဆို ကြော်ငြာစာရွက်ကပ်ပြီးနေပြီ။ ထိုစာရွက်တွင် နှစ်မျိုးသာပါ၏။ ထူးချွန်စွာ ဖြေနိုင်သူများ ဟူသော အုပ်စုနှင့် ကြိုးစားရန်လိုသေးသူများ ဟူသော အုပ်စု ဖြစ်ပါသည်။ ကျန်အလယ်အလတ်များကို ကြော်ငြာသင်ပုန်း၌ မကပ်ပေးပါ။



www.burmeseclassic.com

www.burmeseclassic.com



အံ့ဩစရာကောင်းလောက် အောင် ဘယ်တုန်းကမှ မကျဖူးသော မောင့်နာမည်နှင့် ကျွန်မနာမည်ကို အထက်အောက် တွေ့ရသည်။ 'ကြိုးစားရန် လိုသေးသူများ' အောက်တွင် ခုံနံပါတ်၊ ကျောင်းသားနာမည်၊ ဖြေဆိုသော ဆရာနာမည်။ ထိုနေ့က မောင်သည် ဆရာမ ဒေါ်မြင့်မြင့်ဝင်းနှင့် ဖြေရပြီးကျ၏။ ကျွန်မက ဆရာ ဦးထင်အောင်နှင့် ဖြေရပြီး ကျ၏။ အဲဒီတုန်းက ဖြစ်နိုင်လျှင် အဲသည် စာရွက်ကလေးကို ဆုတ်ခွာ၍ သိမ်းထားလိုက်ချင် ပါသည်။ မောင့်ကို ပြောပြတော့ မောင်က ရယ်မောပြန်ပါသည်။ တော်တော် စိတ်ကူးယဉ်ပါလားတဲ့။

သိပ်စိတ်ကူးယဉ်တတ်သော ကျွန်မကို မောင်ပေးသော ပထမဆုံး ရည်းစားစာမှာ အခန်းနံပါတ်မပါဘဲ ကျွန်မအဆောင်သို့ ရုတ်တရက် ရောက်လာခဲ့၏။ (ကျွန်မ နာမည်နောက်တွင် ကွင်းစ၊ ကွင်းပိတ်နှင့် မြို့နာမည်၊ အတန်းတို့ ထည့်လိုက်ရုံဖြင့် ကျွန်မဆီ ရောက်ပါသည်။) ကျွန်မ မှတ်မိသလောက် ရာပြည့်ကွင်းတွင် ကျင်းပသည့် မူးယစ်ဆေးဝါးပြပွဲရှိ ဆေးတက္ကသိုလ် ပြခန်းတွင် ကျွန်မတို့ တာဝန်ကျသည့် ည၏ နောက်တစ်ပတ်တိတိအကြာတွင် ဖြစ်သည်။ ထိုနေ့ညက ညနေ ငါးနာရီမှ ည ၁၁နာရီ အထိ မောင်နှင့်ကျွန်မ နီးကပ်စွာ ရှိနေခဲ့ပါသည်။ ကွယ်ရင်မေ့ပြီး တွေ့ရင်သေအောင် လွမ်းပြတတ်သူဟု (ပထမဆုံး အကြိမ်) ကျွန်မ နာမည်ပေးမိသော ညလည်း ဖြစ်ပါသည်။

မောင်သည် စာရေးမညံ့ပါ။ သို့သော် စာရေးကောင်းသူတစ်ဦးလည်း မဟုတ်။ မောင့်စာကို ဖတ်ပြီး ထိုညက ကျွန်မ အိပ်မပျော်ပါ။ အရမ်းပျော်နေသောကြောင့် ဖြစ်သည်။ စာက တစ်မျက်နှာပင် မပြည့်တတ်ပါ။ ကျွန်မကို ချစ်မြတ်နိုးမိသည့် အကြောင်းကို ရိုးစင်းစွာပင် ရေးသားထား၏။ မောင့်လက်မှတ်ကို ကျွန်မ ကျောင်းခေါ်ချိန်



www.burmeseclassic.com

www.burmeseclassic.com



စာရွက် လက်မှတ်များတွင် မှတ်မိနေလို့သာပေါ့။ မောင်က စာအောက်ခြေတွင် နာမည်လေးမျှပင် ရေးဖော်မရချေ။

သူငယ်ချင်းများကို မောင့် ပထမဆုံးစာရလျှင် အအေးတိုက်မည်ဟု ကတိခံပြီး ဖြစ်သော်လည်း ထိုအချိန်က ဖေဖော်ဝါရီလကြီး ဖြစ်သဖြင့် အခြေအနေအရ ဆီချက်ခေါက်ဆွဲတစ်ပွဲစီ ကျွေးလိုက်ရပါသည်။ မောင့်စာရကတည်းက ကျွန်မ စာပြန်ချင်လှပြီ။ (ကျွန်မက လုံးဝ မမူတတ်သူ ဖြစ်ပါလိမ့်မည်။) သူငယ်ချင်းများက တားထား၏။

“ အခုချက်ချင်း စာရ၊ အခုချက်ချင်း စာပြန်လို့ ဘယ်ဖြစ်မလဲ။ နင်ကလဲ မိန်းကလေးဆိုတာ မူရတယ်တဲ့ ” ဘာညာ အကြံဉာဏ်ပေးကြ၏။

ကျွန်မစိတ်ကို ကွေးကောက်နေအောင် ထိန်းချုပ်၍ သူငယ်ချင်းများ၏ အမိန့်အရ ဒုတိယအမ်ဘီ အတန်းတင် စာမေးပွဲကြီးအပြီး အောင်စာရင်းထွက်သော နေ့က စာပြန်လိုက်လေသည်။ စာပြန်တော့လည်း မောင့်အခန်းနံပါတ်ကို ကျွန်မ မသိ။ အောင်ဆန်းဆောင်မှန်းသာ သိသည်။ (အဲသည်တုန်းက မောင် အဆောင်နေသေးသည်) မောင်စာထည့်သလို မောင့်နာမည့်ရဲ့ နောက်က ကွင်းစ၊ ကွင်းပိတ်ထဲမှာ မောင့်မြို့နာမည် နှင့်မောင့်အတန်းတို့ကို ရေးပေးလိုက်သည်။

နောက်တစ်နေ့ ဇီဇဝါဆောင်သို့ မောင်ရောက်လာပါသည်။ ကျွန်မ အဲသည်နေ့က မောင့်ကို ဆင်းတွေ့ဖို့ မိနစ် ၂၀လောက် စဉ်းစားယူရသည်။ ကျွန်မ မောင့်ကို မျက်နှာချင်း မဆိုင်ရဲလောက်အောင် ရှက်နေခဲ့ပါသည်။ အချစ်ဟူသည် ရှက်စရာဟု ကျွန်မ



www.burmeseclassic.com

www.burmeseclassic.com



မထင်ခဲ့ဖူးသော်လည်း မောင့်ကို ချစ်တယ် ... ဟူသော စာကလေးတစ်ကြောင်း ရေးလိုက်မိသောကြောင့် ကျွန်မ မျက်နှာပူနွေးခဲ့ရသည်။ အဆောင်ရှေ့က ဗာဒံပင်အောက်မှာ မောင် အကြာကြီး ရပ်စောင့်နေသည်ကို ကျွန်မ အခန်း ပြတင်းနောက်ကွယ်မှ ချောင်းကြည့်ရင်း ရင်ခုန်မောပန်းနေ၏။ ဘယ်လိုမှ ကြိုးစားအားတင်း၍ မရသောအခါ သူငယ်ချင်းကို စာတိုလေးရေး၍ သွားပေးခိုင်းလိုက်ရ၏။

" မောင်၊ သိပ်စပ်စုတဲ့ မျက်လုံးတွေ အောက်မှာ မောင့်ကို ကျွန်မ လာမတွေ့ရဲဘူး။ မနက်ဖြန် ညနေ ၄နာရီ ကျွန်မပြန်မှာ။ ခေတ္တရာမန်းကားဂိတ်ကို ၂နာရီလောက် လာခဲ့လေ။ အဲဒီကျမှပဲ တွေ့ရအောင်နော်၊ ကျွန်မ ရှက်တယ် "

ဟုရေးလိုက်သော စာတိုကလေးကို မောင်ဖတ်နေသည်ကို ကျွန်မ ရင်ခုန်ကြည်နူးစွာ ချောင်းကြည့်နေမိသည်။ မောင်နှုတ်ဆက်၍ ထွက်သွားမှ ကျွန်မ ငိုချင်သလို ခံစားလိုက်ရသည်။

" ငါမှားသွားပြီလား " ဟု အထပ်ထပ်အခါခါ စဉ်းစားပြီး ကျွန်မ စိတ်ဆင်းရဲနေသည်မှာ တစ်ညနှင့်တစ်နေ့ ဖြစ်သည်။ မောင်စိတ်ဆိုးမှာကို အဲသည်ကတည်းက စိုးရိမ်ပူပန်တတ်သူပါကွယ်။

မောင့်ကို ကျွန်မ ချစ်သူအဖြစ် သတ်မှတ်သည့်နေ့သည်ပင် ကျွန်မနှင့်မောင် တစ်နယ်စီ ခွဲရမည့် နေ့ဖြစ်ခဲ့၏။ ဤသည်မှာ ကျွန်မတို့ နှစ်ဦးအတွက် မကောင်းသော နမိတ်ဆိုး ဖြစ်ပါနတူပါသည်။ မောင့်အနေနှင့်တော့ မသိ။ ကျွန်မ အနေနှင့်တော့



www.burmeseclassic.com

www.burmeseclassic.com



မောင့်ကို ခွဲခွာရသည့် ဝေဒနာနှင့် ပထမဆုံးကြုံမိစေသော ကိုယ့်ကိုကိုယ်သာ ထပ်တလဲလဲ အပြစ်တင်လျှင် ရင်နာမဆုံး ဖြစ်ရသည်။ ဘာကြောင့်များ ကျောင်းပြန်ဖွင့်ပြီး ပြန်ဆုံရတဲ့နေ့ကို မရွေးမိလေသလဲနော်။

ကျွန်မ ပြန်မည့်နေ့က ချိန်းသည့်အတိုင်း မောင် နေ့လယ်နှစ်နာရီ ကတည်းက စောင့်နေပါသည်။ ကားဂိတ်က လူရှုပ်သဖြင့် ပစ္စည်းများ နေရာချပြီး နောက် ဈေးချိုနားက လက်ဖက်ရည်ဆိုင် တစ်ခုမှာ ကျွန်မတို့နှစ်ယောက် တွေ့ကြသည်။ နှစ်ယောက်တည်း တွေ့ရတော့လည်း ရှက်နေခဲ့တာပါပဲ။ မောင်ကလည်း ရှက်နေပြီး ကျွန်မကို တည့်တည့်မကြည့်၊ ကျွန်မကလည်း ရှက်နေပြီး မောင့်မျက်နှာကို တည့်တည့်မကြည့်။ လက်ဖက်ရည်ပန်းကန်များ ကိုသာ ငုံ့စိုက်ကြည့်ပြီး သောက်လည်းမသောက်ကြပါ။

“ စာရေးနော် ”

ကျွန်မ ခေါင်းညိတ်ပြလိုက်ပါသည်။ ခေါင်းညိတ်ပြသော်လည်း ကျွန်မ မောင့်လိပ်စာကို မသိ။ မေးဖို့ သတိရသော်လည်း စကားမဆိုရဲပါ။ မောင်ကလည်း မေ့နေသေးသည်။ တော်တော်ကြီးကြာမှ

“ကျောင်းဖွင့်ရင် ချက်ချင်းပြန်လာနော်၊ သိလား ” ဟု ဆိုပြန်သည်။

ကျွန်မကလည်း ခေါင်းကိုသာ ညိတ်ပြလိုက်ပြန်သည်။ ထို့နောက် အကြာကြီး တိတ်ဆိတ်သွားပြန်၏။ မောင်က ကျွန်မ မျက်နှာကို ငဲ့စောင်းကြည့်လိုက်၊ နံရံက



www.burmeseclassic.com

www.burmeseclassic.com



စတီရီယိုသီချင်းတိတ်ခွေကြော်ငြာ ပိုစတာများကို စူးစူးစိုက်စိုက် ကြည့်လိုက်ဖြင့် အနေရခက်သလို စားပွဲခုံကို လက်ချောင်းကလေးများဖြင့် အသံမညီမညာ ခေါက်နေ၏။

“ ကျောင်းပြန်ဖွင့်လို့ ပြန်တွေ့ရင်ကော ရှက်နေဦးမှာပဲလား ”

မောင်က အနည်းငယ် ပြုံး၍ မေးပြန်၏။ ကျွန်မ ခေါင်းညိတ်ပြလိုက် သောအခါ မောင်က ကျွန်မကို မျက်မှောင်ကြုတ်ပြသည်။

“ အေး ... အေး ခေါင်းပဲညိတ်နေ၊ သိလား”

မောင် အနည်းငယ် ရဲတင်းလာဟန် တူ၏။ ကျွန်မဘက်သို့ ကိုယ်ကို ကိုင်း၍ မျက်နှာကို အသေအချာငုံ့ကြည့်ကာ ...

“ တကယ်ဆို တစ်ရက်၊ နှစ်ရက်များ နေပါဦးလား၊ ဘာဖြစ်လို့ ဒီလောက် အစောကြီး ပြန်ချင်ရတာလဲ၊ လွမ်းရမဲ့သူ ရှိနေလို့လား ”

“ အို ... ”

ကျွန်မ မောင့်ကို အလန့်တကြား မော့ကြည့်မိ၏။

“ ဟင့်အင်း ... ”

“ ဘာ ဟင့်အင်းလဲ ”

“ မရှိဘူး ... လို့ ”



www.burmeseclassic.com

www.burmeseclassic.com



" ဘာမရှိတာလဲ "

" လွမ်းရမယ့်သူဆိုတာ "

" မယုံရပါဘူးလေ "

" အဲလို မပြောပါနဲ့ " မောင်က သက်ပြင်းတစ်ချက်ရှိုက်ပြီး ကျွန်မလက်မှ နာရီကို လှမ်းကြည့်သည်။

ထိုနေ့က ဘာရယ်မှန်းမသိဘဲ ကျွန်မ ကားပေါ်တက်ပြီး ကားဘေးမှာ မတ်တပ်ရပ်နေသော မောင့်ကို ကြည့်ရင်း အလွန်အမင်း ငိုချင်လာသည်။ စိတ်လွတ်လက်လွတ် ပျော်သင့်သောအချိန်၌ မောင့်မျက်နှာညှိုးနေရသည်မှာ အချိန်အခါ မရွေးတတ်သော ကျွန်မကြောင့်ဟု မိမိကိုယ်မိမိ အပြစ်တင်မိသည်။

" ညကျရင် ချမ်းမှာနော်၊ အနွေးထည် ထုတ်ပြီးပြီလား "

မောင်က စိုးရိမ်တကြီး မေးလေသည်။

" လမ်းမှာစားဖို့ " ဟု မောင်ဝယ်ပေးလိုက်သော သုံးငါးတံဆိပ် ဂိုးလ်ဒင်းပတ်ဖ်မုန့်ထုပ်ကို ပေါင်ပေါ်မှာ ဆော့ကစားရင်း မောင့်ကို ခေါင်းညိတ်ပြလိုက်၏။ တစ်ချိန်တည်းမှာပင် မောင်နှင့်မခွဲဘဲ မောင့်ဘေးမှာ ရပ်နေခဲ့ချင်စိတ်က ကျွန်မ တစ်ကိုယ်လုံးကို နွမ်းဖျော့လာစေခဲ့သည်။

" ပြတင်းဖွင့်ပြီး အိပ်ပျော်မနေစေနဲ့၊ သိလား၊ ဟိုမရောက်ခင် ဖျားနေဦးမယ်။ ပြောတာကြားလား "



www.burmeseclassic.com

www.burmeseclassic.com



" ကြားပါတယ် "

ဖြေရင်း ဘယ်လိုကဘယ်လို မျက်ရည်ကျမိမှန်း မသိတော့။ သတိရသည့်အခါ မျက်ရည်စက်များ မုန့်ထုပ်ပေါ် လွင့်စဉ် ကျလာပြီ။

" ဟောဗျာ ... "

မောင် ပျာယာခတ်သွား၏။ ကျွန်မ၏ ပြတင်းဘောင်ပေါ် လက်တင်လျက်...

" ဘာဖြစ်လို့ ငိုရတာလဲ၊ သူများတွေ မြင်ကုန်ပြီ၊ မရှက်ဘူးလား "

ကျွန်မ မျက်ရည်ကို မောင့်လက်ဖြင့် သုတ်ပေးဖို့ မောင်မမီနိုင်ပါ။ မောင့်လက်ကိုင်ပုဝါဖြင့် သုတ်စေရအောင်လည်း မောင်ရော၊ ကျွန်မရော လက်ကိုင်ပုဝါ ကိုင်တတ်သူများ မဟုတ်ကြပါ။

" မငိုနဲ့နော်၊ တစ်လဆိုတာ ဘာမှ မကြာပါဘူး၊ ခဏလေးရယ် "

ပြတင်းဘောင်ပေါ်မှ ကျွန်မလက်များကို ခပ်ဖွဖွဆုပ်၍ ကြင်နာစွာ နှစ်သိမ့်ခဲ့လေသည်။ မောင် မစဉ်းစားမိဘူးလားကွယ်။ မောင်နှင့် တစ်လလောက် ခွဲရမှာကိုပင် မျက်ရည်ကျမိအောင် ဝမ်းနည်းထိခိုက်လွယ်သော ကျွန်မသည် မောင်နှင့် တစ်သက်လုံး ခွဲရလျှင် ဘယ်လိုများ နေရစ်ခဲ့ပါ့မလဲဟု မောင်နည်းနည်းမျှ ပြန်မငဲ့ကြည့်မိဘူးလား ... ။



www.burmeseclassic.com

www.burmeseclassic.com



# ဂျူး

# အမှတ်တရ

## အခန်း(၅)

*အမုန်ကတော့ အားလုံး*
*ကျွန်မအမှားသာ ဖြစ်၏။*
*မောင်မရှိတော့မှန်း သိလျက်နဲ့*
*တာဝန်တွေ အမှုကိစ္စတွေကို*
*ပစ်ပယ်လျှက်*
*မန္တလေးသို့လာခဲ့ခြင်းသည်လည်း*
*ကျွန်မအမှား။*

*မောင်နှင့်အတူ စားနေကျ*
*ခေါက်ဆွဲဆိုင်သို့*
*တစ်ယောက်တည်း*
*သွားစားမိသည်ကလည်း*
*ကျွန်မ၏အမှား။*

*အမှားဆုံးကတော့*
*မောင့်ကို ဘယ်လိုမှ*
*မေ့မရ မုန်းမရခြင်းပင်တည်း။*

www.burmeseclassic.com

www.burmeseclassic.com



မထိတွေ့ရတာ ကြာပြီဖြစ်သော ဂစ်တာကြိုးကလေးများကို တစ်ချောင်းခြင်း တို့ထိကစားနေ သော်လည်း သီချင်းတစ်ပုဒ်ဖြစ်အောင် တီးခတ်လိုစိတ် မရှိပါ။ ကျွန်မ၏ လက်သည်းများလည်း ရှည်နေ၏။ စားပွဲပေါ်မှ မောင့်ဓာတ်ပုံကို ကြည့်မိသောအခါလည်း လွမ်းဆွတ်သတိရစိတ်ဖြင့် ဖျတ်ခနဲ ခေါင်းခါယမ်း ပစ်လိုက်မိသည်။

" မောင် ... မောင့်ကို တမ်းတတဲ့ အလွမ်းတွေနဲ့ ကျန်ရစ်နေမယ့် မိန်းမတစ်ယောက်ကို မောင် တစ်ခါတလေမှ သတိမရဘူးလား မောင်ရယ် "

ကျွန်မ အပြုအမူများကို မောင်သာသိလျှင် အဓိပ္ပါယ်မရှိတာဟု ရွတ်ချပေလိမ့်မည်။

မန္တလေးရောက်လျှင် ဘယ်ကိုမှ လျှောက်မလည်သော ကျွန်မကို အိမ်ရှင် အန်တီက အံ့ဩနေသည်။ ကျွန်မသည် နေ့လယ်စာကို နန်းရှေ့ဈေးနားက ဆီချက်ခေါက်ဆွဲဆိုင်မှာစား၍ ညစာကို ပေါင်မုန့်ထောပတ်သုတ်နှင့် ကော်ဖီဖြင့် ပြီးသွားသည်။ ရုပ်ရှင်ရုံသို့ သွားလိုသော်လည်း အသိမိတ်ဆွေ တစ်ဦးတစ်လေနှင့် သွားတွေ့မှာ စိုးရိမ်သည်။ တွေ့လျှင် နှုတ်ဆက်နေရဦးမည်။ တစ်စုံတစ်ယောက်၏ " တစ်ယောက်တည်းလား " ဟူသော အမေးကို ကျွန်မ မည်သို့မျှ သည်းခံနိုင်စွမ်း မရှိတော့ပါ။

ကျွန်မကလည်း မန္တလေးမှာ အသိမိတ်တွေ များမှများ။

ဂစ်တာကို ကုတင်ပေါ် အသာအယာ ချထားလိုက်သည်။ စားပွဲတင် ပန်းစိုက်အိုးမှ နှင်းဆီနံ့သည် သင်းမွှေးလျက်ရှိ၏။ စိတ်ကူးမယဉ်တတ်သော မောင်သည်


www.burmeseclassic.com

www.burmeseclassic.com



နှင်းဆီနီ့ကိုတော့ အလွန်ကြိုက်နှစ်သက်ပါသည်။ နောက်ပြီး အနည်းငယ်ရယ်ဖို့ကောင်းစွာ တခြားသူတွေနှင့် ပြောင်းပြန်။ မောင်သည် လုံးဝ ဂစ်တာမတီးတတ်၊ သီချင်းတစ်ပုဒ်ကိုလည်း အစ အဆုံး မရတတ်။ ကျွန်မကသာ မောင့်ကို ဂစ်တာတီးပြရမြဲဖြစ်သည်။ တစ်ခါတစ်ရံ စနေတနင်္ဂနွေ ကျောင်းပိတ်ရက်များတွင် ကျွန်မအဆောင်သို့ မပြန်တော့ဘဲ မောင့်အိမ်မှာပင် ညအိပ်သည့်အခါ မောင့်ကို ဂစ်တာတီးပြလေ့ ရှိပါသည်။

ကျွန်မ ဂစ်တာသံကို နားထောင်ရင်း အိပ်ပျော်သွားတတ်သော မောင်သည် ကလေးငယ်တစ်ယောက်ပမာ အပြစ်ကင်းစင်လှ၏။ စနေ တနင်္ဂနွေညအချို့တွင် ဂစ်တာသံဖြင့် အိပ်ပျော်သွား တတ်သော မောင်သည် ကျောင်းဖွင့်ရက်ညများတွင် အိပ်မပျော်ဘဲ တစ်ခုခု လိုအပ်နေသလို ခံစားရသည်ဟု ဆိုလာပါသည်။ မောင် စိတ်ဆင်းရဲစရာကြုံတိုင်း၊ မောင့်စိတ်များ ငြိမ်သက်အေးချမ်း သွားအောင် ကျွန်မကို ဂစ်တာတီးခိုင်းလေ့ရှိသည်။

ကျွန်မနှင့် ခွဲခွာနေရသည့် သုံးနှစ်တာကာလ၏ ညပေါင်းများစွာထဲမှ တစ်ညတလေတွင် မောင် စိတ်ပျက်ဝမ်းနည်းဖွယ်ရာဖြစ်စေ၊ နာကျည်းဒေါသထွက်စရာဖြစ်စေ၊ ကြုံတွေ့လာခဲ့ရသည် ဆိုပါလျှင် မောင့်ကို နှစ်သိမ့်ဖို့ မည်သူက တတ်နိုင်ပါမည်နည်း။ မောင့်မျက်နှာ၊ မောင့်မျက်လုံး အမူအယာကို အရိပ်တကြည့်ကြည့် နေတတ်သော ကျွန်မသည် မောင့်စိတ်ထဲမှာ ဘာဖြစ်နေသည်ကို မောင် ဖွင့်ပြောဖို့မလိုဘဲ အလိုအလျောက် ရိပ်မိမြဲ ဖြစ်၏။

"ကျွန်မလောက် မောင့်အပေါ် ဘယ်သူများ နားလည်ခွင့်လွှတ်ပါ့မလဲမောင်"



www.burmeseclassic.com

www.burmeseclassic.com



ကျွန်မ ဘယ်လိုမှ စိတ်တည်တံ့မှု မရနိုင်သည့်အဆုံး ဖြုန်းဆို မတ်တပ်ရပ်ပစ်လိုက်၏။ ကျွန်မ တစ်နေရာရာ သွားမှဖြစ်မည်။ နေ့လယ်စာစားရန် အချိန်ဖြစ်၏။ ယနေ့ စားနေကျ ဆီချက်ဆိုင်သို့ သွားရန် ဝန်လေးနေသည်။

မနေ့က နေ့လယ်က ဆီချက်ဆိုင်ပိုင်ရှင်သည် သူကိုယ်တိုင် မုန့်ပွဲလာချပေးရင်း ကျွန်မကို နှုတ်ဆက်၏။

" ဆရာတစ်ယောက်တည်းလား၊ ဟိုအစ်ကို မပါဘူးလား "

ကျွန်မအပြုံးသည် အနည်းငယ် လျော့လျဲသွားပါလိမ့်မည်။

" မပါဘူးရှင် "

" အလည်လာတာလား "

" ဆိုပါတော့ "

" ဆရာတို့ လက်ထပ်ပြီးပြီလား "

သူ့ရှေ့တွင် မောင်က စိတ်ကောက်နေသော ကျွန်မအား မောင်ကိုယ်တိုင် ဇွန်းဖြင့် ခွံ့ကျွေးခဲ့သည်ကို သူအမှတ်ရပေလိမ့်မည်။ ကျွန်မ နှုတ်ဖြင့် မဖြေနိုင်ဘဲ ကဗျာကသီ ခေါင်းယမ်းခါပစ်လိုက်မိသည်။ ဆိုင်ရှင်အမျိုးသမီးသည် အားနာကောင်းသွားရမှန်းသိကာ ကျွန်မကို ပြုံးပြပြီး ဆိုင်နောက်ဘက်သို့ ဝင်သွားခဲ့ လေသည်။



www.burmeseclassic.com

www.burmeseclassic.com



" မောင်က မေ့ထားနိုင်ပေမယ့် မမေ့နိုင်တဲ့ လူတွေက ကျွန်မကို မေးကုန်ကြပြီ မောင်ရေ "

အမှန်ကတော့ အားလုံး ကျွန်မအမှားသာ ဖြစ်၏။ မောင်မရှိတော့မှန်း သိလျက်နဲ့ တာဝန်တွေ အမှုကိစ္စတွေကို ပစ်ပယ်လျှက် မန္တလေးသို့ လာခဲ့ခြင်းသည်လည်း ကျွန်မအမှား။ မောင်နှင့်အတူ စားနေကျ ခေါက်ဆွဲဆိုင်သို့ တစ်ယောက်တည်း သွားစားမိသည်ကလည်း ကျွန်မ၏အမှား။ အမှားဆုံးကတော့ မောင့်ကို ဘယ်လိုမှ မေ့မရ မှန်းမရခြင်းပင်တည်း။

တစ်ခုခုတော့ သွားစားမှ ဖြစ်မည်။ ကျွန်မ၏ ကိုယ်ပေါ်တွင် မောင်မကြိုက်၍ ဘယ်တုန်းကမျှ မဆင်ယင်ခဲ့ဖူးသော ခရမ်းပြာရောင် ဝတ်စုံကို ကျွန်မ ဝတ်ပြီး မှန်ထဲသို့ စိတ်ဆင်းရဲစွာ ကြည့်မိ၏။

" ဒီအရောင်က အသားသိပ်ဖြူမှ လိုက်ဖက်တာ၊ ချစ်က အသားမှ မဖြူဘဲ၊ ဒါမျိုးတွေ မဝတ်နဲ့ "

" ဝတ်တော့ဘာဖြစ်လဲ " ကျွန်မ စိတ်တိုဟန်ဆောင်ခဲ့၏။

" ဝတ်တော့ ဘာမှတော့ မဖြစ်ပါဘူး။ မောင်မကြိုက်ဘူးပေါ့ "

" ဟုတ်လားမောင်၊ မောင်မကြိုက်ရင် ဒီဝတ်စုံ ညီမလေး ပေးပစ်မယ် "

" အို ... ဒါပေမယ့် မောင့်ရှေ့မှာ မဝတ်ရင် ပြီးတာပဲလေ "



www.burmeseclassic.com

www.burmeseclassic.com



တောက်ပသော ခရမ်းပြာရောင် ဝတ်စုံသည် မှုန်မှိုင်းနေသော ကျွန်မ၏ မျက်နှာကို အနည်းငယ်မျှပင် ကြည်လင်လင်းလက် လာစေနိုင်ခြင်းမရှိပါ။ လိမ်းခြယ်ပြီးသော မျက်နှာပေါ် သို့ ကရင်းမ်ပတ်ဖ်ထပ်ရိုက်ရင်း မောင်လက်ဆောင် ပေးဖူးသော ဘူးကလေးတစ်ခုကို သတိရသွားသည်။ အလှအပ ကြိုက်တတ်သော မောင်သည် ကျွန်မကို Vent Vert ကရင်း(မ်)ပတ်(ဖ်) လေးထောင့်ဘူးလေး လက်ဆောင်ပေး၍ လိမ်းစေခဲ့သည်။

" မိန်းကလေးဆိုတာ နည်းနည်းပါးပါးမှတော့ အလှပြင်ဦးမှပေါ့ ချစ်ရာ"

" မောင်က လှမှ ချစ်မှာလား "

" မပိုစမ်းပါနဲ့ ချစ်ရဲ့။ မောင်က ချစ်ကို မိန်းကလေးနဲ့ တူစေချင်လို့ပါ "

" တော်ကြာ သိပ်ပြင်ဆင်လို့ ကြိုက်မယ့်သူတွေ သိပ်များပြီး မောင့်ကို ထားပစ်ခဲ့မှ "

" ထားရဲရင် ထားပစ်ကြည့်လေ "

မောင့်မျက်နှာ ချက်ချင်းပျက်သွားခဲ့၏။

" ဘယ်ကမ္ဘာရောက်ရောက် နင့်ကို လိုက်သတ်ပစ်မှာ ကြားလား "

" အို ... မောင်ကလဲ အပြောင်အပျက်ပြောတာကို "

" ဒီကိစ္စနဲ့ ပတ်သက်ရင် နည်းနည်းမှ မစနဲ့၊ မောင်မကြိုက်ဘူး "



www.burmeseclassic.com

www.burmeseclassic.com



မောင့်ဒေါသမျက်လုံးများသည် စိမ်းလက်နေခဲ့ကြ၏။

မှန်ထဲမှ ကျွန်မမျက်လုံးများကတော့ မျက်ရည်စများဖြင့် ချက်ခြင်း စိုလက်သွားလေသည်။ ကျွန်မ မျက်လုံးများကို မှိတ်ပစ်လိုက်၏။ နောက်တစ်ဖန် ပြန်ဖွင့်ကြည့်လိုက်သည်။ ခြောက်သွေ့နေသော နှုတ်ခမ်းများကို လျှာဖြင့် စွတ်စိုအောင် ပြုလိုက်သော်လည်း ချက်ချင်း ပြန်လည်ခြောက်သွေ့ သွားပြန်သည်။ ပန်းနုရောင် နှုတ်ခမ်းဆိုးဆေးတစ်ဘူး ရွေးယူ၍ ခပ်ပါးပါးဆိုးလိုက်သော်လည်း နှုတ်ခမ်းများ စိုပြေမလာပါ။ မတ်တပ်ရပ်ပြီး အခန်းအပြင်ဘက် ထွက်မည်ပြုမှ ပန်း မပန်ရသေးမှန်း သတိရမိသည်။ ခရမ်းရောင်နှင့် အဖြူရောင် ရောနေသော သစ်ခွပန်းတစ်ပွင့် မနက်က အန်တီလာပေးခဲ့သည်။ အဲသည်ပန်းကလေး ဘယ်ရောက် နေပါလိမ့်။ (မောင်နှင့် ပတ်သက်၍ မှတ်ဉာဏ်အလွန်ကောင်းသော ကျွန်မသည် တခြားကိစ္စ၌ သတိမေ့လျော့ လာတတ်၏။ လမ်းမှာတွေ့သော ကိုယ့်လူနာက ကိုယ့်ကို နှုတ်ဆက်လာသည်ကိုပင် ခပ်ကြောင်ကြောင် ဖြစ်နေတတ်သည်။ တစ်ခါတစ်ရံ ဒုတိယနေ့ ထပ်ရောက်လာသော လူနာကို ပထမနေ့က ဘာဆေးထိုးပေးလိုက်မိမှန်း သတိမရ၍ လူနာစာရင်း ပြန်လှန်ကြည့်ရင်း လူနာမည်ကိုပါ စဉ်းစားမရတော့တာမျိုး ဖြစ်တတ်သေး၏။ အားနာပါးနာနှင့် “ အဲ ... နာမည်မေ့နေပြန်ပြီ ” ဟု မျက်နှာပူစွာမေးရပြန်သည်။ (ကျောင်းတုန်းက ကျွန်မနှင့် ခင်စန်းဝင်းကို ဦးနှောက်ကောင်းလွန်းသောကြောင့် ဆိုပြီး Super Brain ဟု နောက်ပြောင် ခေါ်ခဲ့ကြဖူး၏။)

ယခုတလော ကျွန်မ အလွန် သတိမေ့တတ်သည်။ ကျွန်မ သောက်ရေအိုးစင်တွင် ရှာသည် မတွေ့။ ပန်းဆိုလျှင် သောက်ရေအိုးစင် ရေအိုးဖုံးပေါ်မှာ ထားတတ်သော



www.burmeseclassic.com

www.burmeseclassic.com



မိန်းကလေး တော်တော်များများ၏ အကျင့် ဖြစ်နိုင်သည်။ စားပွဲခုံပေါ်မှာ ရှာသည် မတွေ့ပါ။ ဂစ်တာအောက်များ ပိပြားနေမလား။ ဂစ်တာကို နေရာရွှေ့တော့လည်း မတွေ့။ စိတ်ပျက်လက်ပျက်ဖြင့် ခေါင်းအုံးအောက်က လှမ်းယူသောအခါကျမှ ခေါင်းအုံးဘေးမှ ပန်းပွင့်လေးကို တွေ့ရသည်။ အဲ.. ပန်းဆိုတာ ခေါင်းအုံးဘေးမှာလည်း ထားတတ်ကြပါကလား။

ပန်းပွင့်လေးကို ရှုက်မွှေးကြည့်သောအခါ မောင့်ကိုယ်နံ့ကိုပဲ မွှေးမိသည်။ ပန်းဆိုတာ မောင်နှင့်လည်း မပတ်သက်မိပါဘဲနှင့် ...

အခန်းတံခါးသော့ခတ်၍ အပြင်လှေကားထစ်သို့ ဆင်းသောအခါ နေ့လယ် ၁၂နာရီ ရှိပြီ။ မိုးအုံ့နေသောကြောင့် သက်သာရာ ရသေးသည်။ တံတားဖြူလေးပေါ် သို့ ဖြတ်လျှောက်မိသောအခါ မြောင်းထဲမှာ ရေချိုးနေသော ကလေးတစ်ယောက်က လှမ်းအော်နှုတ်ဆက်၏။

“ မမ ဈေးသွားမလို့လား ”

ကလေးမှာ အန်တီ၏ မြေးဖြစ်ဟန်တူ၏။

“ သြော် ... အေးကွယ် ”

ကျွန်မကို မမခေါ်၍ ကျွန်မ အရမ်းအံ့သြသွား၏။ ကျွန်မ၏ မြို့တွင် ၆နှစ်၊ ၇နှစ်အရွယ် ကလေးများက ကျွန်မကို အန်တီဟုသာ ခေါ်ပါသည်။ အန်တီဒေါက်တာ၊ အန်တီဆရာမဟု ခေါ်ကြ၏။ မမဟု မည်သူမျှ မခေါ်ကြပါ။ ကျွန်မသည် နန်းရှေ့ဈေးဘက်သို့ မလျှောက်ဖြစ်ဘဲ ဘတ်စ်ကားမှတ်တိုင်ရှိရာ ကျုံးဘေးသို့



www.burmeseclassic.com

www.burmeseclassic.com



ဖြတ်လျှောက်လိုက်သည်။ ဈေးချိုသွားရလျှင် ကောင်းမည်။ ဈေးချိုမှာ မုန့်တစ်ခုခုစားမည်။ ကျွန်မ စားမည့်ဆိုင်သည် ၂၉လမ်းထိပ်မှ 'ကျိမ်စိန်' ခေါက်ဆွဲဆိုင် မဖြစ်စေရ။ မလေးရှား ဒံပေါက်ဆိုင် မဖြစ်စေရ။

အို ... မဖြစ်သေးပါဘူးလေ။ အဲသည် ဆိုင်များ မဟုတ်သည့် ဈေးချိုမှာ မည်သည့်ဆိုင်ကရော စား၍ အရသာရှိမည်နည်း။ ဆေးကျောင်းဘက် သွားရလျှင် ကောင်းမလား။ ကျောင်းနှင့် မျက်နှာချင်းဆိုင် ခိုင်ရွှေဝါဆိုင်မှာတော့ စား၍မဖြစ်ပါ။ အဲသည်ဆိုင်က မောင်နှင့် ကျွန်မကို သိသည်။ " တစ်ယောက်တည်းလား " ဟု မေးနေလျှင် မခက်ပါလား။ ကျောင်းကိုသွားမည်ဆိုလျှင် အမှတ် (၅) ကားစီး၍ မဖြစ်ပါ။ မင်္ဂလာတံတားမှဆင်း၍ လေးငါးပြ လျှောက်နေရဦးမည်။ အင်းလေ ဘာထူးမှာလဲ။ အောင်တော်မူသို့သွားပြီး အမှတ် (၁) ကားစီးဖို့ရာလည်း ခရီးအလွန်ဝေးသည်။

ကျွန်မ ဘေးနားသို့ ဘတ်စ်ကားတစ်စီး ထိုးရပ်လာသည်။

" ဈေးချို ၊ ဈေးချို လိုက်မလား အစ်မ "

ကျွန်မ ခေါင်းယမ်းပစ်လိုက်သောအခါ ဘတ်စ်ကားဒရိုင်ဘာက "ဘာလဲဟ" ဟု တိုးတိုးရေရွတ်ကာ ကားကို ဆောင့်ထွက်သွား၏။ ဒရိုင်ဘာ စိတ်တိုသွားဟန် ရှိပါသည်။ ဤလမ်းတွင် အမှတ် (၅) ဘတ်စ်ကားတစ်စီးသာ ပြေးဆွဲ၏။ မှတ်တိုင်မှာ ရပ်နေသော မိန်းမတစ်ယောက်သည် ကားထိုင်ခုံတွေ လွတ်နေအောင် နေရာကျယ်ဝန်းမှန်း မြင်ရပါလျက် မလိုက်ဘူးဆိုလျှင် မည်သူက နားလည်မည်နည်း။



www.burmeseclassic.com

www.burmeseclassic.com



အရာရာကို တွေဝေငေးမောသူပီပီ ဘာလုပ်ရမှန်းမသိသောကြောင့် ကျွန်မ ခေါင်းယမ်းပစ်လိုက်ခြင်း ဖြစ်ပါသည်။ ကျွန်မသည် ကျုံးဘေးမှ အေးအေးဆေးဆေး လမ်းလျှောက်လာခဲ့လေသည်။ ကျုံးရေထဲတွင် ကြာပွင့်ငုံများစွာကို ဟိုတစ်စု၊ သည်တစ်စု တွေ့ရ၏။ နေရာဟောင်းဆိုသည်မှာ အလွန်ဝေဒနာပေးတတ်မှန်း သိပါလျက်နဲ့ နေရာဟောင်းသို့ လာခဲ့မိသည်ပါမှာ ကျွန်မ၏ မှားယွင်းပျော့ညံ့ တွေဝေမှု ဖြစ်၏။ မောင်နှင့်အတူ လမ်းလျှောက်နေကျ ကျုံးလမ်းသည် မောင့်ထံမှ တီးတိုးစကားသံများကို ကျွန်မဆီ သယ်ဆောင်လာရာ လမ်းလည်း ဖြစ်သည်။

“ ဟိုနေ့ညကလေ၊ ချစ်စိတ်ကောက်တဲ့ညက မောင်ဒီလို ကျုံးဘေးမှာ ထိုင်နေတာသိလား။ ချစ်ကို ဘယ်လိုချော့ရမှန်းမသိလို့ ထိုင်စဉ်းစားနေတာ ”

“ နောက်တော့ သိသွားရောလား ”

“ မသိပါဘူး ”

“ အို ... ”

ကျွန်မ ဟက်ဟက်ပက်ပက် ရယ်သောအခါ မောင် အရှက်ပြုံးနှင့် ကျွန်မကို ငေးကြည့်ပြီး ကျွန်မလက်မောင်းကို လက်သီးဖြင့် ထိရုံကလေး ခပ်ဖွဖွထိုးလေသည်။

“ ပြောထားဦး ... ချစ်ရဲ့၊ မောင်ဘယ်လို ချော့ရမလဲလို့ ”

ဘယ်လောက်များ ရိုးသားလိုက်သည့် မောင်ပါလိမ့်။ တစ်ခါတစ်ရံ ကျွန်မ စိတ်ကောက်လို့ ကောက်မှန်းပင် သိသူ မဟုတ်ချေ။ မောင် ကစားဝိုင်းများသို့



www.burmeseclassic.com

www.burmeseclassic.com



ရောက်သွားလျှင် လည်းကောင်း၊ အရက်သောက်သည့် အခါတွင် လည်းကောင်း၊ ကျွန်မ မကြာခဏ စိတ်ကောက်ရတတ်၏။ မောင် ဖဲဝိုင်းထိုင်နေလျှင် ကျွန်မက မောင့်အိမ်၌ ဂစ်တာကိုသာ သဲသဲမဲမဲ တီးနေတတ်၏။ တီးသောအခါတိုင်းလည်း ကိုနေဝင်း၏ "နောက်ဆုံးအိပ်မက် " ကို တီးလေ့ရှိသည်။

တစ်ခါတုန်းကလည်း စနေနေ့ညမို့ ကျွန်မကတော့ မောင့်ဆီစာကျက်ရင်း လာအိပ်ခဲ့၏။ ညဦးပိုင်းမှာတော့ တံတားဖြူလေးပေါ် ကျွန်မတစ်ယောက်တည်း ထိုင်စောင့်နေခဲ့သေး၏။ တဖြည်းဖြည်း ညဥ့်နက်လာသောအခါ ကျွန်မ ရိပ်စားမိစွာ အိမ်ထဲပြန်ဝင်၍ ဂစ်တာတီးနေခဲ့ရတော့သည်။

" တစ်ရေးမှ × × × မပျော်တဲ့ည × × × မျှော်လွန်းနေဆဲ × × × တစ်ယောက်တည်း ငါ ... ငိုနေတုန်း × × × ရင်ထဲမှာ မကျေနပ်ဆုံး " ဟူသော အပိုဒ်ကို ထပ်ပြန်တလဲလဲ တီးနေခိုက် မောင်ရောက်လာခဲ့သည်။ ကျွန်မဆီ တန်းလျှောက်လာပြီး ကျွန်မ ဂစ်တာ တီးခတ်နေသည့် ညာဘက်လက်ခုံကို ဖျတ်ခနဲ ငုံ့နမ်းလိုက်သောအခါ ကျွန်မ ချက်ချင်း စိတ်ကောက်ပြေချင်သလို ဖြစ်သွားသေး၏။ အံမာ ဒါလောက်နဲ့ ဘယ်ရမလဲ၊ ကျွန်မ မျက်နှာ ခပ်တည်တည်နှင့် ဂစ်တာ ဆက်တီးနေလိုက်၏။

" တိတ်ဆိတ်အိပ်မက်တို့ ကျန်နေဆဲ × × × ငါ့စိတ်တွေ ... နှင်နေတုန်း ... ပေါ့ × × × တချို့တွေ နေနိုင်လွန်းတယ် × × × "

မောင် ကျွန်မ အနီးတွင် ပူးကပ်နေအောင် ဝင်ထိုင်လိုက်၏။



www.burmeseclassic.com

www.burmeseclassic.com



" ချစ်ကလဲ ယောကျ်ားသီချင်းကြီးကို ဘာပြုလို့ တီးနေတာလဲ "

ကျွန်မ စိတ်ကောက်မှန်း မောင်မသိ။

" မောင် အဆောင်မှာ ဝိုင်းဖြစ်နေတာ၊ ကဲ မှန်းပြီး ပြောစမ်းပါ။ မောင် ဘယ်လောက်နိုင်မယ် ထင်လဲ"

ကျွန်မ မောင့်ကို မော့မကြည့်ပါ။ မောင်က ကျွန်မ၏ ဘယ်ဘက်ပခုံးကို အသာအယာပွေ့ဖက်၍ ကျွန်မ ညာဘက်ပခုံးစွန်းပေါ် မျက်နှာမှောက်ချလိုက်သည်။ ကျွန်မ ဂစ်တာတီး ရပ်သွားသော်လည်း မောင့်ကို စကားတစ်ခွန်းမှ ပြောချင်စိတ် မရှိပါ။ မောင် ကျွန်မကို အရိပ်တကြည့်ကြည့် နေဖို့ကောင်းသည် မဟုတ်ပါလား။ မောင့် မျက်နှာ အရိပ်အကဲကို ကျွန်မ ကျွမ်းကျင်စွာ ဖတ်ရှုတတ်သလို ကျွန်မ မျက်နှာအရိပ်အကဲကိုလည်း မောင်ဖတ်ရှုတတ်စေချင်သည်။

" ချစ်ရယ် ... မောင် ညနေကတည်းက ဘာမှ မစားရသေးဘူး။ မောင်ဆာလိုက်တာ ... "

ကျွန်မ အမြင်ကတ်ကတ်နှင့် ခုတင်ပေါ် သို့ ဂစ်တာကို အသံမြည်အောင် ကြမ်းတမ်းစွာ ဆောင့်ချပစ်လိုက် မိသည်။ မောင့် ကိုယ်ခန္ဓာ ဆတ်ခနဲ တုန်သွားသည် ထင်၏။

" ဒီမယ် ... "

ကျွန်မ မောင့်နာမည်ကို ရှေ့က ကို တပ်၍ ခေါ်ပစ်လိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



" အဆောင်ကို တစ်ယောက်တည်း မပြန်ရဲလို့ ဒီမှာ နေနေရတာ သိလား၊ ကျုပ်က တော့်အိမ်မှာ တစ်စက်မှ နေချင်တာ မဟုတ်ဘူး။ တော့်ဟာတော် အလေလိုက်ချင်ရာ လိုက်ပြီး ဆာရုံမကလို့ ငတ်သေသွားသွား၊ ဘာအရေးလဲ"

" ဟာ "

ထွက်လာသော အာမေဋိတ်သံနှင့်အတူ မောင် ကမန်းကတန်း ကျွန်မ မျက်နှာကို ကြည့်၏။

" ဘာဖြစ်လို့ … ဘာဖြစ်လို့ ဒီစကား ရှိုင်းရှိုင်း ပြောရတာလဲ၊ ချစ် ဘာဖြစ်နေလဲဟင် " ပြောလည်းပြောရင်း ကျွန်မ လက်မောင်းနှစ်ဘက်ကို မောင် ဆုပ်ကိုင်လာသည်။ မောင့်လက်များကို ကျွန်မ ပုတ်ချလိုက်သည်။

" ကျွန်မကို မထိနဲ့ ဖယ် "

မောင်သည် ဖယ်ဆိုလျှင် ချက်ချင်းဖယ်၍ ခပ်လှမ်းလှမ်းစို့ ထွက်ခွာသွားတတ်သူ ဖြစ်သည်။ တစ်ခါတစ်ခါ မောင် ဘာဖြစ်လို့ သည်လောက် အ, ရမှန်း စဉ်းစားမရပါ။ ကုလားထိုင်မှာ သွားထိုင်ရင်း ကျွန်မကို ငေးနေခဲ့သည်။ သူ့ကြည့်ရသည်မှာ သူ ဘာအပြစ်လုပ်မိပါလိမ့်ဟု စဉ်းစားမရသည့် ပုံစံမျိုး။ ကျွန်မကို ဇွတ်ပွေ့ဖက်ချော့မြူဖို့ သတိရဟန် မတူပါ။

" ချစ် စိတ်ကျေနပ်အောင် ကိုယ် ဘာလုပ်ပေးရမလဲ ဟင် "



www.burmeseclassic.com

www.burmeseclassic.com



“ မလိုပါဘူး၊ ကျေးဇူးပြုပြီး ကျွန်မ တစ်ယောက်တည်း နေပါရစေ၊ စကား လာမပြောစမ်းပါနဲ့ ”

ကျွန်မ ခုတင်ပေါ် လှဲချလိုက်တော့သည်။ မောင် ကုလားထိုင်ပေါ်မှာ အကြာကြီး ငြိမ်သက်နေလေသည်။ မနက်ဖြန်ကျရင် ငါအစောကြီးကို ထပြန်မယ်၊ဒါမှ သူမှတ်မှာ၊ ဘယ့်နှယ်တော် ... စာမေးပွဲက နှစ်လလောက် လိုတော့တယ်။ သူက ဖဲရိုက်လို့ ကောင်းတုန်း။ ကျွန်မ ခေါင်းအုံးပေါ် ပါးအပ်ပြီး အိပ်ဖို့ ကြိုးစားသည်။ ထိုညမျိုးတွင် ကျွန်မတို့နှစ်ယောက် စာမကျက်ဖြစ်ကြပါ။ ကျွန်မ အိပ်ချင်ယောင်ဆောင်နေတာ တစ်နာရီလောက် ကြာသွားသောအခါ မောင်က ကုလားထိုင်မှ ထ၏။ ကျွန်မ ခုတင်ဆီသို့ လျှောက်လာသည်။ (ခြေသံဖွဖွကလေး ဖြစ်၏။) သည်လောက် ခြေသံနူးညံ့တာတော့ မကြုံဖူးပါ။ မောင်သည် ခြေလှမ်းကို အသံမြည်အောင် ရှပ်တိုက်လှမ်းတတ်သူ ဖြစ်သည်။ ကျွန်မ ခုတင်ဘေးတွင် ငြိမ်သက်စွာ မတ်တတ်ရပ်နေသေးသည်။ မောင့်အသက်ရှူသံကိုပင် ကျွန်မ ကြားနေရသည်။ မောင့်နေရာမှာသာ ကျွန်မရှိလျှင် မျက်နှာဝှက်၍ အိပ်ပျော်နေသော ချစ်သူကို ငုံ့နမ်းပစ်လိုက်မိမည်။ မောင်ကတော့ ကျွန်မ ကိုယ်ပေါ်မှကျော်၍ ကိုယ်ကိုကိုင်းကာ ပြတင်းပေါက်ကို အသံမမြည်အောင် ဆွဲပိတ်လိုက်သည်. ထို့နောက် ခြေရင်းမှ ဂွမ်းစောင်နှစ်ထည်ကို ဖြန့်၍ ကျွန်မ ကိုယ်ပေါ်မှာ ခြုံပေးသည်။ ကျွန်မ ပခုံးထိ လုံအောင် စိတ်ရှည်လက်ရှည် ခြုံပေးပြီးမှ တိုးတိတ်စွာ အခန်းအပြင် ထွက်သွားခဲ့သည်။ ကျွန်မ စိတ်မကောင်းခြင်းကြီးစွာ ကျန်ရစ်ခဲ့၏။ အိမ်ရှေ့ခန်းမှာ သင်ဖြူးခင်းသံ ကြားရ၏။ ဖုန်လှည်းသံပင် မကြားရပါ။ မောင်သည် ဤသို့လည်း ပစ်စလက်ခတ် နေတတ်သူ ဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



ကျွန်မ နွေးထွေးစွာ မေးခန် အိပ်ပျော်သွားပြီး တစ်ရေးနိုးလာသောအခါ ကျွန်မဘေးမှာ မောင် လာမအိပ်သေးကြောင်း တွေ့ရသည်။ မောင်ဘယ်လိုများ အိပ်နေပါလိမ့်။ ကျွန်မ စိတ်ပူပန် လာသည်။ မောင်သည် တောင်ပေါ်က (အအေးပိုင်းမှ) လူဖြစ်ပါလျက် အညာသူ ကျွန်မထက် ပို၍ ချမ်းတတ်သည်။ ကျွန်မသည် ၅နာရီခွဲတိတိတွင် မောင်ရှိရာ ဧည့်ခန်းဆီသို့ ခြေဖွဖွလေး နင်း၍ လာခဲ့သည်။

" အို ... "

စိတ်ကောက်နေခဲ့သော ကျွန်မပင်လျှင် မောင့်ကို ပြန်သနားသွားမိ၏။ မောင်းသည် ခေါင်းအောက်မှာလည်း တစ်စုံတစ်ခုမှ မခံ၊ စောင်လည်း မပါပါဘဲနှင့် ပုဆိုးကို ခြေဖျားထိ ဖုံးလွှမ်းပြီး ဒူးနှစ်ဖက်ကြား လက်ထည့်၍ ကွေးကွေးလေး အိပ်ပျော်နေခဲ့သည်။ ကျွန်မ မောင့်အနီးမှာ ထိုင်ချလိုက်တော့သည်။

" မောင် ... မောင် "

မောင် ချက်ချင်းနိုးလာသည်။

" ထ ... ထ ... ခုတင်ပေါ် သွားအိပ်၊ စောင်လဲမပါဘူး၊ အေးကအေးနဲ့ "

မောင်သည် ကျွန်မကို တအံ့တသြ ကြည့်နေသည်။

" ဘာငေးနေတာလည်း၊ သွားအိပ်ချည်၊ မချမ်းဘူးလား "

ကျွန်မ ဆုပ်ကိုင်မိသော မောင့် ခြေဖျားများ အေးစက်လျက်ရှိ၏။



www.burmeseclassic.com

www.burmeseclassic.com



" ဒါနဲ့ ချစ်က မောင့်ကို စိတ်ဆိုးနေတာ မဟုတ်ဘူးလား "

" သြော် ... ဖြစ်မှ ဖြစ်ရလေ မောင်ရယ် " ကျွန်မ ညည်းရှိုသာ ညည်းလိုက်မိသည်။ မောင်က အခြေအနေကို ဖျတ်ခနဲ ရိပ်မိစွာ ဝမ်းသာအားရ ရယ်မော၍ ကျွန်မကို တင်းကျပ်စွာ ဖက်ထားရင်း အထပ်ထပ်အခါခါ နမ်းတော့သည်။

" မောင်လေ ချစ်စိတ်ဆိုးရင် ဘယ်လိုနေရမှန်း မသိဘူး၊ မောင်ချော့ဖို့ စဉ်းစားသေးတယ်၊ ဘယ်လို ချော့ရမလဲ စဉ်းစားရင်း အိပ်ပျော်သွားတာ "

မောင် မချော့မီကတည်းက ကျွန်မ စိတ်ပြေပြီးသားဆိုတာ မောင်သိဖို့ ကောင်းတာပေါ့ကွယ်။

ကျွန်မနံဘေးက မြင်းလှည်းတစ်စီး ဖြတ်မောင်းသွား၏။

" မြင်းလှည်း ၊ မြင်းလှည်း "

ကျွန်မ လက်ခုပ်တီးခေါ်လိုက်သည်။ ဟုတ်သည်။ ထီးမပါ၊ လွယ်အိတ်မပါဘဲ တစ်ယောက်တည်း လျှောက်သွားရဖို့က တော်တော်ကြောင်သည့် အလုပ်ဖြစ်၏။ ကျွန်မ ဆေးတက္ကသိုလ်ရှေ့အထိ မြင်းလှည်းဖြင့် သွားဖို့ ဆုံးဖြတ်လိုက်သည်။ အလွန်နှေးကွေးသော မြင်းလှည်းကလေးဖြင့် တစ်ယောက်တည်း သွားရတာ မည်မျှ ပျင်းရိငြီးငွေ့ဖွယ် ကောင်းလိုက်ပါသနည်း။ လမ်း ၃၀ သို့ ချိုးလိုက်သောအခါ တိုက်တိုက်ဆိုင်ဆိုင် ကျွန်မ၏ ကျောင်းနေဖက် သူငယ်ချင်း မန္တလေးသူ တစ်ယောက်ကို ဆိုင်ကယ်ပေါ်မှာ မြင်လိုက်၏။ ကျွန်မ ချက်ချင်း မျက်နှာလွှဲပစ်လိုက်မိသည်။ ကျွန်မကို


www.burmeseclassic.com

www.burmeseclassic.com



နှုတ်ဆက်လျှင် တစ်ယောက်တည်းလားဟု မေးဦးမည်။ သူက ကျွန်မ နှင့် မောင့်အကြောင်း အတွင်းကျကျ သိမည့်သူတော့ မဟုတ်ပါ။

ဘာပဲ ဖြစ်ဖြစ်ပေါ့လေ။ ဆေးတက္ကသိုလ်ရှေ့ရောက်၍ ကျွန်မ မြင်းလှည်းပေါ်မှ ဆင်းလိုက်ချိန်တွင် မိုးဖွဲဖွဲလေး ရွာလိုက်သောကြောင့် အစီအစဉ်မရှိဘဲ ခိုင်ရွှေဝါခေါက်ဆွဲဆိုင်အတွင်း ဝင်လိုက်ရတော့သည်။ ကျောင်းသားကျောင်းသူအရွယ် လူငယ်တချို့ တွေ့ရသော်လည်း ကျွန်မ မျက်မှန်းတန်းမိသည့် မျက်နှာများ မဟုတ်ပါ၊ အင်းလေ ... ကျောင်းရှေ့သို့ သတိရလွမ်းဆွတ်စွာ၊ နောက်ပြီး သတ္တိရှိစွာ (မဟုတ်သေးပါဘူးလေ၊ အရှက်နည်းစွာ) ရောက်လာပြီးမှတော့ ဘာကိုများ ကျွန်မ ဂရုစိုက်ရဦး မည်နည်း။ စိတ်မပူစမ်းပါနဲ့လေ၊ ငါဟာ ဟန်ဆောင် သိပ်ကောင်းပါတယ်။ ဤကဲ့သို့ ကျွန်မ မကြာခဏ အားတင်းရပါသည်။

ကျောင်းဆောင်သစ်ကြီးကို ကျွန်မ ပထမဆုံး မြင်ရခြင်း ဖြစ်သည်။ ကျွန်မ အလုပ်သင်ဆရာဝန် ပြီးချိန်က ကျောင်းကြီးမှာ စတင် အုတ်မြစ်ချခါစသာ ရှိသေးသည်။ ကျွန်မ ကျောင်းဘက်သို့ မရောက်သည်မှာ နှစ်နှစ်နှင့် ငါးလရှိပြီ။ မန္တလေးသို့ လွန်ခဲ့သည့် ဧပြီလ မောင့်မွေးနေ့တုန်းကမှ ရောက်ခဲ့သေးသော်လည်း ထုံးစံအတိုင်း ကျောင်းဘက် ဆေးရုံဘက်သို့ လာရောက်ဖို့အထိ ကြိုးစား၍ မရခဲ့သောကြောင့် ဖြစ်၏။

ကောင်းတော့ ကောင်းပါသည်လေ။ ယခင် ကျောင်းဆောင်ဟောင်းဆိုလျှင် ကျွန်မတို့နှင့် ရင်းနှီးနေသော အနံ့အသက်များဖြင့် ကျွန်မကို ဝမ်းနည်းလွမ်းဆွတ် စေလိမ့်ဦးမည်။ ယခုတော့ လှပခန့်ညားသော ကျောင်းဆောင်သစ်ကြီးသည် ကျွန်မအား လိုအပ်သည်ထက်ပို၍ ခံစားမှု မပေးရှာပါ။



www.burmeseclassic.com

www.burmeseclassic.com



" မမ အလည်လာတာလား "

ဘုရားရေ၊ ကျွန်မ မသိသော မိန်းကလေးနှစ်ယောက် ကျွန်မ စားပွဲသို့ လာရပ်၏။ တစ်ယောက်က ကျစ်ဆံမြီး ခပ်ရှည်ရှည်နှင့်၊ တစ်ယောက်က ချာလီဆံပင် ပုံစံနှင့်။ ကျွန်မတို့မြို့မှ ကျောင်းသူလေးတွေများလား။

" သြော် အေးကွယ် "

" မမက ကျွန်မတို့ကို မမှတ်မိဘူး ထင်တယ်၊ မမတို့ ဟောက်စ်ဆာဂျင် ဆင်းတုန်းက ကျွန်မ သဒ်အမ်ဘီလေ၊ အက်စ်ယူသရီးမှာ "

" သြော် ... အေး အေး၊ မှတ်မိပါပြီကွယ် ... ဒီမျက်နှာလေးတွေကို။ မမက ဉာဏ်သိပ်မကောင်းဘူး ညီမလေးရဲ့၊ လာ ... ထိုင်လေ၊ ဘာစားမလဲ "

" စားပြီးပြီ မမ၊ အခုအထွက်မှာ မမကို မြင်လို့၊ မှတ်ဉာဏ်မကောင်းဘူးလို့ မပြောပါနဲ့လေ။ မမတို့ အတန်းမှာ မမက နာမည်ကြီးပဲ "

" အလို ဘာနာမည်ကြီးပါလိမ့်၊ ပေတာ တေတာလား "

" ပေတာတေတာရော၊ ဉာဏ်ကောင်းတာရော "

" ဘုရား ... ဘုရား "

" သွားဦးမယ် မမ ၊ ၂နာရီမှာ ဝါ့ဒ်ထဲ ပြန်သွားရမှာ "

www.burmeseclassic.com



ကလေးမလေး နှစ်ယောက်က ရယ်မောရင်း ကျွန်မကို နှုတ်ဆက်၍ ထွက်သွားကြသည်။ ကျွန်မ စိတ်ထဲတွင် အနည်းငယ် အနှောင့်အယှက် ဖြစ်သွားကြောင်း ဝန်ခံရပါမည်။ " မမက နာမည်ကြီးပဲ " ဘာကို ဆိုလိုပါလိမ့်။ ပေတာတေတာ မှတ်ဉာဏ်ကောင်းတာနှင့် နာမည် မကြီးနိုင်ပါ။ စာရေးလို့များလား။ မဖြစ်နိုင်ပါ။ တစ်ခုပဲရှိသည်။ မောင်နှင့် ပတ်သက်ပါလိမ့်မည်။ မောင့်ကို ကျွန်မ အရှူးအမူး ချစ်ခဲ့ကြောင်း ဆေးတက္ကသိုလ် တစ်ခုလုံးများ သိကုန်ကြပြီလားကွယ်။ ကျွန်မ မျက်နှာ ရှုတ်တရက် ပူနွေးလာသည်။ ငေးငိုင်စွာ စိတ်မပါ လက်မပါ စားနေသော ကျွန်မ စားပွဲသို့ ကျောင်းသားသုံးယောက် ဝင်လာကြသည်။

" မမ ကျွန်တော်တို့ နေရာမရှိလို့ ဒီမှာ ထိုင်ပါရစေ "

" အို ... ထိုင်ပါ၊ ထိုင်ပါ၊ ကိုယ်အခုပဲ ပြီးတော့မှာပါ "

" အေးအေးဆေးဆေး စားပါ မမရဲ့၊ ကျွန်တော်တို့က သိပ်မဆူညံပါဘူး "

တစ်ယောက်က ဟက်ခနဲရယ်၍ နားညည်းလို့ ထပြေးရမှာတော့ သေချာတယ်ဟု ခပ်တိုးတိုး နောက်၏။ ကျွန်မသည် စားလက်စအတိုင်း ထားခဲ့၍ ငွေရှင်းလိုက်ပါသည်။ ကျောင်းက ချာတိတ်လေးများပင် ဖြစ်လိမ့်မည်။

" ဟော့ ... မင်းမနက်ဖြန် ကေ့စ်တင်ရမှာ မဟုတ်လား၊ ဘာကေ့စ်လဲ "

" စီအေရက်တမ် (CA Rictum) "

" ယူပြီးပြီလား "



www.burmeseclassic.com

www.burmeseclassic.com



" ဟင့်အင်း၊ ညနေမှ သွားယူမယ် "

" ဟာ ... တယ်ပိုင်ပါလား "

ဝါးခနဲ ရယ်မောကြရင်း ကျွန်မ မတ်တပ်ထသည်ကို အားနာစွာ မော့ကြည့်ကြ၏။

" ဟင် ... သွားတော့မလား မမ၊ အားနာလိုက်တာ၊ စားမပြီးသေးဘဲနဲ့ "

" မဟုတ်ပါဘူးကွယ်၊ မမက ဒီလိုပဲ မကုန်တတ်ဘူး "

" ဒါနဲ့ မမဘာဖြစ်လို့ ဝတ္ထုဆက်မရေးတာလဲ ဟင် "

ဘုရား ...။

" ကျွန်တော်တို့က မမရဲ့ စာဖတ်ပရိသတ်တွေပါ။ မရေးတာ တစ်နှစ်လောက် ရှိပြီနော် "

ကျွန်မ ပြန်ထိုင်ရခက် ထရခက် ဖြစ်သွားသည်။ စိတ်လည်း အလွန်အမင်း ကျဉ်းကျပ်သွားပါသည်။

" အေးကွယ် ပျင်းတာနဲ့၊ မအားတာနဲ့ ပေါင်းလိုက်တော့ ... "

ကျွန်မ ဆက်မဖြေတတ်တော့ပါ။

" အခု ပတ်တူးတွေလား "



www.burmeseclassic.com

www.burmeseclassic.com



" ဟုတ်တယ် မမ"

" အစ်မ သွားပါစေကွာ၊ မင်းတို့ကလဲ စကားရှည်ရန်ကော "

ငြိမ်သက်နေသော တစ်ယောက်က ဝင်၍ တား၏။ ကျွန်မလည်း ဇွတ်နှုတ်ဆက်၍ ထွက်လာခဲ့ရပါသည်။

လမ်း ၃၀ကို ဖြတ်ကူး၍ ကျောင်းဝင်းထဲသို့ လေးကန်စွာ ဝင်လာမိသည်။ ကျွန်မ နှစ်သက်သော ခေါင်းရမ်းပင်များ၊ စိတ်ပန်းပင်များ မရှိတော့ပါလား။ မြင့်မားသော အဆောက်အအုံကြီးကို မော့ကြည့်ရင်း ဤကျောင်းတွင် ခုနှစ်နှစ်တိတိ စာသင်ခဲ့ဖူးကြောင်း မယုံချင်သလို ဖြစ်လာ၏။ ကျောင်းသားရေးရာဌာနဘက် လှမ်းမြင်ရပြန်တော့လည်း တရင်းတနှီး မြင်ဖူးနေကျ မျက်နှာ နှစ်ခု သုံးခု၊ မြင်ဖူးသလိုလို ရှိသော ကားသုံးလေးစီး။ ကျွန်မ ကျောင်းဆောင်အောက် ကော်ရစ်ဒါတစ်လျှောက် ဖြတ်လာခဲ့လေသည်။

ကုက္ကိုရွက်များ ပြည့်လျှံနေတတ်သည့် ခန္ဓာဗေဒ ခွဲစိတ်ဆောင်ဘက်မှာ ဘယ်လိုမှ မှတ်မိဖွယ်ရာ မရှိ။ နေရာဟောင်းတစ်ခု ဖြစ်ပါလျက် ဂျူတီကုတ်ကို ပခုံးပေါ်တင်ထားသော မောင့်အရိပ်သဏ္ဍာန်ကို မမြင်ယောင်မိပါ။ ဂျူတီကုတ် ဖိုးရိုးဖားရားနှင့် ကျောင်းသားငယ် နှစ်ယောက် စာအုပ်တစ်ထပ်ကြီးပိုက်လျက် ကျွန်မနှင့် မျက်နှာချင်းဆိုင်မှ ဖြတ်သွားသည်။ ဤအရွယ်လေးများသည် တက်ကြွ ရွှင်လန်းနေဆဲဖြစ်၏။ ပထမနှစ် အမ်ဘီ စာသင်ဆောင်ဟု ကျွန်မတို့ အမြဲစွဲထင် မှတ်ယူထားသော တိုက်ဆောင်သည် ယခင်ကထက် အတော်မှောင် သွားသည်။



www.burmeseclassic.com

www.burmeseclassic.com



တစ်ဘက်က ဘွဲ့နှင်းသဘင် ခန်းမဆောင်၊ တစ်ဘက်က ကာကွယ်ရေးနှင့် လူမှုရေးဆေးပညာ ဌာနအဆောင်။

ကျွန်မသည် ရည်ရွယ်ချက်ကင်းမဲ့စွာ စာကြည့်တိုက်သို့ ခြေလှမ်း ဦးတည်လိုက်မိ၏။ ဆရာတစ်ယောက်တစ်လေကို တွေ့လျှင် ကြည်လင်စွာ ပြုံးပြဖို့ ယခုကတည်းက အားယူထားရမည်။ ပြည့်ကျပ်မွှန်းသိပ်သော စာသင်ဆောင်များပေါ် တက်မည့်အစား စာကြည့်တိုက်ထဲမှာ ခဏနေ၍ အလွမ်းဖြေရတာ အသက်ရှူရ ချောင်ပါလိမ့်မယ်။

“ ဟိတ် ... မပြေးနဲ့ ”

“ ဟဲ့ ... လန့်လိုက်တာ ”

တွေ့ပြန်ပါပြီ တစ်ယောက်၊ ကျွန်မသည် ညီမလေးနာမည်ကို မေ့နေသည်။ ရခိုင်မလေးပါ။ ဘယ်သူများပါလိမ့်။

“ အစ်မကို ကျွန်တော် အဝေးကတည်းက မြင်တာ မမှတ်မိဘူး၊ ချောလာတယ် ”

“ အေး ... အေး၊ မုန့်ကျွေးမှာပေါ့၊ ဟောက်စ်ဆာဂျင် ပြီးပြီလား ”

“ ဟင့်အင်း အခုမှ စဝင်တာ အစ်မရဲ့ ”

“ အဆင်ပြေရဲ့လား ”

မေးမည့်သာမေးရသည်။ အူကြောင်ကြောင်မေးခွန်းပါ။



www.burmeseclassic.com

www.burmeseclassic.com



“ ပြေပါတယ် အစ်မ၊ အခု ချိုင်းလ်ဝါ့ဒ်မှာလေ၊ အိုကေပဲ နေ့လယ်ဆို လစ်လို့ရပြီ ”

“ ဟင်း … နင်ကတော့ ငါနဲ့ တစ်ခန်းတည်းနေတဲ့လူရယ်လို့ မပြောရဘူး၊ လစ်ဖို့ပဲ”

“ ဟဲ … ဟဲ၊ သွားမယ်အစ်မ။ ဝင်းလိုက်မှာ ရုပ်ရှင်ကောင်းတယ်၊ လိုက်ဦးမလား၊ စတောလုံးကားလေ ”

“ နောက်မှ ကြည့်တော့မယ်ကွာ၊ မလိုက်တော့ဘူး၊ ဘာလဲ ဖတ်စ်ဘလတ်ဒ်လား”

“ ဟုတ် ”

“ အစ်မ ရန်ကုန်က ကြည့်ခဲ့ပြီ။ သွားသွား နောက်ကျနေမယ် ”

သူမ အပြင်ထွက်သွားမှ ကျွန်မ နာမည်မှတ်မိသည်။ ခက်များခက်ရချည့်ရဲ့။ တစ်ခန်းတည်း နေလာခဲ့သည့် အဆောင်သူ ညီမတစ်ယောက် နာမည်ကိုပင် မေ့ပျောက်လွယ်မှတော့ ကျွန်မထံမှာ ဘာမှတ်ဉာဏ်တွေများ ကျန်ရစ်ပါသနည်း။

စာကြည့်တိုက်မှာ စာအုပ်တစ်ခုခု ဖတ်ရလျှင် ကောင်းမည်။ ကောင်တာက အစ်မကြီးက ကျွန်မကို မှတ်မိနေသည်။

“ ကျောင်းသားကတ်တော့မရှိဘူး အစ်မရေ၊ ဆမစာအုပ်တော့ ပါပါရဲ့၊ မဂ္ဂဇင်း တစ်ခုတစ်လေများ ”



www.burmeseclassic.com

www.burmeseclassic.com



" သြော် ... ဖတ်ပါကွယ်၊ တခြားသူတွေမှ မဟုတ်တာ၊ ဘာစာအုပ်ဖတ်မလဲ "

စင်ပေါ်မှ စာအုပ်များမှာ ကျွန်မ ရှာသည်။ သွေးသောက်၊ မြဝတီ၊ ငွေတာရီ၊ ဟင့်အင်း။

" ဟို ... ဒီဘက်က တိုင်းမ်ပဲ ပေးပါ "

ကျွန်မ ထိုင်နေကျ ညာဘက် နံရံနှင့်ကပ်လျက် တစ်ယောက်ထိုင် ခုံစောင်းစားပွဲလေး တစ်ခုမှာ ကျွန်မ မောလျစွာ ထိုင်ချလိုက်ပါသည်။ မိုးစက်ကလေးများ မှန်ပြတင်းသို့ တဖွဲဖွဲ လာပက်နေကြသည်။ အနည်းငယ် အုံ့မှိုင်း၍ အေးစိမ့်မလိုလိုရှိသော ရာသီဥတုသည် နဂိုက မကြည်လင်သော ကျွန်မ၏ စိတ်နှလုံးကို နွမ်းနယ်စေ၏။ မဂ္ဂဇင်းအဖုံးပေါ်မှ ဖိလစ်ပိုင်သမ္မတဟောင်း မားကို့စ်ကို စိတ်မသက်သာစွာ ကြည့်ရင်း စာရွက်လှန်လိုက်သည်။ တစ်ခါတစ်ရံ မောင့်ကို စိတ်ကောက်လျှင် ဤထိုင်ခုံလေး၌ မဂ္ဂဇင်းတစ်ခုခု ထိုင်ဖတ်ရင်း အချိန်ဖြုန်းလေ့ ရှိပါသည်။ ယခုနှစ်ပိုင်းတော့မသိပါ။ ကျွန်မတို့ နောက်ဆုံးနှစ် ကတော့ စာကြည့်တိုက်ကို ညနေ ငါးနာရီအထိ ဖွင့်ပေးထားသောကြောင့် ကျွန်မ အကြာကြီး အချိန်ယူ စာကြည့်နေခွင့် ရှိ၏။ မောင်က ဝါ့ဒ်ထဲမှာ လိုက်ရှာ၊ အဆောင်မှာ လိုက်ရှာ၊ ကျွန်မကို မတွေ့ပါ။ နောက်ဆုံးကျမှ စာကြည့်တိုက်မှာ လာရှာသည်။ လာအချော့ကို စောင့်နေသော ကျွန်မက စာကြည့်တိုက် တံခါးဝ အပေါက်ဝိုင်းများကြားထဲမှ မောင့်ကို မြင်လိုက်ပြီဆိုလျှင် ဘယ်တုန်းကမှ အပြင်ဘက်လှမ်းမကြည့်သလို ခပ်တည်တည် ဘာသိဘာသာ စောင့်နေမြဲ ဖြစ်ပါသည်။



www.burmeseclassic.com

www.burmeseclassic.com



ချစ်သူဘဝတုန်းက ပျော်ရွှင်ဖွယ်ရာ ညနေခင်းများသည် ချစ်သူနှင့်အတူ လွင့်ပါးပျောက်ကွယ်သွားလိမ့်မည်ဟု ကျွန်မ ဘယ့်နှယ်လုပ်ပြီး ထင်နိုင်ပါ့မလဲလေ။



www.burmeseclassic.com

www.burmeseclassic.com



# ဂျူး

# အမှတ်တရ

## အခန်း(၆)

*မြတ်နိုးဖော်*
*ကြင်နာဖက်*
*အားပေးဖော်*
*နှစ်သိမ့်ဖက်*
*ဝမ်းနည်းဖော်*
*ဝမ်းနည်းဖက်*
*ဆင်းရဲဖော်*
*ဆင်းရဲဖက်*
*ဖြစ်ခဲ့သော*
*ဇနီးမောင်နှံနီးပါး*
*ရင်းနှီးတွယ်တာခဲ့သည့်*
*ချစ်သူတစ်ယောက်ကို*
*ရက်ရက်စက်စက်*
*ထားပစ်ခဲ့ရအောင်အထိ*
*မောင့်အပေါ်*
*ဆွဲဆောင်နိုင်မည်*
*ဆိုလျှင်လည်း*
*ထိုမိန်းကလေးသည်*
*အလွန်တရာမှ*
*လှပပေလိမ့်မည်။*



www.burmeseclassic.com

www.burmeseclassic.com



သတင်းစာတစ်စောင်ကို နှစ်ဦးအတူ ကြည့်ကြပြီဆိုလျှင်လည်း ကျွန်မနှင့် မောင် ဆန္ဒချင်းကွဲလွဲမြဲ ဖြစ်သည်။ ကျွန်မက တတိယ စာမျက်နှာမှ နိုင်ငံခြားသတင်းကို ပထမဦးစွာ လှန်ကြည့်တတ်ပြီး မောင်ကတော့ လက်ထပ်သတင်း၊ နာရေးသတင်းများ ပါသည့် ကြော်ငြာကဏ္ဍကို အလျင် ကြည့်လေ့ရှိသည်။ မဂ္ဂဇင်းတစ်ခုကို ဖတ်ပြီ ဆိုလျှင်လည်း မောင်က ကာတွန်းကဏ္ဍကို အလျင် ကြည့်တတ်ပြီး ကျွန်မက ရုပ်ရှင်ကဏ္ဍကို အလျင်ဦးစွာ ကြည့်တတ်၏။ မောင်သည် ရုပ်ရှင်ဂီတ ဝါသနာ ကြီးလှသူ မဟုတ်။ အဆိုတော်များ၏ အသံကိုလည်း နားထောင်ပြီး ခွဲခြားတတ်သူ မဟုတ်။ ရုပ်ရှင်မင်းသား မင်းသမီးများ ကိုလည်း သိပ်မျက်မှန်းတန်းမိသူ မဟုတ်ပါ။

တွေးကြည့်တော့လည်း ကျွန်မနှင့် မောင် အသွင်တူသည့် အချက်ဟူ၍ စာကျက်ပျင်းခြင်း၊ ပေါင်မုန့်ကြိုက်ခြင်းနှင့် ဖက်ထုပ်ကြော်ကြိုက်ခြင်းတို့သာ ဖြစ်လေသည်။ သည်မျှ အစစအရာရာ ဆန့်ကျင်နေသည့် ကျွန်မတို့ နှစ်ဦးအတွက် တစ်သက်တာ ခွဲခွာရခြင်းသည် သိပ်တော့ အံ့ဩစရာ မရှိဘူး ထင်ပါလေရဲ့။

သို့သော် မောင် စဉ်းစားကြည့်ဖို့ ကောင်းသည်မှာ ကျွန်မသည် မောင်နှင့် ပတ်သက်လျှင် အစစ အရာရာ လိုက်လျော အလျှော့ပေးခဲ့သည် မဟုတ်ပါလား။ လက်ဖက်ရည်ဆိုင်မှာ ယောကျာ်းလေးများနှင့်အတူ တွဲသောက်တာ မောင်မကြိုက်ဘူးဆို၊ မောင်မပါဘဲနှင့် လက်ဖက်ရည်ဆိုင်သို့ မသွားရဘူးဆို၊ ကျွန်မ မောင့်ကို မလိုက်လျောခဲ့ပေဘူးလား။ ကျွန်မ ကြိုက်သည့် လက်ဖက်ရည်ကို မောင့်အတွက် လျှော့ခဲ့ရတာ၊ ကျွန်မကြိုက်သည့် ရုပ်ရှင်ကားများကို မောင့်အတွက် လျှော့ခဲ့ရတာ မောင် မသိတာလည်း မဟုတ်ပါဘဲနှင့်။



www.burmeseclassic.com

www.burmeseclassic.com



တကယ်တော့ ကျွန်မနှင့် မောင်၏ ဇာတ်လမ်းတွင် ကျွန်မ ဘယ်လိုမျှ မထင်မှတ်သော တတိယဇာတ်ကောင်တစ်ဦး ဖြုန်းခနဲ ပေါ်လာခဲ့ခြင်းက အဓိက အကြောင်းအရင်း ဖြစ်သည်။ မောင့်ချစ်သူမှာ တစ်လောကလုံး၌ ကျွန်မတစ်ယောက်သာ ဖြစ်သည်ဟု ခိုင်မာစွာ ယုံကြည်ထားခဲ့သော ကျွန်မကို ချောက်ချားယိုင်နဲ့ သွားလောက်အောင် ဖန်တီးလိုက်သူမှာ မောင်၏ ငယ်ချစ်ဦးဟု မောင်တို့မြို့က သတ်မှတ်ထားသည့် မောင်နှင့် ကျွန်မထက် သုံးနှစ်လောက်ငယ်သော ချစ်စဖွယ် မိန်းကလေးတစ်ဦး ဖြစ်လေသည်။

" အထက်တန်း ကျောင်းသားဘဝကတည်းက အသေအလဲလိုက်ခဲ့တာ "

" အခုဆို ကောင်မလေးက သူတို့မြို့က ကောလိပ်မှာ ကျန်နေခဲ့တာ "

" မြို့ကို ပြန်ရောက်တိုင်း သူက ကောင်မလေးအတန်းကို သွားသွားပြီး စောင့်တာ "

မောင်ရယ် ... ကျွန်မ ဘယ့်နှယ်လုပ်ပြီး ယုံရမလဲ ပြောပါဦး။ ကျွန်မသည် မောင့်စကားမှ လွဲပြီး မည်သူ့ပြောစကားမျှ မယုံကြည်တတ်သူ ဖြစ်၏။ မောင့်ကို ဖွင့်ဟမေးရဲလောက်အောင် ကျွန်မ သတ္တိမရှိခဲ့ပါ၊ မောင်သည် ဟန်ဆောင်တတ်သူ တစ်ဦး ဖြစ်ချင်ဖြစ်ပါလိမ့်မည်။ သို့သော် ဖြောင်လိမ်ညာတတ်သူတော့ မဟုတ်ပါ။ အကယ်၍များ " ဟုတ်တယ်ချစ်၊ အဲဒီကောင်မလေးက မောင့်ရည်းစား " ဟုများ ဝန်ခံလိုက်လျှင် မခက်ပါလား။ ကျွန်မ ဘယ်လိုမျှော်လင့်ချက်ဖြင့် ဆက်လက် ရပ်တည်ရပါမည်လဲ။



www.burmeseclassic.com

www.burmeseclassic.com



သည်လိုနှင့် တစ်နေ့ထက်တစ်နေ့ မောင့်ကို အရိပ်တကြည့်ကြည့် အကဲခတ်လာသမျှ တစ်စုံတစ်ရာ သင်္ကာမကင်းဖွယ်လည်း မတွေ့ခဲ့ရပါ။ မောင့် စာအုပ်များကို ကျွန်မ အမြဲဖွနေကျ။ တစ်ခါတစ်ရံ မောင့်လက်ချာစာအုပ်က ကျွန်မထက် ပိုပြည့်စုံတတ်သည် မဟုတ်လား၊ ယုတ်စွအဆုံး မောင့်မှာ စာရေးစက္ကူကတ် တစ်ခုတစ်လေပင် မရှိခဲ့ပါ။ စာအိတ်ဆို ဝေလာဝေး။ မောင့်အင်္ကျီ အိတ်ကပ်များတွင် စက္ကူအပိုင်းအစတွေ့လျှင် ကျွန်မ အမြဲ ရှာဖွေ ဖြန့်ကြည့်မိလောက်အောင် မနာလိုစိတ် ပြင်းပြခဲ့ကြောင်း မည်သူ့ကိုမဆို ဝန်ခံဖို့ ကျွန်မ မရှက်ပါ။ တစ်ခါတစ်ရံ မောင့်အိတ်ထဲတွင် ကျွန်မ၏ ဈေးဝယ်စာရင်း တွေ့သည်။ တစ်ခါတစ်ရံ ဘာသာရပ်ဆိုင်ရာ အကြမ်းဖျင်းမှတ်စုများ တွေ့၏။ တစ်ခါတစ်ရံ ဘတ်စ်ကားလက်မှတ်၊ တစ်ခါတစ်ရံ ရုပ်ရှင်လက်မှတ်။ ထိုမိန်းကလေးနှင့် ပတ်သက်သော သဲလွန်စ လက်ရာခြေရာ ဘာမျှမတွေ့ပါ။ သို့သော် ကျွန်မ ယုံကြည်စိတ်ချစွာ နေခဲ့သူတော့ မဟုတ်။ အမြဲ သံသယဖြင့် မောင့်ကိုလည်း ဖွင့်မမေးဘဲ နံနက်ညတို့ ကျော်ဖြတ်ခဲ့ရ၏။

တစ်ခါတစ်ရံ ကျောင်းသင်ခန်းစာနှင့် ပတ်သက်၍ ကျွန်မတို့နှစ်ယောက် အငြင်းပွားတတ်ကြသည်။ မောင်မှတ်သားထားသည့် အချက်အလက်များနှင့် ကျွန်မ သိမှတ်သည့် အချက်အလက်များ ဆန့်ကျင်ဘက်ဖြစ်သောအခါ တစ်ယောက်နှင့် တစ်ယောက် မည်သူမျှ အလျှော့မပေးဘဲ ငြင်းခုံတတ်ကြပြီး မောင်ကပင် စိတ်တိုသည်။ တကယ်တမ်းတော့လည်း မောင့်မှတ်ဉာဏ်က အလွန်တစ်ရာ အံ့သြလောက်အောင် ကောင်းမွန်လှပါသည်။ မောင်မကျက်ရသေးသောစာနှင့် ကျွန်မ ကျက်ပြီးသောစာ ဆွေးနွေးကြစေကာမူ လက်ချာအတူတူ လိုက်ထားခဲ့လျှင်ဖြင့် မောင်ကပင် ပို၍ မှတ်မိတတ်သေး၏။ တစ်ခါတစ်လေ အလောင်းအစားပင် လုပ်ကြသည်။

www.burmeseclassic.com



" စိန်လိုက်လေ၊ ကဲ ... ဘယ်သူ့ သွားမေးမလဲ "

" အို၊ တက်စ် (Text) ထဲကြည့်မှာပေါ့ "

" လုပ်မနေနဲ့ မရွှေစာ၊ တက်စ် (Text) ထဲမပါဘူး။ ဆရာဦးစိုးမြင့်ကို သွားမေးမယ် "

မောင်သည် သူပြောသည့်အတိုင်း ဆရာဦးစိုးမြင့်ကို သားအိမ်ခေါင်းကင်ဆာ၏ ကုသနည်းများ အကြောင်း ကျွန်မရှေ့တွင် မေးပါသည်။ နောက်ဆုံးတော့ မောင်နိုင်သွားတာပါပဲ။ မောင်က ' ငါကွ ' ဟူသော ပုံစံကို ကျွန်မ အမြင်ကတ်အောင် လုပ်ပြ၏။

" မယှဉ်နဲ့နော်၊ မယှဉ်နဲ့၊ ကိုယ်တို့ဦးနှောက်က သိပ်ကောင်းတာ၊ နင်ဘယ်တုန်းက ငါ့ကို နိုင်ဘူးလို့လဲ၊ ပြောစမ်းပါဦး "

" ပညာတတ် မိန်းကလေးတွေများ သိပ်ကြောက်ဖို့ ကောင်းတယ်။ ကိုယ့်ယောကျာ်းကို ပြန်ပြန်ပြီး ပခုံးချင်း ယှဉ်ချင်သေးတယ်။ တော်ပြီတော်ပြီ ငါမိန်းမယူရင် ပညာသိပ်မတတ်တဲ့ မိန်းမပဲယူမှာ၊ ဒါမှ ငါ့ကို ရိုသေမှာ "

မောင့်စကားထဲမှ ကိုယ့်ယောကျာ်းကိုဟူသည့် အသုံးအနှုန်းနှင့် ပတ်သက်ပြီး ကျွန်မက စောဒက တက်လိုသော်လည်း နောက်ဆက်တွဲစကားကြောင့် ကျွန်မ နင့်နင့်သီးသီး နာကျင်သွားခဲ့ရဖူးသည်။ ကျွန်မ၏ သံသယများ ပိုမိုခိုင်မာလာခဲ့ ပြန်လေသည်။ သို့သော်၊ မောင့်ကို ဘာမှ မမေးရဲပြန်ပါ။



www.burmeseclassic.com

www.burmeseclassic.com



မည်မျှ ကျွန်မအပေါ် ဤသံသယ ဖုံးလွှမ်းနေသနည်းဆိုလျှင် မောင် မြို့မှ ပြန်လာချိန်တိုင်း မောင် ကျွန်မကို တယုတယ တွယ်မိပွေ့ဖက်လျှင် ကျွန်မ ဝမ်းနည်းအားငယ်တတ်၏။ " မောင် ကျွန်မဟာ ဘယ်သူလဲဟင် " ဟု မေးမိတော့မည့် နှုတ်ခမ်းကို ပြန်ပြန်ထိန်းချုပ်ထားလိုက်ရလေသည်။ မမေးပါဘူး၊ မမေးပါဘူး။ တကယ်ဆို မောင်ပြောပြရမှာပေါ့။ အစအဆုံး မောင်ရှင်းပြရမှာပါ။ မင်းသမီး နှစ်လက်နှင့် နှစ်ပါးသွားထွက်သော မင်းသားသည် သူ့ဇာတ်သူနိုင်အောင် လှပစွာ ကပြသွားခဲ့လေသည်။ သိပ်တော့ ကိုယ့်ကိုယ်ကိုယ် အထင်မကြီးလေနဲ့ မောင်။ မောင့်ကို ကျွန်မ ချစ်လွန်းလို့ မောင့်မျက်နှာညိုးမှာကို မကြည့်ရက်လွန်းလို့ ကျွန်မ မောင့်ကို အလျှော့ပေးခဲ့တာ။

" ကောင်မလေးက လှလားဟင်၊ မဌေးဝင်း "

" အို ... လှတယ်၊ လှတယ်။ သူ့လိုပဲ သွယ်သွယ်နွဲ့နွဲ့လေး။ "

ဖျတ်ခနဲ မျက်နှာညိုသွားမည်ဖြစ်သော ကျွန်မကို မဌေးဝင်းက အားနာသလို ဖြစ်သွားလေသည်။

" ဒါပေမယ့် ရုပ်လှတာ တစ်ခုတည်းနဲ့ ဘယ်သူက အိမ်ထောင်ဖက် ရွေးမှာလဲ။ နောက်ပြီး နင်နဲ့ သူနဲ့ ကြားမှာ သံယောဇဉ်ကြိုးက အထပ်တွေ အများကြီးပါဟယ် "

" မဟုတ်ဘူး၊ မဟုတ်ဘူး။ သူ့စိတ်ကို ငါသိတာပေါ့။ သူက အလှအပ သိပ်မက်မောတာ "

" နင်ကလဲ မိန်းမပဲဟာ၊ သူဘာကြိုက်မှန်းသိရင် ကိုယ့်ဘက်ပါအောင် ယူပေါ့ "



www.burmeseclassic.com

www.burmeseclassic.com



ကျွန်မ စိတ်ဆင်းရဲခြင်းများစွာဖြင့် ငေးငိုင်နေတတ်သည်ကိုပင် မောင်က မရိပ်မိတတ်ပြန်ပါ။ ကျွန်မ မျက်နှာမကောင်းလျှင်တော့ သူ ရယ်မောစရာ စကားများ ဆိုမည်။ ကျွန်မ ပြုံးရယ်လာလျှင် ပါးကို လိမ်ဆွဲပြီး စာကျက်ခိုင်းမည်။

“ ကဲ … မောင်က စီအေလန်းဂ် (CA Lung) အကြောင်းပြောမယ်။ ချစ်က စီအေဆားဗစ်စ် (CA Cervix) ပြောပြ ”

ကျွန်မ ငြိမ်သက်စွာ မောင့်ကို ငေးမောနေခဲ့သည်။

“ ချစ် ”

ကျွန်မ မောင့်ရင်ခွင်မှာ မျက်နှာအပ် ကွယ်ပစ်လိုက်သောအခါ မောင် အလန့်တကြား ပွေ့ဖက်ထား၏။ ကျွန်မ မျက်နှာကို မရမက ငုံ့ကြည့်ရင်း တတွတ်တွတ် မေးပြန်သည်။

“ မောင့်ကို မပြောချင်ဘူးလား ဟင်။ ချစ် ဘာဖြစ်နေတာလဲ။ မောင်က ယုံကြည်ရတဲ့လူ မဟုတ်လို့ မတိုင်ပင်ချင်ဘူးလား။ နင်ဘာတွေ စိတ်ပူနေတာလဲ ”

“ စိတ်ပူတာတော့ အမှန်ပဲ ဘယ်လိုမှနေလို့ မပျော်ဘူး ”

“ ဘာများ ပူပင်စရာ ရှိလို့လဲကွယ်။ စာမေးပွဲကြောင့်လား။ အချိန်တွေ အများကြီး ရှိပါသေးတယ်ဟာ။ နင်က ဉာဏ်ကောင်းသားပဲ။ ငါနဲ့နင် စာအတူတူ ကျက်တာဆိုတော့ နင်အောင်ရင် ငါအောင်မယ်။ နင်ကျရင် ငါကျမယ်။ နောက်ဆုံး ကျတော့ရော ချစ်သူနဲ့အတူ ကျရတာ ပျော်စရာပေါ့ ”



www.burmeseclassic.com

www.burmeseclassic.com



" မဟုတ်သေးပါဘူး၊ စာမေးပွဲကို မပူပါဘူး "

" ဟာ ... စာမေးပွဲထက် ပူပင်စရာ ချစ်မှာ ရှိနေပြီလား။ ဘာလဲ ... ဘာလဲ။ မဟုတ်တရုတ်တွေ ငါ့ကို လာပြောဦးမယ် "

မောင်က ကျွန်မ နားနားကပ်၍ (မည်သူမျှလည်း မရှိဘဲနှင့် တိုးတိုးကလေး ပြောသည်။)

" မောင်နဲ့ချစ်နဲ့ တကယ့်လင်မယားလိုမှ မနေခဲ့တာ။ ချစ်က ခုထိ အပျို၊ မသိဘူးလား၊ ချစ်ကို မောင် အမြဲညှာခဲ့တယ်လေ၊ နည်းနည်းများ ဦးနှောက်သုံးစမ်းပါဦးဟာ၊ မောပါ့ကွာ။ အရှူးမ မြင်းစီးပြီး အထီးမှန်း အမမှန်း မသိဘူးဆိုတာ နင့်လို ကောင်မလေးမျိုး ဖြစ်မှာ "

BURMESE CLASSIC .com

မောင့်မျက်လုံးက ချစ်ကြင်နာရိပ်နှင့် ရယ်ရွှင်ရိပ်တို့ ရောစွက်၍ အပြစ်ကင်းစွာ တောက်ပမြဲပါလား။ ဘုရားရေ ... မောင့်ကို ကျွန်မ ဘယ်လိုမှ မခွဲနိုင်အောင် ချစ်နေမိပါလား။

" ဒါလောက်တောင် ဖြစ်လှတာ နေဦး။ နင်တော့ စာမေးပွဲပြီးမှ သိမယ် "

မောင်က ချစ်ဖို့ကောင်းအောင် ကျွန်မအား အံကြိတ်၍ ကြိမ်းမောင်း၏။

" စာမေးပွဲအောင်ရင် မောင် ဘယ်မှာ ဟောက်စ်ဆာဂျင် လုပ်မှာလဲ "

မေးဖို့ခဏခဏ အားယူခဲ့သော မေးခွန်းအစား ဤမေးခွန်းကိုသာ မေးဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



“ အဲဒါလား၊ မသိသေးဘူး။ မောင်တို့မြို့မှာ လုပ်ရမလားလို့၊ ချစ်ရော ”

မေးရက်လေခြင်းဟု စိတ်ထဲမှာ အနည်းငယ် ခံပြင်းသွား၏။

“ မသိသေးပါဘူးလေ ”

“ မန္တလေးမှာတော့ အတူနေရမှာ မဟုတ်ဘူးထင်တယ်။ တော်ကြာမောင်က မေမြို့ရရင် ... ”

“ အို ... မန္တလေး နေချင်ရင် နေလို့ရအောင် လုပ်ဖို့လွယ်ပါတယ် ”

“ မထင်နဲ့ မရွှေစာရေ့၊ မနှစ်တုန်းက ကြည့်ပါလား၊ သေချာပေါက် မန္တလေး တွက်ထားရက်နဲ့ မေမြို့ပါသွားတဲ့လူတွေ အပုံကြီးဗျ၊ ထားပါလေ၊ ဒါက အောင်မှ စဉ်းစားပါ ချစ်ရယ်၊ ချစ်မလုပ်စေချင်တဲ့မြို့ကို မောင် မလုပ်ဘူး ဟုတ်ပြီလား။ ဒီလောက်တောင် ခွဲရမှာကြောက်ရင် စာမေးပွဲပြီး တန်း လက်ထပ်ကြမယ်။ နောက်ပြီး မောင့်အိမ် လိုက်ခဲ့ပေတော့။ အဲဒီကျမှ အပျိုဖြစ်ချင်လို့ မရတော့ဘူးနော်။ အဲဒီအခါကျ မောင် ချစ်ကို မညှာနိုင်တော့ဘူး သိလား။ ”

“ ဟာ ... ဘာတွေ ပြောနေမှန်းလဲ မသိဘူး၊ သွား ”

ကျွန်မကို ပွေ့ဖက်ထားသော မောင်သည် ကျွန်မ၏ ချစ်သူသာလျှင် ဖြစ်၏။ မည်သူ့ချစ်သူမျှ မဟုတ်။

“ ဩော် ... လက်စသတ်တော့ စာမေးပွဲပြီးရင် ခွဲရမယ့်အရေးကို တွေးပြီး စိုးရိမ်နေတာကိုး၊ အရူးမလေး။ ငါကဖြင့် ဘာများလဲလို့ စိတ်ပူလိုက်ရတာ ”



www.burmeseclassic.com

www.burmeseclassic.com



မောင့်မျက်နှာသည် အပြစ်ဟူ၍ မြူတစ်မှုန်မျှ မရှိသော ချစ်သူရည်းစား၏ မျက်နှာသာ ဖြစ်သည်။

သည်လိုနှင့် စာအတူကျက်ရင်း တစ်ခါတစ်ရံ တစ်ယောက်နှင့်တစ်ယောက် ကျက်ပြီးသားစာတွေ ရှင်းပြရာမှ ရန်ဖြစ်ကြရင်း၊ စိတ်ကောက်ကြရင်း နောက်ဆုံးနှစ် အပိုင်း (ခ) စာမေးပွဲကို ဖြေဆိုခဲ့ရလေသည်။

ဘွဲ့နှင်းသဘင် ခန်းမဆောင်ထဲမှာ ခုံနံပါတ် အစအဆုံး တစ်ပေါင်းတစ်စည်းတည်း ဖြေကြရ၍ မောင်နှင့်ကျွန်မ တစ်ခန်းစီ ဖြစ်မှာ မပူပင်ရပါ။ ဖြေတော့လည်း မောင့်ခုံနံပါတ်က ကျွန်မထက် ၃၀ကျော်လောက် နည်းသဖြင့် မောင်က ကျွန်မ၏ လက်ယာဘက်တန်း ရှေ့ကျကျ နေရာတွင် ဖြစ်သည်။

မောင်သည် စာမေးပွဲတစ်ခုအတွင်း ရောက်ပြီဆိုလျှင် တခြား ဘာစိုးရိမ်ဖွယ်ရာ ကိစ္စများကိုမျှ သတိရတတ်သူ မဟုတ်။ ယုတ်စွအဆုံး ကျွန်မ ဖြေသည်ကိုပင် မောင် လှည့်မကြည့်ခဲ့ချေ။ စာမေးပွဲပြီး၍ အခန်းအပြင်ထွက်မှသာ ဖြေနိုင်လားဟူ ဝတ္တရားမပျက် မေးမြဲဖြစ်သည်။ ပထမဆုံးဖြေရသော သားဖွားပညာ စာမေးပွဲနေ့မှာပင် ကျွန်မ စိတ်ဓာတ်အကြီးအကျယ် ကျသွား၏။

" မောင်ရေ ၊ ငါတော့ကျပြီ "

" ဟာကွာ မဟုတ်တာ၊ ဘယ်သူကတော့ ဘယ်လောက်ရမှာမို့လဲ။ ဘယ်သူမှ သိပ်မရကြဘူး။ အားလုံး အတူတူပဲ၊ အပုဒ်စေ့ဖြေတယ် မဟုတ်လား"



www.burmeseclassic.com

www.burmeseclassic.com



“ အင်း ... ဒါပေမယ့် အေပီအိပ်ချ် (A-P-H) က လုံးဝမရတာ မောင်ရဲ့၊ မကြည့်တဲ့ ခေါင်းစဉ်ကြီးကို ”

“ ဟုတ်ပါပြီလေ၊ ဘယ်သူမှတော့ မနှစ်ကမေးပြီးသားကို စေ့စေ့စပ်စပ် ကြည့်တာမဟုတ်ပါဘူး။ မှတ်မိသလောက် ဖြေကြတာပါပဲ ”

“ ဒါပေမယ့် မောင်က မှတ်မိတယ်၊ ငါက မမှတ်မိဘူး ”

“ အလကားသက်သက် စိတ်ဆင်းရဲအောင် ချစ်ရယ်၊ အဆောင်မှာ မေးကြည့်စမ်းပါ၊ ရှစ်ပုဒ်လုံးဖြေနိုင်တဲ့ လူရှိရင် မောင့်လည်ပင်း ဖြတ်ပစ်လိုက်၊ သုံးလေးပုဒ် ဖြေနိုင်ရင် ရတာပဲ။ နောက်ပြီး မနက်ဖြန် ဂိုင်နီ (Gynae) ရှိသေးတယ်လေ။ နှစ်ခုပေါင်းပြီးမှ အမှတ်ပေးတာ ဥစ္စာ။ တော်ကြာ စိတ်ဓာတ်ကျပြီး စာကျက်မရဘဲ ဖြစ်သွားမယ်နော်။ အစကတည်းက နင်က အော့ဗ်စ် (Obs) သိပ်မရဘူးလေ။ ဂိုင်နီကျ ပိုင်တယ်မဟုတ်လား။ ရှစ်ပုဒ်လုံးရအောင် ကျက်မယ်ကွာ၊ စီအေ ဆားဗစ်ကစ် ကျက်မယ်ကွာ၊ အဲဒါ ကျိန်းသေပါမှာ၊ ယူးထရပ်စ်ရဲ့ ဘလတ်ဆပ်ပလိုင်း (Blood Supply) ကျက်မယ်ကွာ၊ ပရိုလက်ပ်စ်အော့ဖ်ယူးထရပ်စ် (Prolapse of Uterus) ကျက်မယ်ကွာ။ အဲဒါတွေအားလုံး တို့နှစ်ယောက် ကျက်ပြီးသား ပြန်နွေးရုံပဲ။ ကဲ ... လာ အဆောင်မပြန်နဲ့၊ မောင့်အိမ်လိုက်ခဲ့။ မောင့်အိမ်က တိတ်ဆိတ်တယ်၊ ခဏ အိပ်လိုက်ရအောင်၊ ညနေကျမှ အိပ်ရာထပြီး ကျက်မယ်၊ တစ်ညလုံးကျက်မယ်၊ ဟုတ်ပြီလား”



www.burmeseclassic.com

www.burmeseclassic.com



မောင်က စာရှင်းပြရာတွင်သာ တော်သည်မဟုတ်၊ အားပေးကောင်းသူ တစ်ဦးလည်း ဖြစ်သည်။ ထိုညက စိတ်ဓာတ်ကျနေသော ကျွန်မကို မောင်သည် ကြင်နာယုယစွာ စောင့်ခေါ်၍ စာကျက်ပေးခဲ့သည်။ စာမေးပွဲညများတွင် မောင့်အိမ်က ဝေးလွန်းသဖြင့် ကျွန်မတို့ ကျောင်းဆောင်ပေို့ သွား၍ စာကျက်ကြမြဲ ဖြစ်လေသည်။ ညဉ့်ဦးပိုင်းကစ၍ ၂နာရီ ၃နာရီအထိ တစ်ပ်စ်ကြို မေးခွန်းများ တဖွဲဖွဲ ရောက်လာသည်။ မိမိ ပြန်မနွှေးရသေးသော မေးခွန်းခေါင်းစဉ်များကို တွေ့လျှင် မောင်သည် နဖူးပေါ် လက်ဝါးဖြင့် ဖျတ်ခနဲ ရိုက်လျက် "သေလိုက်ပါတော့ကွာ" ဟု လွှတ်ခနဲ ညည်းညူတတ်၏။ မျက်နှာငယ်နေမည် ဖြစ်သော ကျွန်မကို အကဲခတ် မိသောအခါ ကျပြန်တော့လည်း မောင် အားတင်းပြန်လေသည်။

" လွယ်ပါတယ်၊ ကဲ … ချစ်က ဒီဟာကျက်၊ ဒါက လွယ်တယ်၊ မောင်က ဒါကျက်မယ်၊ ဒါက နည်းနည်းရှုပ်တယ်၊ နာရီဝက်ပဲ အချိန်ရမယ်၊ ပြန်ပြောရအောင် ဟုတ်လား "

လက်ဖက်ရည် ဖန်ဆိမ့်ကို သောက်လိုက်၊ အဆောင်က ညီမလေးများ လာပေးသော လက်ဖက်သုပ်၊ ရှောက်သီးသုပ်များ စားလိုက်၊ စိုးရိမ်ထိတ်လန့်စွာ ရင်တထိတ်ထိတ် ခုန်ခဲ့ရသော စာမေးပွဲညများကို ခက်ခဲစွာ ကျော်ဖြတ်ခဲ့ရသည်။ နံနက် ၇နာရီခွဲအထိ အမ်စီကျူ မေးခွန်းအတွက် တစ်ခုမျှ မကြည့်ရသေး။ ကျွန်မက ထိတ်လန့်တကြား ငိုချင်လှပြီ။ မောင်က အားပေးနှစ်သိမ့်သည်။



www.burmeseclassic.com

www.burmeseclassic.com



“ ချစ် သွား၊ အဆောင်ပြန် မျက်နှာသစ်၊ သနပ်ခါးလိမ်း၊ နာရီဝက် အချိန်ပေးမယ်၊ ၈ နာရီ မထိုးခင် ပြန်လာ၊ အမ်စီကျူမေးခွန်း ကြည့်ရမယ်။ ဂိုင်နီအမ်စီကျူ (Gyne M.C.Q) က သိပ်လွယ်တာကွ၊ သွား ... သွား ”

အဆောင်ပြန်ရောက်သောအခါ မျက်နှာသစ်ရုံသာ ကျွန်မကိုယ်တိုင် အလုပ်လုပ်ရသည်။ အကျီမီးပူတိုက်တာကအစ ကျွန်မ လုံးထွေးပြန်ယူလာသော စောင်များ ခေါက်တာအစ၊ သနပ်ခါးသွေးသည်အထိ၊ အဆောင်က နံနက်စာကို ယူပေးသည်အထိ တစ်ခန်းတည်းနေသော အတန်းငယ် ညီမငယ်လေးများက အားလုံး လုပ်ပေးသွား၏။

ခေါက်ဆွဲသုပ်၊ ပေါင်မုန့်ကြော် စသည်ဖြင့် ကိုယ်ပိုင်အစားအသောက် များကိုလည်း သူတို့ကပင် စီစဉ်ပေးလေသည်။ ဆေးတက္ကသိုလ်၏ ချစ်စရာကောင်းသော အမှုအကျင့်များ ဖြစ်ပါသည်။ တစ်ခါတစ်ရံ ကျက်ရမည့် စာတွေကများပြီး မိမိနှင့် အလွန်စိမ်းသော စာများဆိုလျှင် ၁၅မိနစ်လောက်နှင့် ဦးနှောက်ထဲရောက်အောင် မည်သူမျှ မသွင်းနိုင်။ ထိုအခါ အတန်းငယ် ညီမများ၊ ညီများ၊ အလုပ်သင်ဆရာဝင် ဖြစ်နေသော အစ်မများ၊ အစ်ကိုများက ခေါင်းစဉ်အသီးသီး ခွဲဝေယူ၍ ကိုယ်စားကျက်မှတ်ပေးရင်း အရေးကြီးအချက်များ မှတ်မိအောင် ပြန်လည်ပြောပြ ပေးရလေသည်။ ကျွန်မတို့ စာမေးပွဲရှိလျှင် သူတို့လည်း မအိပ်ကြရပါ။ တစ်ပ်စ် (Tips) စောင့်ရသည်။ ကူးရသည်။ ကျွန်မတို့က အဆောင်မှာ မရှိသောကြောင့် ကျွန်မတို့ စာကျက်ရာ ကျောင်းစာသင်ခန်း ပေါ်အထိ အပြေးအလွှားလာ၍ မေးခွန်းပေးရသည်။ မိန်းကလေးဆောင်နှင့် ယောကျ်ားလေးဆောင် အပြင် ကျောင်းဝင်းထဲမှ စာကြည့်တိုက်၊ စာသင်ခန်းများတွင်

www.burmeseclassic.com



တစ်ညလုံးပေါက် တဝုန်းဝုန်း တဒိုင်းဒိုင်း ဆူညံစွာ အပြေးလာ၍ အသိပေးလိုက်၊ တတွတ်တွတ်ကျက်မှတ်လိုက်ဖြင့် နောက်ဆုံးနှစ် အပိုင်း (ခ) စာမေးပွဲသည် အလွန်တရာ ပင်ပန်း၍ သွေးပျက်ဖွယ်ရာ စာမေးပွဲ ဖြစ်ခဲ့သည်။

ဆေးပညာ ဘာသာရပ် ပထမပိုင်း ဖြေဆိုရသောနေ့တွင် မောင့်ကို ကျွန်မ ရှင်းပြသော သင်ခန်းစာများ စာမေးပွဲ၌ ပါသောကြောင့် ကျွန်မ အနည်းငယ် စိတ်အေးရသော်လည်း မောင်က မဖြေနိုင်ပြန်ပါ။

“ ဟာကွာ ... သေဖို့ပဲ ကောင်းတော့တာပဲ၊ ဒါတွေ ကိုယ်ကျက်ပြီးသား၊ မေ့ကျန်နေခဲ့တာ၊ ကျပြီကွာ၊ ဒီတစ်ခါမှ တကယ်ကျတာ ”

“ အို ... မဟုတ်တာ မောင်ကလဲ၊ မောင် ဒီလောက်ဖြေနိုင်တာ ”

“ ဘယ်မှာ ဖြေနိုင်လို့လဲ၊ မိုင်ယိုကာဒီယယ်လ်အင်ဖာက်တ် (Myocardial Infarct) တစ်ခုပဲ ကိုယ်ရတာလေ၊ ဒီတစ်ပုဒ်လည်း မရဘူး။ ဒါလဲ မရဘူး ”

“ ဟင် ... ခြောက်ပုဒ်ဖြေနိုင်ရင် တော်ရောပေါ့၊ ဆောလစ်ဒ် (solid) နှစ်ပုဒ် ရတယ် မဟုတ်လား။ ဒါဆို ဂရိတ်ဖိုးတောင် ရဦးမယ်။ ဒီမှာကြည့်၊ ဒါက ခြောက်မှတ်၊ ဒါက ခုနစ်မှတ် ”

မောင်က စိတ်ညစ်ညစ်ဖြင့် ရယ်မောသည်။

“ ဟုတ်ပါ့ကွာ၊ နင် အမှတ်ပေးသလိုသာ ရရင်တော့ ”



www.burmeseclassic.com

www.burmeseclassic.com



" အို ... ဒါတောင် မောင်က ရောင့်တက်လွန်းလို့ လျှော့ထားရတာ၊ မက်ဒီဇင်က လူတိုင်းရတာ မဟုတ်တော့ မောင်လဲ မရတာ မဆန်းပါဘူး။ အံမာ အပုဒ်စွေ ဖြေရင်တောင် အမှတ်ပေးကြရ ဦးမှာ။ ကျတဲ့လူတိုင်းသာ ချပစ်ရရင် တစ်တန်းလုံး အောင်မှာ မဟုတ်ဘူး။ စိတ်မပူစမ်းနဲ့ မောင်၊ ဘတ်ဆိုက်ဒ်ကမှ အဓိကပဲ၊ ဘတ်ဆိုက်ဒ်ကျနေရင်သာ ရေးဖြေအမှတ်လိုတာ "

" တယ်ဟုတ်ပါလား၊ ဒါဆိုရင်တော့ မောင်တို့ အောင်ရချည်သေးရဲ့ "

" အမယ်လေး အောင်မှာ အောင်မှာ မပူနဲ့ "

တစ်ယောက်နှင့်တစ်ယောက် တစ်လှည့်စီ အားပေးရင်း ရေးဖြေစာမေးပွဲ ပြီးခဲ့သည်။ ဆေးရုံမှာ လက်တွေ့စာမေးပွဲ ဖြေကြရသောအခါ မောင်နှင့်ကျွန်မ ခုံနံပါတ် ဝေးသွားသောကြောင့် အုပ်စုကွဲသွားခဲ့ပါသည်။ ပထမဆုံးနေ့၌ ကျွန်မက သားဖွားမီးယပ် ဖြေရပြီး မောင်က ခွဲစိတ်ကုပညာ ဖြေရ၏။ မောင်သည် ဆေးရုံသို့ သွားကြရခါနီးတော့

" ချစ် နင်မကြောက်နဲ့နော်၊ ရဲရဲရင့်ရင့်ဖြေ၊ နင်က မျက်နှာထား သိပ်ကောင်းတာပါ " ဟု အားပေး၏။

ကျွန်မက ငိုမလိုမျက်နှာထားနှင့် " ကြောက်လိုက်တာ မောင်ရယ်၊ ငါတော့ ဒုက္ခရောက်တော့မယ် " ဟု တိုင်တည် ညည်းညူနေမိဖြစ်၏။

" မကြောက်စမ်းနဲ့၊ ဘယ်သူမှ အားလုံးပိုင်တယ်လို့ မရှိဘူး၊ နင်မကြောက်တဲ့ ဆရာနဲ့ ဖြေရပါစေလို့ ဆုတောင်း၊ လွယ်တဲ့ကေ့စ် ရပါစေလို့ ဆုတောင်း၊ မောင်ဆုတောင်းရင် ပြည့်တယ်၊ စောစောက မောင် ချစ်အတွက်ပါ ဆုတောင်းလိုက်တယ်။



www.burmeseclassic.com

www.burmeseclassic.com



အော့ဗ်စ်မှာ နော်မယ်လ်ပြူ ပီရီယမ် (Normal Peurperium) ရလိမ့်မယ်။ ဂိုင်နီကျတော့ မိုင်ယိုးမားယူးထရပ်စ် (Myoma Uterus) တဲ့။ ”

မောင်က အဲသလို ချစ်ဖို့ကောင်းတာ။

“ ဒါပေမယ့် မောင်၊ နော်မယ်လ်ပြူ ပီရီယမ်မှာ ကိုပဲ ဖတ်စ်ပါရာ ရပါစေလို့ မောင်ဆုတောင်း ပေးဦးနော်။ တော်ကြာ အရင် ကိုယ်ဝန်တွေအများကြီးနဲ့ ပျက်ကျတာတို့၊ အသေမွေးတာတို့ ရှုပ်နေရင် ချစ် အချိန်ရမှာမဟုတ်ဘူး။”

“ သေလိုက်စမ်းပါကွာ။ အဲဒီလောက် အပျင်းထူရသလား မိချစ်ရယ် ”

မောင့်ရယ်မောသံကြောင့် တဒိန်းဒိန်း ဆူညံနေသော ရင်ခုန်သံတို့ကိုပင် မေ့လျော့ ထားနိုင်ခဲ့ပေသည်။

“ နင့်ကျ ဆုတောင်းပေးရတယ်။ ငါ့လဲ ဆုတောင်းပေးဦး ”

“ အို ... ညကတည်းက မောင့်အတွက် ဆုတောင်းပေးထားတာ။ မောင် ဆရာဦးမိုလ်နီနဲ့ပဲ ဖြေရမှာ၊ ကိုယ့်ဆရာနဲ့ကိုယ် ဘယ်လောက်ကောင်းလဲ။ နောက်ပြီး ဒီယူပီအက်စ် (D.U.P.S) ရမှာ ”

“ မြတ်စွာဘုရား၊ ဒီယူပီအက်စ် (D.U.P.S) က လွယ်သလိုလိုနဲ့ ဒစ်(စ်)ကပ်စ်ရှင်း (Disscussion) သိပ်ခက်တာ ”

“ အံမယ် ... မောင် ပိုင်ရက်သားနဲ့ ”



www.burmeseclassic.com

www.burmeseclassic.com



" အေးပါ ... အေးပါ၊ အော်သိုကေ့စ် (orthocase) မရရင် ပြီးတာပဲ "

တကယ်တမ်း ဖြေပြီးသည့်အခါ ကျွန်မရော မောင်ရော နှစ်ယောက်လုံး တစ်ဘာသာစီ ကျကြ၏။ ကျသော ဘာသာများလည်း မတူကြပါ။ ကျွန်မက သားဖွားနှင့် မီးယပ်ရောဂါ ကျပြီး မောင်က ကလေးဆေးပညာ ကျ၏။ မောင် စာမေးပွဲကျသည်ကို အားလုံး အံ့သြကြလေသည်။ ကျွန်မသည် မောင်နှင့် မန္တလေးတစ်မြို့တည်း၊ တစ်ဆေးရုံတည်း၊ ၄၊ ၅၊ ၆လ အတူ ဆက်လက်နေရမည် ဖြစ်ပါလျက် ဝမ်းမသာနိုင်ပါ။ မောင့်ကို သနားသောကြောင့် ဖြစ်ပါသည်။

ရီဇတ် အောက်သောအခါ မောင့်မျက်နှာမှာ ငိုမလို ရယ်မလို ဖြစ်နေသည်။ မောင် အလွန်ကြောက်ခဲ့သော ဆေးပညာအောင်၍ အလွန်လွယ်ကူသော ကလေးဆေးပညာ ကျသည် ဆိုတော့ မောင် အူကြောင်ကြောင် ဖြစ်သွား၏။

" တစ်သက်နဲ့တစ်ကိုယ် စာမေးပွဲမကျဖူးတော့ ဘယ်လိုနေရမှန်း မသိအောင် စိတ်ဓာတ်ကျသွားတာပဲ " သိပ်မညည်းညူတတ်သော မောင်က ကျွန်မကို ရင်ဖွင့်ခဲ့သည်။

ထိုအခါ ပထမနှစ်တုန်းက ခြေလွတ်လက်လွတ် တစ်ခါကျဖူးခဲ့သော ကျွန်မက မောင့်ကို နှစ်သိမ့်ခဲ့ရလေသည်။ ပထမ ၃-၄ ရက် မောင် ဆောက်တည်ရာမရအောင် ဖြစ်ခဲ့၏။ မောင့်ကို ကျွန်မ ဂစ်တာတီး၍ ချော့သိပ်သည်။ မောင်နှင့်အတူ ဖဲချပ်များကို ပေးရှင့်ကစားနည်းဖြင့် ကစားသည်။ မောင် အရက်သောက်ဖို့ ကြက်အခြောက်ကြော် ကြော်ပေးသည်။ ကြက်သားသုပ် လုပ်ပေးသည်။ အိုးလ်ဘရမ်ဒီ ပုလင်းပြားလေးကို

www.burmeseclassic.com



မောင်နှင့်အတူ လိုက်ဝယ်ကြသည်။ ရုပ်ရှင်ပွဲ ဆက်ကြည့်ကြသည်။ နောက်တော့ မောင်လည်း သူ့မြို့သို့ ပြန်၍ ကျွန်မလည်း ကျွန်မမြို့သို့ ပြန်သွားကြ၏။

ကျွန်မက ကျောင်းဖွင့်အမီ ပြန်လာသော်လည်း မောင်က တော်တော်နှင့် ပြန်မလာပါ။ မောင်တို့ ကလေးဆေးရုံ အဖွဲ့သားများတွင် မောင်တစ်ယောက်သာ လိုတော့၍ ဌာနမှူး ဒေါ် သိန်းကြည် က မေးလှပြီ။ မောင်က အကျိုးအကြောင်းလေးမျှပင် စာမရေးချေ။ ကျွန်မ အနည်းအကျဉ်းတော့ ရိပ်မိပါသည်။ မောင်သည် ငယ်ချစ်ဦးနှင့် ခွဲခွာဖို့ ခက်နေလိမ့်မည်ဆိုတာ။ သို့သော် မတတ်နိုင်ပါ။ ကျွန်မ မောင့်ထံ ကြေးနန်းရိုက်၍ ခေါ်လိုက်ရပါသည်။ ကျွန်မ မောင့်အပေါ် ထားသည့်စေတနာကို မောင် နားလည်နိုင်မှာပါ။ ကျွန်မ၏ ကြေးနန်းစာသည် မောင်နှင့် မောင့်မိန်းကလေး အတူရှိနေစဉ် ရောက်သွားခဲ့ပါလျှင်၊ ထိုမိန်းကလေးကလည်း ဘာမျှ သိမထားသူဆိုလျှင် ကျွန်မကြောင့် မောင်တို့နှစ်ယောက် စိတ်မဆင်းရဲစေလိုပါ။ ထို့ကြောင့် မောင့်နာမည်ကို ရှေ့က ကို... တပ်၍သာ ရေးလိုက်ပါသည်။ စာသင်တာ နှစ်ပတ်ရှိပြီ။ အမြန်ပြန်လာပါ ဟူ၍ ရေးပြီး ကြေးနန်းရိုက်သူနေရာ၌ ကျွန်မနာမည်ပင် မရေးဘဲ မောင့်သူငယ်ချင်း ယောကျ်ားလေးတစ်ယောက် နာမည်ကို အလွဲသုံးစား လုပ်လိုက်ရလေသည်။

ကျွန်မနှင့် ပတ်သက်၍ မောင် စိတ်မဆင်းရဲရအောင်၊ ဂုဏ်သိက္ခာ မညိုးနွမ်းရအောင် အတတ်နိုင်ဆုံး ထိန်းသိမ်းခဲ့ပါသည် မောင်။ မောင် ပြန်ရောက်သော အခါ မောင့်မျက်နှာကို အမြဲ အရိပ်ကြည့်နေသော မိန်းမပီပီ မောင်၏ သံယောဇဉ်များ ထိုမိန်းကလေးထံတွင် တော်တော်များများ ရစ်တွယ်ကျန်ရစ်ခဲ့ကြောင်း ဝမ်းနည်း ထိတ်လန့်စွာ ရိပ်မိလိုက်တော့သည်။ ဒုတိယနှစ် စာသင်နှစ် ကုန်ဆုံးချိန်မှစ၍



www.burmeseclassic.com

www.burmeseclassic.com



နောက်ဆုံးနှစ် အပိုင်း (ခ) အထိ လက်တွဲမဖျက်ဘဲ တစ်ယောက်ကို တစ်ယောက် ဖေးမစောင့်ခေါ်ရင်း မြတ်နိုးဖော် ကြင်နာဖက်၊ အားပေးဖော် နှစ်သိမ့်ဖက်၊ ဝမ်းနည်းဖော် ဝမ်းနည်းဖက်၊ ဆင်းရဲဖော် ဆင်းရဲဖက် ဖြစ်ခဲ့သော ဇနီးမောင်နှံနီးပါး ရင်းနှီးတွယ်တာခဲ့သည့် ချစ်သူတစ်ယောက်ကို ရက်ရက်စက်စက် ထားပစ်ခဲ့ရအောင်အထိ မောင့်အပေါ် ဆွဲဆောင်နိုင်မည် ဆိုလျှင်လည်း ထိုမိန်းကလေးသည် အလွန်ရာမှ လှပပေလိမ့်မည်။

အနည်းငယ် အပြစ်လုပ်လိုက်မိလျှင်ပင် ဒေါသတကြီး အော်ငေါက်ပစ်သည် အထိ မောင် ကျွန်မ အပေါ် စိတ်တိုခဲ့သောအခါ ကျွန်မ တစ်ယောက်တည်းသာ တိုးတိတ်စွာ မျက်ရည်ကျခဲ့ရ၏။ ကျွန်မ အလုံးစုံ ရိပ်မိနေမှန်း မောင်အနည်းငယ်မျှ မသိစေရပါ။ တစ်ခါတစ်လေ ကျွန်မနှင့်မောင် တစ်ခုတင်တည်း အိပ်ပြီး မောင့်ထံမှ ပင့်သက်ရှိုက်သံများစွာ ကြားခဲ့ရတတ်သည်။ မောင့်ကို နမ်းရှိုက်၍ ချော့မြူရန် ကြိုးစားတိုင်း မောင်က အနည်းငယ် တုန်ယင်စွာ တအားတင်းကျပ်နေအောင် ဖက်လေသည်။

“ နေ့လယ်က မောင့်စိတ်တွေ ဘာဖြစ်နေမှန်း မသိဘူး။ ချစ်ကို စိတ်ဆိုးလို့ မဟုတ်ပါဘူး။ မောင့်ကို ခွင့်လွှတ်နော် ” ကျွန်မ မျက်နှာကို နေရာမလပ်အောင် စိတ်ရှည်လက်ရှည် နမ်းရှိုက်လာသော မောင်သည် ကျွန်မအား ကျွန်မဟူ၍ မြင်ယောင်ပါရဲ့လား။

“ မောင့်ကို ခွင့်လွှတ်ရအောင် မောင့်မှာ ဘာအပြစ်မှ မရှိပါဘူးကွယ် ”

www.burmeseclassic.com



ကျွန်မ စိတ်ဆင်းရဲစွာ မောင့်ရင်ခွင်မှာ တိုးဝင်နေတတ်ခဲ့သည်။ ဘယ်အချိန်များ မောင်နှင့်ခွဲရပါ့မလဲ။ စိတ်အားငယ်တတ်၊ ပူပန်တတ်လွန်း၍ မကြာခဏ မျက်ရည်ကျသည်ကို မောင့်ကို မျက်ရည်ခံထိုးသည် ဟု မောင် ထင်မှတ်မှားမည် စိုးရိမ်သောကြောင့် မောင့်ကွယ်ရာမှာသာ ငိုခဲ့ရ၏။ တစ်ခါတစ်ရံ ညတစ်ရေးနိုးတွင် မောင့်မျက်နှာကို ကြည့်မဝနိုင်ပဲ ငေးမောနေမိတတ်ပြန်သည်။

ကျွန်မကို ထားရစ်ခဲ့လိမ့်မည်ဟု မတွေးရက်ရက် တွေးမိတိုင်း မောင့် ကြင်နာယုယမှုများကို မယုံကြည်နိုင်အောင် ဖြစ်ခဲ့ရ၏။ ကျွန်မအား တကယ်ကို ညှာတာစွာ ဆက်ဆံခဲ့သည့် မောင်။ ကျွန်မအား ယခုအထိ အပျိုငယ်လေး တစ်ယောက်အဖြစ် တတ်နိုင်သမျှတော့ ထိန်းသိမ်းခဲ့သော မောင်သည် ကျွန်မ အပြင် အခြား မိန်းကလေးတစ်ယောက်ကို ဘယ်တော့မျှ လက်တွဲသွားလိမ့်မည် မဟုတ်။ စိတ်အားငယ်မှုနှင့် မိမိဘာသာ စိတ်ဖြေသိမ့်မှုတို့ကို တစ်လှည့်စီ ခံစားရင်း တစ်ရေးနိုးခဲ့ရသော ညပေါင်းများစွာသည် မကုန်ဆုံးနိုင်အောင် ရှည်လျားလှ၏။ မောင့်ဘေးမှာထိုင်၍ မောင့်အသက်ရှူသံကို နားထောင်ရင်း ဖွာဆန်ကြဲ၍ နဖူးပေါ် ဝဲကျနေသော ဆံပင်တို့ကို မချင့်မရဲ လက်ဖြင့်ထိတို့ ဖယ်ရှားပေးရင်း လုံးချွန်သော နှာတံထိပ်ဖျားလေးကို ကျွန်မ နှုတ်ခမ်းနှင့် မထိတထိ ဆော့ကစားရင်း ပူပင်သောကများ တရိပ်ရိပ် တက်လာသော တချို့ညများတွင် ဖြုန်းခနဲ အိပ်ရာမှ ထကာ ဂစ်တာကို ဆွဲလျက် အိမ်ရှေ့ ဝရန်တာလေးဆီသို့ သွားထိုင်ရင်း ဂစ်တာ တီးနေလိုက်မိ၏။ အနည်းငယ် ကျယ်လောင်၍ မောင်နိုးသွားမှာ စိုးမိလျှင်တော့ ခြံဝင်းပြင်ထွက်၍ အိမ်ရှေ့က တံတားဖြူလေးပေါ်မှာပေါ့။



www.burmeseclassic.com

www.burmeseclassic.com



ပုလဲ၏ “ ဘီလူးခေါင်းနဲ့မင်းသား ” ကို တစ်ခါဆိုတီးမိသောညက ကျွန်မ မောင့်ကို တိတ်တိတ်လေး ပြန်၍ အားနာသွားခဲ့ဖူးသည်။

“ မိန်းမသားလေးမို့ ကျိတ်ခံစားပါတယ် ××× ငိုချင်တာတောင် ဖုံးကာဖုက်ကာရယ် ×× ညာနေတာကို သိရက်သားနဲ့ကွယ် ××× မင်းသားလေးလို့ မှတ်ထင်ထားပါတယ် ×× ငါလေ မြင်နိုင်ရင် နင့်ကို ပြချင်တယ်။ ငါ့ရင်ထဲ ဘယ်လောက်တောင်များ ကြိတ်ခံစားတာ × နင်လေ ရက်စက်တာများပြီ × ငါလေ ဖြစ်နိုင်ရင် အဝေးကို ပြေးချင်တယ် × ခက်တာက ငါ့စိတ်ကလေး မပြတ်နိုင်သေးတာ ငါတော့ ချစ်မိတာ မှားပြီ။ မင်းသားလေးလို့ မှတ်ထင်ထားသူရေ × လိမ်တယ်ညာတယ် အချစ်ကို ကစားတယ် ”

မဟုတ်ပါ။ မောင့်ကို ဘယ်လိုမှ မထင်ရက်ပါ။ မောင်သည် ကျွန်မအတွက်တော့ တကယ့် မင်းသားလေးပါ။ နောက်ဆုံးကျမှ ဘီလူးဆိုင်း ထွက်လျှင်တော့ မသိဘူးပေါ့လေ။ သည်အချိန်ထိတော့ မောင်သည် ကျွန်မ တစ်ဦးတည်းသာ ရှိသကဲ့သို့ ကြင်နာယုယဆဲ ဖြစ်သည်။

ကိုနေဝင်း၏ လွမ်းရေးခက်ခက်ကိုတော့ ကော့ဒ်များကို အလွတ်မရဘဲ (အဲဒီတုန်းက) စာအုပ်နှင့်တိုက်၍ တီးရဆဲ ဖြစ်သည်။ တစ်ခါတစ်ရံ တံတားဖြူလေးပေါ်၌ ဤသီချင်းလေးကို တီးလျှင် ကမောက်ကမတွေဖြစ်ပြီး အစအဆုံး တစ်ခါတည်း တီးမရတတ်ဘဲ ကျွန်မသာလျှင် မျက်ရည်ကျရစမြဲတည်း။

www.burmeseclassic.com

www.burmeseclassic.com



" မင်းဘဝ အလိုပြည့်မှ တို့ပျော်မယ် × × × မတားရက်ပါ မင့်နဲ့ နေပါစေ × × အရှုံးနဲ့ ကံအားကိုး မရတဲ့အခါ × ကိုယ်ဟာ မင်းကို အရာရာ ပုံခဲ့တယ် × အလှမ်းဝေးလို့ ပြေးထွက်သွားသူရယ် "

တကယ်တော့ ပြတ်ပြတ်သားသား အရေးမဆိုဝံ့ခြင်းမှာ ကျွန်မ သတ္တိကြောင်လွန်းလို့ပဲလား။ မောင့်ကို ငဲ့ညှာလွန်း၍ ပဲလား။ သို့မဟုတ် မောင်ဟာ ငါ့လိုမိန်းမမျိုးကို ဘယ်တော့မှ ပစ်သွားမှာ မဟုတ်ပါဘူးဟူသော ကိုယ့်ကိုယ်ကို ယုံကြည့်စိတ်ချလွန်းခြင်းကြောင့်ပဲလား မသိနိုင်ပါ။ နောက်ဆုံးအချိန်အထိ မောင်ဘာမှ မရိပ်မိဘဲ မောင့်ဘေးမှာ လိုက်ပါစမြဲ ဖြစ်ခဲ့၏။

" မောင်လဲ ပညာတတ် ယောကျ်ားတစ်ယောက်ပဲ။ မောင်လဲ သိပ်ချစ်တတ်တဲ့ လူငယ်တစ်ယောက်ပဲ။ မောင့်နှလုံးသားနဲ့ မောင့်ဦးနှောက်ကို (မည်သူ၏ အကျပ်ကိုင်မှု၊ မျက်ရည်ခံထိုးမှုကြောင့်မှ မဟုတ်ဘဲ) လွတ်လပ်စွာ မောင် ဆုံးဖြတ်ပါစေ "

မှားယွင်းသောလိုက်လျောမှု တစ်ခုဖြင့် လောင်းကြေးများလွန်းသော ကစားပွဲ တစ်ခုပမာ အရှုံးကို စောင့်မျှော်သော ကျွန်မ၏ဘဝမှာ မည်မျှ အံ့ဖွယ်ကောင်းလိုက်ပါသနည်း။

ကျွန်မအတွက် အဆိုးရွားဆုံးသော ကာလတစ်ခုသည် မကြာမီပင် ရောက်လာခဲ့၏။ တစ်ရက် ညနေ လေးနာရီအချိန် မောင့်အိမ်သို့ ကျွန်မ ရောက်သွားသော အခါ သော့ခတ်ထားသော အိမ်တံခါးကို တွေ့ရသည်။ ညနေတိုင်း ကျွန်မနှင့် မောင် ထမင်းအတူ မစားခဲ့သည်မှာ ကျွန်မ စာမေးပွဲကျ၍ အပြင်ဘော်ဒါဆောင် ပြောင်းကတည်း



www.burmeseclassic.com

www.burmeseclassic.com



ကဖြစ်သည်။ သော့ခတ်ထားခြင်း အလွန်ရှားပါးသောကြောင့် ကျွန်မ စိတ်တွင် ထင့်သွား၏။ သို့သော် ကျွန်မတို့ တစ်ယောက်လျှင် သော့တစ်ချောင်းစီ ရှိသောကြောင့် အိမ်တံခါးကို သော့ဖြင့် ဖွင့်ဝင်ရသည်မှာ ဤအကြိမ်သည် ပထမဆုံးမဟုတ်။ အခန်းထဲရောက်တော့ ဂစ်တာကြိုးများကြားတွင် ညှပ်ထားသော စာတစ်စောင်။

" ချစ် ...

မောင်တို့မြို့က ဧည့်သည်တွေရောက်နေလို့ မောင်တွေ့ဖို့ ခဏ သွားတယ်။ မောင် ရှစ်နာရီမတိုင်မီ ပြန်လာမယ်။ ဒါပေမယ့် ထမင်းစားဖြစ်မယ် မထင်ဘူး။ ချစ် စားနှင့်ပါ။ မောင် ပြန်လာမှ ချစ်ကို အိမ်ပြန်ပို့ပေးမယ်၊

ချစ်ရဲ့မောင် .... " တဲ့။

မောင်သည် ကျွန်မနှင့် ရင်းနှီးသည့် လေးငါးနှစ်ကာလအတွင်း ဧည့်သည်သွားကြို ပြန်ပို့ သွားတွေ့ခြင်း ဟူသော လောကဝတ္တရားများကို ဘယ်တုန်းကမျှ ပြုမူဖူးသူမဟုတ်မှန်း ကျွန်မသိသားပေါ့။ အဲဒီကတည်းက ကျွန်မ သိလိုက်ပြီ။ ဧည့်သည်မှာ သာမာန်ဧည့်သည် မဟုတ်နိုင်။

ကျွန်မ ရှက်လည်းရှက်၊ ဒေါသလည်းထွက်ပြီး ချက်ချင်း အိမ်ပြန်ဖို့ စိတ်ကူးလိုက်သေး၏။ သို့ပေမယ့် ကျွန်မစိတ်ကို ပြန်ထိန်းလိုက်သည်။ ကောင်းပြီ၊ တတ်နိုင်သမျှ မောင့်အလိုအတိုင်း ဖြစ်စေရမည်။ မောင်က စောင့်စေချင်သည် မဟုတ်လား။ ကျွန်မ စောင့်လိုက်ပါသည်။

www.burmeseclassic.com



ထိုညက မောင် ပြန်လာသောအခါ ရှစ်နာရီထိုးရန် ၁၅မိနစ်ပင် လိုသေး၏။ မောင်သိပ်တော်ပါလား။ မိန်းကလေးကို ဘယ်လိုများ နှစ်သိမ့်ထားပါလိမ့်။ အင်းလေ၊ မိန်းကလေး တစ်ဦးတည်း ဟုတ်ချင်မှ ဟုတ်မည်။ မိဘဆွေမျိုးပင် ပါချင်ပါလိမ့်မည်။

ကျွန်မသည် ဂစ်တာတီးနေဆဲ အချိန်ဖြစ်ခဲ့၏။

“ ရင်ခုန်သံတွေ ဒီရေလှိုင်း တရွေ့ရွေ့တိုးဝှေ့ ကိုယ့်ရင်မှာ × × × တရေးရေးတွေးမိ သိပြီလေ × × အခုတော့ နှောင်းမှ မျက်ရည်ဝေ ...။ အဆုံးသတ်မှာ တစ်ဘက်နဲ့တစ်ဘက် နိဂုံး ... ”

မောင် ကျွန်မဘေးမှာ ငြိမ်သက်စွာ ရပ်လာသည်။ ကျွန်မ မော်ကြည့်လိုက်သောအခါ ဖန်ချောင်းမီးရောင် အောက်တွင် မောင့်မျက်ဝန်းများ ရွှန်းလက်နေသည်။ ဂစ်တာကို ချက်ချင်း ရပ်ပစ်လိုက်သည်။ မောင်က ကျွန်မဘေးမှာ ဝင်ထိုင်၍ ပြုံးပြသည်။ မောင့်အပြုံးက ချစ်ခင်မှုဖြင့် တောက်ပစွာ အပြစ်ကင်းလွန်းသောကြောင့် ကျွန်မ မှန်းဆချက်များ မှားလေသလားဟုပင် သံသယ ဖြစ်မိသည်။

“ တီးဦးမလား၊ တီးလေ ”

“ ဟင့်အင်း ... ဂစ်တာဆိုတာ မောင်မရှိမှ လိုတာပါ ”

မောင် ကျွန်မကို သတိလက်လွတ် ငေးမောနေ၏။ ထို့နောက် ကျွန်မ လက်ထဲမှ ဂစ်တာကို ဆွဲယူချိတ်ထားလိုက်၏။ မျက်နှာတူရှုသို့ ငေးမောနေမိသော ကျွန်မကို မောင်က ပါးချင်းအပ်ပြီး ကျွန်မ ဆံပင်တို့ကို လက်ဖြင့် ညင်သာစွာ ဆော့ကစားနေခဲ့၏။



www.burmeseclassic.com

www.burmeseclassic.com



" နေကောင်းရဲ့လား "

" အို ... ကောင်းပါတယ် "

" ချစ်မျက်နှာလေး နည်းနည်းညိုးနေတယ် "

ကျွန်မ မျက်နှာကို အတတ်နိုင်ဆုံး ပြုံးပစ်လိုက်၏။

" မောင့်ကို လွမ်းလို့ပါကွယ် "

" ပိုပြီ၊ သူ။ ဘယ်နှစ်နာရီမှ မကြာဘဲနဲ့၊ အဲဒါဖြင့် ဒီည အိမ်မပြန်နဲ့တော့ "

" ဘယ်ဖြစ်မလဲ၊ ဘာမှ ပြောခဲ့ရတာ မဟုတ်ဘူး "

" သူတို့ ရိပ်မိမှာပါကွာ မောင့်ဆီမှာ အိပ်မယ်ဆိုတာ "

" ဟင့်အင်း ... မဖြစ်ဘူး မောင် "

" မရဘူး၊ ပြန်မလွှတ်ဘူး "

" ဟာ "

မောင်က မချိုမချဉ်မျက်နှာနှင့် ကျွန်မကို ခုတင်ပေါ်အိပ်အောင် အသာအယာ တွန်းလှဲ၏။

" မောင်နော်၊ ဘာလုပ်မလို့လဲ "



www.burmeseclassic.com

www.burmeseclassic.com



“ ဘာမှ မလုပ်ဘူး၊ နမ်းမလို့ နမ်းမလို့၊ ငါ့ကို အဲလို မယုံမကြည်လေသံနဲ့ မမေးနဲ့၊ ငါဘယ်တုန်းက နင့်ကို နာကျင်အောင် လုပ်ခဲ့ဖူးလို့လဲ ”

ထိုညက ကျွန်မသည် ပထမဆုံးအကြိမ်အဖြစ် မောင့် အကြင်နာများကို ကြောက်ရွံ့ထိတ်လန့်ခဲ့ပါသည်။

“ ဒီမှာမောင် ကျွန်မ ဘယ်သူလဲ ” ဟူသော မေးခွန်းမေးဖို့ အကြိမ်ကြိမ် အားယူခဲ့၏။ မမေးရက်ခဲ့ပါ။ ဒါဟာ ဘယ်သူကပေးတဲ့ ရမ္မက်မီးလည်း မောင်ရယ်။ တွေးမိသောအခါ ကျွန်မ ဝမ်းနည်းအားငယ်စွာ မျက်ရည်ကျ၏။ ကျွန်မ မျက်ရည်များကို နမ်းမိသော မောင်က ထိတ်လန့်တကြား ဖြစ်သွား၏။

“ ချစ်၊ မောင် ချစ်ကို ဘာလုပ်လို့လဲ၊ ဘာမှဖြင့် မလုပ်သေးဘဲနဲ့ ”

ကျွန်မ မျက်နှာကို အကဲခတ်၍ အကြာကြီး ငုံ့ကြည့်နေသော မောင်သည် ပထမဆုံးအကြိမ် ဝေခွဲမရသည့် အရိပ်များ ထင်ဟပ်လာ၏။ မျက်ရည်စများကို လက်ညှိုးဖြင့် ညင်သာစွာ သုတ်ပေးခဲ့သည်။

“ ဘာစိတ်ဆင်းရဲစရာ ရှိလို့လဲဟင်၊ ကိုယ့်မှားသွားတယ်၊ ကိုယ်လေ ချစ်သူရဲ့ မျက်နှာရိပ် မျက်နှာကဲကို မဖတ်တတ်သေးဘူး သိလား၊ မောင့်ကို ပြော၊ ဘာဖြစ်လဲ၊ ဘာလုပ်ပေးရမလဲ ”

မောင့်အသံမှာ ယုံကြည်စိတ်ချမှု အပြည့်နှင့်။

“ နင် ငါ့ကို စိတ်ကောက်ပြန်ပြီ မဟုတ်လား၊ ထမင်းရောစားပြီးပြီလား ”


www.burmeseclassic.com

www.burmeseclassic.com



ကျွန်မ မဖြေပါ။

“ ကဲ … ထထ၊ မောင် အလကားစတာ၊ ပြန်ပို့မှာပါ၊ သွားရအောင်လေ၊ ဒီအချိန်ဆို မြင်းလှည်းရသေးတယ် ”

ကျွန်မ၏ ပခုံးအောက်မှ လက်တစ်ဘက်၊ ဒူးကောက်ခွက်အောက်မှ လက်တစ်ဘက် လျှိုသွင်း၍ မောင်က ပွေ့ချီဖို့ ဟန်ပြင်၏။

“ အို … ဖယ်ပါ၊ ထမလို့ ”

“ ဒီမှာ ကျေးဇူးပြုပြီး ဒေါ် စုစုထွေး ငြိမ်ငြိမ်လေးနေပါ၊ ကျွန်တော့ ခင်ဗျား ကိုယ်ထက် နှစ်ဆတောင် ပွေ့ချီနိုင်ပါတယ် ” မောင်က ပြောပြောဆိုဆို ကျွန်မကို အိမ်ရှေ့ထိ ပွေ့ချီလာသောကြောင့် ကျွန်မ အလန့်တကြား အော်မိသည်။

“ ဟော … ဘယ်လိုလုပ်တာလဲ၊ အစောကြီးရှိသေးတယ်၊ အိမ်ရှေ့လမ်းပေါ်မှာ လူမပြတ်သေးဘဲနဲ့ ”

“ ဘာဖြစ်လဲ၊ ကိုယ့်မိန်းမ ကိုယ်ပွေ့တာပဲ၊ ဟော့ မရုန်းနဲ့၊ ငါလွှတ်ချလိုက်မယ်၊ ပြော ငါ့ကို ချစ်လား ”

မောင့်မျက်နှာမှာ ကျွန်မကို ချစ်ခင်ယုယသည့် အရိပ်အရောင်များဖြင့် ရွှန်းလက်ဆဲပါတည်း။ ဘုရားရေ၊ ကျွန်မ ဘယ်လို နားလည်ရပါ့မလဲ။ မောင်ကပဲ ဟန်ဆောင်ကောင်းလွန်းတာလား။ ကျွန်မပဲ လူကဲခတ် ညံ့တာလား။ ထိုညကဖြင့် မောင့်အပေါ် ထားခဲ့သည့် သံသယများအားလုံး မောင့်အပြုံးဖြင့် ပျောက်လွင့်ခဲ့တော့သည်။

www.burmeseclassic.com



သို့သော် နောက်တစ်နေ့ညနေမှာတော့ မောင်ကိုယ်တိုင်၏ စကားမဟုတ်ဘဲ မည်သူ့စကားမျှ မယုံကြည်ခဲ့သော ကျွန်မအဖို့ အိပ်မက်မှ ဖြုန်းခနဲ လန့်နိုးသွားရ၏။ နောက်တစ်နေ့ ညနေမှာ ကျွန်မ မောင်ရှိရာ ကလေးဆေးရုံသို့ သွား၏။ ကျွန်မတို့ မြို့သို့ ပစ္စည်းနှင့်စာ လူကြုံပေးရန် ကားဂိတ်သို့သွားရန် မောင့်ကို လာခေါ်ခြင်း ဖြစ်သည်။ ကလေးဆေးရုံရောက်တော့ မောင့်သူငယ်ချင်းများကိုသာ တွေ့ရ၏။ ဒေါ်မာမာစိန် စာသင်နေသော အခန်းပေါက်ဝမှပင် ကျွန်မ ချောင်းကြည့်ခဲ့သည်။ မောင့်ကို မတွေ့ရ၍ ပြန်ထွက်မည် စိတ်ကူးစဉ် ကံအားလျော်စွာ ဆရာမ စာသင်ပြီးစီး သွားသဖြင့် မောင့်သူငယ်ချင်းက အပြေးအလွှား ရောက်လာသည်။ မောင် မနက်ကတည်းက ဝါ့ဒ်ထဲ မလာကြောင်း ပြောပြသည်။ အရေးကြီးလျှင် လိုက်ရှာပေးမည်တဲ့။ ဟင့်အင်း၊ နေပါစေ အရေးမကြီးပါဘူးဟု ပြောခဲ့ပြီး ဘုရားသုံးဆူရှေ့ရှိ 'အောင်သူ' ဟီးနိုးကားဂိတ်သို့ တစ်ယောက်တည်း ရောက်သွားပြီး ကားဂိတ်မှာ ပစ္စည်းနှင့်စာ ပေးလိုက်ရ၏။

အဲသည်နေ့က မောင်ရော ကျွန်မရော နှစ်ဦးလုံး ကံဆိုးကြ၏။

ကျွန်မက ထုံးစံအတိုင်း လမ်းထွက်လျှင် ထီးဆောင်းတတ်သူ မဟုတ်သော ကြောင့် အဲသည်နေ့ ညနေအပြန်မှာ မိုးဖွဲဖွဲရွာသောအခါ ကျွန်မ မိုးခိုရန် လိုအပ်လာ၏။ ချက်ချင်းသဲမဲပြီး ချက်ချင်းစဲသွားမည့် မိုးမျိုးဟုလည်း ထင်မှတ်သောကြောင့် နီးစပ်ရာ တစ်နေရာရာသို့ ဝင်ထိုင်ဖို့ လိုအပ်နေဆဲမှာပင် အဏ္ဏဝါ အအေးဆိုင်ရှေ့ ရောက်လာ၏။ အအေးသောက်ချင်လွန်း၍ မဟုတ်သော်လည်း ဖြုန်းခနဲ ဆုံးဖြတ်ချက်ဖြင့် အအေးဆိုင်ထဲ ခပ်သွက်သွက် ဝင်လိုက်မိသည်။ တည်းတည်းကလေး ကျန်ရစ်သော မျှော်လင့်ချက် ကြိုးမျှင်ကလေးတစ်ခု ထောက်ခနဲ ပြတ်သွားပြီး အေးစိမ့်သော ပတ်ဝန်းကျင်နှင့်



www.burmeseclassic.com

www.burmeseclassic.com



ဘာမျှမဆိုင်စွာပင် ကျွန်မ ရင်ထဲမှာ မီးတောက်တစ်ခု အရှိန်ပြင်းစွာ ဟပ်လိုက်သလို ပူပြင်းနာကျင် သွားရသည်။ မယုံကြည်နိုင်စရာ မြင်ကွင်းလည်းမဟုတ်၊ တစ်စတစ်မျှင်ခြင်းဖြင့် ရုပ်လုံးတစ်ခု ပေါ်လုနီးပါး ရိပ်မိသိရှိပြီးသော အဖြစ်အပျက် ဆိုပေမယ့် တကယ်တမ်း ရင်ဆိုင်လိုက်ရသောအခါ ကိုယ်ခန္ဓာမှ အားအင်များ ရုတ်ခြည်း လျော့ကျ ဆုတ်ယုတ်သွားသည်။ ကျွန်မက အလျင်စတင် မြင်လိုက်ရသူမို့ ရုတ်တရက် ချောက်ချားအံ့ဩမှုကို ချက်ချင်း ပြင်ဆင်ထိန်းသိမ်းရန် အချိန်လုံလောက်စွာ ရခဲ့၏။ ကျွန်မ ရပ်တည်နိုင်စွမ်း ပြန်လည်ရသည့်အချိန်တွင်မှ မောင်က ကျွန်မကို မြင်သွား၏။ မောင့်မျက်နှာ၏ ထိခိုက်ချောက်ချားမှုကို ကျွန်မ တစ်သက်နှင့် တစ်ကိုယ် သည်တစ်ခါပဲ မြင်ဖူးပါသည်။ မောင်သည် လေးငါးစက္ကန့်လောက်အထိ ကျွန်မကို တုန်လှုပ်သော ဟန်အမူအရာဖြင့် ငေးနေ၏။ ကျွန်မက ဟန်ဆောင်မြန်သူပီပီ လက်မြှောက်ပြကာ "နေပါ ၊ နေပါ " ဟူသော ပုံစံဖြင့် ခပ်လှမ်းလှမ်းက စားပွဲရှိရာသို့ တစ်ဦးတည်း သွား၍ ထိုင်ခဲ့ပါသည်။

ကျွန်မ အနည်းငယ် ညစ်စွာ မောင်နှင့် မျက်နှာချင်းဆိုင် ဖြစ်မည့် ကုလားထိုင်၌ ရွေး၍ ထိုင်သည်။

မောင့် မိန်းမငယ်လေးသည် ကျွန်မကို ကျောပေးလျက်ရှိသည်။ ကျွန်မ နှလုံးသားကို အတင်းဆွဲထုတ်သွားမည့် ပြိုင်ဘက်မိန်းမတစ်ဦးအဖြစ် မနာကြည်းနိုင် လောက်အောင်ပင် ချစ်စဖွယ် ကောင်းသော မိန်းကလေးတစ်ဦးပါ တကား။ ကြည်ပြာရောင် အထက်အောက် ဆင်တူဖြင့် လန်းဆတ်နူးညံ့စွာ လှပတင့်တယ်သူ တစ်ဦး



www.burmeseclassic.com

www.burmeseclassic.com



ဖြစ်သည်။ စောစောက ဘေးစောင်း မြင်ခဲ့ရသော ပါးမို့ကလေးများမှာ ပန်းသွေးရောင် ရဲနေသည်။ ဘယ်လောက် ချစ်စရာ နူးညံ့လိုက်တဲ့ မိန်းကလေးပါလိမ့်။

" ဘာသောက်မလဲ " ကျွန်မအနားသို့ လာရပ်သော အင်္ကျီအဖြူ၊ လုံချည်ပြာနှင့် ဆိုင်ဝန်ထမ်း မိန်းကလေး၏ အသံသည် လိုအပ်သည်ထက် ကျယ်လောင်စွာ နားထဲ ဆောင့်ဝင်သွားသည်။

" အင်း ဘာသောက်ရရင် ကောင်းမလဲ၊ သံပုရာရည်ပဲ ပေးပါ "

ကျွန်မ၏ ဒူးများ တဆတ်ဆတ်တုန်၍ ယိုင်နဲ့နေဆဲ ဖြစ်၏။ မောင်သည် ကျွန်မကို လှမ်းကြည့်နေ၏။ မောင့်မျက်နှာ၏ အနေရခက်မှု၊ ရှက်ရွံ့ထိတ်လန့်မှု သည် တဖြည်းဖြည်းချင်း ပျောက်ကွယ်သွားသည်။ မောင်သည် ကျွန်မလောက် ဟန်ဆောင်မြန်သူ မဟုတ်ချေ။ မောင့်ကို မျက်လုံးချင်းဆုံချိန် ကျွန်မ ဒုတိယအကြိမ် ပြုံးရယ်ပြလိုက်သောအခါ ပထမအကြိမ်ထက် ပိုမိုလွယ်ကူသွားသည်ကို အံ့သြစွာ သိလိုက်၏။ မောင်ကလည်း ချက်ချင်း ပြန်လည်ပြုံးပြ၏။ မဆိုးပါလား၊ မောင့်အပြုံးက တကယ့်ကို မိတ်ဆွေတစ်ယောက်ကို ပြုံးပြသော အပြုံးမျိုးပါ။

မောင့်အပြုံးကြောင့် မိန်းကလေးက ကျွန်မဘက် လှည့်ကြည့်သည်။ နက်မှောင်သော မျက်လုံးများက မောင့်ကို ညို့ယူနိုင်စွမ်းမည်မှာ သံသယဖြစ်စရာ မလိုပါ။ မောင်က တစ်ခုခု ပြောလိုက်၏။ ကျွန်မ မည်သူဟု ပြောခြင်းပင် ဖြစ်ပေလိမ့်မည်။ မိန်းကလေးက ကြည်လင်သော မျက်နှာပေးကလေးဖြင့် ကျွန်မကို ခေတ္တစိုက်ကြည့်ပြီး နှုတ်ခမ်းက ပြုံးလာသည်။ ခပ်လှမ်းလှမ်းမှ ကြည့်လျှင်ပင် နှုတ်ခမ်းလေး၏



www.burmeseclassic.com

www.burmeseclassic.com



နူးညံ့လတ်ဆတ်မှုကို ခံစား၍ရ၏။ ထို့နောက် မောင်ရော မိန်းကလေးရော ခေါင်းငုံ့၍ စကားပြောနေကြဟန် တူသည်။

ကျွန်မ ရင်ထဲမှ မခံမရပ်နိုင်အောင် နာကျင်မှုသည် ဒေါသဖြင့် နာကျည်းခြင်း မဟုတ်ပါ။ နူးညံ့သော ဝမ်းနည်းခြင်းသာ ဖြစ်ပါလိမ့်မည်။ သံပုရာရည် လာချသောအခါ အနည်းငယ်သာ ကျွန်မ သောက်ပါသည်။ အပြင်တွင် မိုးသည် သဲမဲစွာ ရွာသွန်းနေ၏။

ကဲ ... နင်ဘာလုပ်မလဲ၊ မိုးမစိုတဲ့ အရိပ်အောက်မှာ ခက်ခက်ခဲခဲ ထိန်းချုပ်ရင်း နေမလား၊ မိုးရွာနေတဲ့ လမ်းပေါ်မှာ တစ်ယောက်တည်း စိတ်ကို လွှတ်ပစ်မလား။ နောက်ဆုံး အပြင်မှာပဲ စိတ်ဆင်းရဲဖို့ ဆုံးဖြတ်လိုက်၏။ သို့သော် ကျွန်မ မောင့်ကို နှုတ်ဆက်ချင်သေးသည်။ ပိုက်ဆံရှင်းသောအခါ မောင်တို့ စားပွဲအတွက် ပြေစာတစ်ရွက် သတ်သတ်ဖြင့် ရှင်းပေးလိုက်ပါသည်။ ကိုယ့်ကိုယ်ကိုယ် ယုံကြည်စိတ်ချစွာ၊ အနည်းငယ် မိုက်မဲစွာ မောင်တို့ စားပွဲသို့ လျှောက်သွား၏။

ဟန်ဆောင်ထားသော မောင့်မျက်လုံးများ တစ်ချက် လက်ခနဲ စူးသွားသည်။ နူးညံ့၍ လုံးဝန်းသော မောင်၏ အောက်နှုတ်ခမ်းလေးသည်ပင်လျှင် ဆတ်ခနဲ တုန်ယင်သွားလေသည်။ အနီးကပ် ရပ်လိုက်သော ကျွန်မကို မော်ကြည့်နေသည့် မောင့်မျက်နှာမှာ အသနားခံ တောင်းပန်သည့် မျက်နှာပါ သေချာပါသည်။ တောင်းပန်၍မရလျှင် ဖြစ်ချင်ရာဖြစ်ဟူသော စိတ်ပျက်အားငယ်တော့မည့် မျက်နှာလည်း ဖြစ်၏။



www.burmeseclassic.com

www.burmeseclassic.com



" ကြည့်စမ်း၊ နင် ကျောင်းလစ်ပြီး ဒီမှာ လာငြိမ့်နေတာကိုး၊ ငါတောင် ချိုင်းလ်ဝ့်ဒ်ထဲ ရောက်ခဲ့သေးတယ်။ ဒေါ်မာမာစိန် လက်ချာယူတယ်လေ။ နင်သိတယ် မဟုတ်လား "

မောင်သည် ကြိုးစားထိန်းချုပ်ထားသော မျက်နှာထားဖြင့် ပြုံးလျက် ခေါင်းညိတ်သည်။

" အနှောင့်အယှက် မဖြစ်ဘူးဆိုရင် ထိုင်မယ်နော် "

" ဟာ ... ထိုင်ပါ ၊ ထိုင်ပါ "

မောင်ရော မိန်းကလေးပါ အနေခက်နေဟန် ရှိသည်။ ကျွန်မက မောင်တို့ နှစ်ဦးကြားတွင် ထိုင်ပါသည်။ မောင်က ပင့်သက်ခိုးရှိုက်လေသည်။ မောင်၏ စိုးရိမ်ပူပန်နေသော မျက်နှာကို မရယ်မောရက်စွာပင် သနားနေခဲ့သည်။

" ဟော့ ၊ နင်ငါ့ကို နှုတ်ပိတ်ခ ဘာကျွေးမှာလဲ ၊ ငါက တစ်ကျောင်းလုံး သိသွားအောင် သတင်းလွှင့်ပစ်လိုက်မှာနော် "

မောင် မျက်နှာပျက်သွားသည်။ မိန်းကလေးကတော့ မောင် ရှက်သွားသည်ဟု ထင်လိမ့်မည်။ ကျွန်မကတော့ မောင့်ကို နှစ်များစွာ ပေါင်းသင်းလာခဲ့သူမို့ မောင် ဘာဖြစ်သွားမှန်း သိလိုက်၏။

" နန်း နဲ့ မိတ်ဆက်ပေးရဦးမယ် "



www.burmeseclassic.com

www.burmeseclassic.com



မောင်၏ အားလျော့စိတ်ပျက်ဟန်နှင့် ပြဿနာကို ရင်ဆိုင်လိုက်တော့မည့် မျက်နှာငယ်ငယ်ကို ကျွန်မ အရာသာခံ၍ မကြည့်ရက်သောကြောင့် ကျွန်မကပင် စကားဖြတ်ပစ်လိုက်၏။

" နန်းကိုသာ မိတ်ဆက်ပေးဖို့ လိုမှာ။ မမ နာမည်က စုစုထွေးလို့ မှတ်ထားနော်။ မမတို့က ဒုတိယနှစ်ကတည်းက သိပ်ခင်တဲ့ အတန်းဖော် သူငယ်ချင်းတွေပါ။ နန်းကို မမကတော့ သိပြီးသား။ နန်းအကြောင်း သူပြောလွန်းလို့ နန်းကို မမြင်ဖူးခင်ကပဲ သိနေတာ "

" အို ... "

မိန်းကလေး၏ အာမေဋိတ်သံက ရှက်ရွံ့စွာ။ မောင့် အာမေဋိတ်သံကတော့ မယုံကြည်နိုင်စွာ။

ကျွန်မက မိန်းကလေး၏ နာမည် အပြည့်အစုံကို ရွတ်၍ " အဲဒီနာမည် ကတော့ မမတင် မကဘူး။ မမတို့ တစ်တန်းလုံး ရင်းနှီးပြီးသား သိလား " ဟု ချစ်စနိုး စ, နောက်လိုက်သည်။ မိန်းကလေးက ရှက်ရွံ့စွာ တိုးတိုးကလေးရယ်၍ လက်ကိုင်ပုဝါခေါက်ဖြင့် မောင့် လက်ဖျံကို လှမ်းရိုက်သည်။

" ကြည့် ၊ ကိုကို မကောင်းဘူး၊ ဘာတွေ လျှောက်ပြောထားတာလဲ "

မောင်က အသက်ကင်းမဲ့စွာ ရယ်မောလေသည်။ ဟန်ဆောင်ထိန်းချုပ်ထားသည့် မျက်နှာမှာ ကျွန်မကို ကျေးဇူးတင်သော မျက်လုံးတို့က ရွှန်းလက်သွား၏။ တစ်ချိန်တည်းမှာပင် အံ့သြနာကျင်ဟန်လည်း မြင်ရသည်။ 'ကလေတန်' တို့၊



www.burmeseclassic.com

www.burmeseclassic.com



'ဂျက်ဖ်ကုတ်'တို့ ပြဌာန်းစာအုပ်များကိုသာ မကြေညက်သော ကျွန်မသည် မောင့်မျက်နှာထားကိုတော့ အစအဆုံး အလွတ်ရနေပြီ ဖြစ်၏။

" သိပ်တော့ မပြောပါဘူး ညီမလေးရယ်၊ အထက်တန်းကျောင်းသားဘဝ ကတည်းက ချစ်မြတ်နိုးလို့ အသည်းအသန် လိုက်ခဲ့ရတဲ့အကြောင်း၊ ညီမလေး ကျောင်းအပြန်မှာ ကျောင်းရှေ့အုတ်ခုံကနေ စောင့် စောင့်ကြည့်တဲ့အကြောင်း၊ ညီမလေးက သိပ်မာနကြီးတဲ့ အကြောင်း၊ မနှစ်ကမှ ညီမလေးဆီက အချစ်ကို ခက်ခက်ခဲခဲ ရတဲ့အကြောင်း၊ ကြာတော့ မမတို့ နားငြီးလာရော သိလား၊ အမယ် နန်းကိုကို က မမတို့ နားမထောင်ရင် လက်ဖက်ရည်တိုက်ပြီးကို ပြောတာ "

" ဟာ ... ကိုကိုနော် "

ကျွန်မ၏ ဟက်ဟက်ပက်ပက် ရယ်သံမှာ နာကျင်သံ နည်းနည်းမျှ မစွက်ပါ။

" ညီမလေးက ကယ်မက်စ်စထရီနော်။ ဘယ်နှစ်နှစ်လဲ "

" အခု ဖိုင်နယ်လ်ယီးယားပါ "

" ကျောင်းပိတ်သလား "

" ဟုတ်ကဲ့ "

" ရောက်တုန်း ဖြည်းဖြည်းပေါ့ကွယ်၊ မပြန်နဲ့ဦး၊ တစ်နေ့နေ့တော့ ညီမလေးကို ညစာကျွေးချင်တယ်။ ဘယ့်နှယ်လဲ၊ နင့်အချိန်တွေထဲက ငါ့ကို နည်းနည်းခွဲပြီးတော့ မပေးနိုင်ဘူးလား "



www.burmeseclassic.com

www.burmeseclassic.com



ကျွန်မ ရယ်မောရ၍ မောင့်ကိုစတော့ မောင်သည် တအံ့တဩ ငေးစိုက်လျက် ခေါင်းကို ခါယမ်းနေပါသည်။ ကျွန်မအမေးကို ဖြေသည့်သဘော မဟုတ်ပါ။ စိတ်ပျက်လက်ပျက် ဘာလုပ်ရမှန်း မသိလျှင် ပြုမူတတ်သော မောင့်အကျင့်သာ ဖြစ်၏။

" ကျေးဇူးပါ မမရယ်၊ ဒါပေမယ့် နန်း မနက်ဖြန် ပြန်မှာပါ "

" သြော် ... ဟုတ်လား၊ ကဲ ... ဒါဖြင့် ငါအလိုက်မသိလို့ နင်ဆဲနေဦးမယ်၊ ရော့ ... ဒီမှာ။ နင်တို့အတွက် ငါရှင်းပေးခဲ့ပြီ "

ပြေစာစာရွက်လေးကို မောင်တို့ နှစ်ဦးကြား ချပေးလိုက်သည်။ မောင့်မျက်နှာမှာ တအားနာကျင်စွာ အရိုက်ခံရသလို ရဲသွား၏။

" ဟာ ... ဘာဖြစ်လို့ ပေးလိုက်တာလဲကွာ၊ ခက်လိုက်တာ "

မောင့်အသံများ အနည်းငယ် တုန်နေသလိုပဲ။

" မမ ကလဲ အားနာစရာ "

" အို ... တစ်ခါတလေ ကြုံတာ၊ ဒီလို ဆုံမိဖို့ဆိုတာ လွယ်တာမှ မဟုတ်ဘဲ ညီမလေးရယ် "

မောင့်မှာ ပိုက်ဆံပြတ်သွားပြီဆိုတာ ကျွန်မ သိပါသည်။ မောင် တစ်ယောက်ယောက်ဆီက ချေးငှားလာခြင်း ဖြစ်လိမ့်မည်။

" ကဲ ... ငါပြန်မယ် "



www.burmeseclassic.com

www.burmeseclassic.com



“ ဟာ၊ ဘယ်ဖြစ်မလဲ၊ အပြင်မှာ မိုးတွေ ဒီလောက် သည်းနေတာ ”

မောင့်အသံက ကျွန်မအား မိုးရွာထဲသို့ တကယ်မပြန်စေလိုသော စေတနာ အပြည့်နှင့်ဆိုတာ ကျွန်မ သိပါသည်။ အနည်းငယ် ပိုင်စိုးပိုင်နင်း လေသံပင်လျှင် အကျင့်ပါနေ၏။

“ ရပါတယ် ”

“ မရပါဘူး။ မပြန်စမ်းပါနဲ့။ နန်းမှာ ထီးပါတယ်၊ ပြီးတော့ သူနဲ့အတူ ဆောင်းပေါ့ ”

“ ဟင့်အင်း၊ နေပါစေ၊ နှစ်ယောက်ဆောင်းတော့ မလုံဘူးပေါ့ဟယ်၊ တစ်ယောက်တည်းဆောင်းတာ ကောင်းပါတယ်။ ငါက ဖြစ်ပါတယ်။ မိုးရွာထဲ လျှောက်နေကြပါဟာ ”

မောင်၏ နာကျင် နင့်သီးသော မျက်လုံးများကို ဖျတ်ခနဲ တစ်ချက်ကြည့်ပြီး ကျွန်မ ရုတ်ခြည်း ထွက်လာခဲ့၏။

ကျွန်မသည် ရွှဲစိုနေသော ကိုယ်ဖြင့် မိုးသည်းသည်းကြားတွင် တုန်လှုပ်စွာ၊ နာကျင်ထိခိုက်စွာ ကားမှတ်တိုင်အထိ လမ်းလျှောက်လာခဲ့သည်။ မောင့်ရင်ခွင်မှာ တိုးဝင်၍ ဝမ်းပန်းတနည်း၊ ရှိုက်ကြီးတငင် ငိုပစ်လိုက်ချင်သော ဆန္ဒဖြင့် မျက်ရည်များ လိမ့်ဆင်းကျလာသည်။ ယိမ်းယိုင်နေသော ခြေထောက်များသည် စိုကပ်သော ထဘီဖြင့် တွန့်ဆုတ်တုံ့နှေးစွာ လျှောက်နေ၏။ ထိုနေ့က ဘာစိတ်ကူးဖြင့် အမှတ်(၅) စီး၍ မောင့်အိမ်ပြန်ခဲ့မိကြောင်း ကျွန်မ မသိ။ အိမ်ရောက်တော့ ကျွန်မ ခုတင်ပေါ်သို့



www.burmeseclassic.com

www.burmeseclassic.com



ရေစိုရွှဲသော ခန္ဓာကိုယ်နှင့်ပင် ပစ်လှဲလိုက်၏။ ဘေးနားက ဂစ်တာကိုဆွဲ၊ ပက်လက်အိပ်ရင်း တီးနေခဲ့သည်။ ဘာတွေတီးမိသလဲ မမှတ်မိပါ။ ကျွန်မစိတ်အထင်တော့ ခါတိုင်းတီးနေကျ ကိုနေဝင်း၏ “ လွမ်းရေးခက်ခက် ” သီချင်းနှင့် “ နောက်ဆုံးအိပ်မက် ” တစ်ခုခုပဲ ဖြစ်မည်။ အစအဆုံးလည်း ဟုတ်မည်မထင်၊ ဟို တစ်ပိုဒ်၊ သည်တစ်ပိုဒ်ပဲ ဖြစ်မှာ ...။

လမ်းထိပ် ကင်းတဲဆီမှ ဖြနာရီ သံချောင်းခေါက်သံကိုပင် သဲ့သဲ့ ကြားနေရသေး၏။ မှေးခနဲ အိပ်ပျော်သွားသလား မသိ။ ကျွန်မကို တစ်ယောက်ယောက်က ပွေ့ထူးသလို ခံစားရမှ နိုးလာသည်။

ကျွန်မ အပေါ်မှာ အုပ်မိုးနေသော မောင့် မျက်နှာ ... ။

“ ချစ် ... ချစ်ရယ် ... ”

“ ချစ်မဟုတ်ပါဘူးကွယ်၊ နန်းပါ ”

ထိုနေ့ညက မောင့်ကိုပြောခဲ့သော တစ်ခွန်းတည်းသော ခနဲ့စကားပါ။ မောင်က ကျွန်မ ကိုယ်ပေါ် သို့ မောင်၏ မွေးပွတစ်ဘက်စောင်ဖြင့် ခြုံကာ ရေစိုသော ခန္ဓာကိုယ်ကို ခြောက်သွေ့စေသည်။ ကျေးဇူးတင်ကြောင်းပြောဖို့ သတိရသေး၏။ မပြောဖြစ်ဘူး ထင်တယ်။ ထို့နောက်စိုကပ်နေသော ဆံပင်များကို ရေသုတ်ပေးသည်။ ရှန်းထွက်လိုက်ဖို့ ကောင်းသည်နော်။

မောင်က ကျွန်မ ကိုယ်ပေါ် သို့ မောင့်အင်္ကျီကို ဝတ်ပေးသည်။ စပို့ရှပ်တစ်ထည် ဖြစ်၏။ ထို့နောက် မောင့်ပုဆိုးကို ဝတ်ပေးသည်။ ထဘီဝတ်သလို မဝတ်တတ်

www.burmeseclassic.com



သောကြောင့် ခါးတွင်ဖြစ်သလို စုချည်ပေးထားခဲ့သည်။ ထို့နောက် ရေစိုအဝတ်များကို အပြင်ဘက် ကြိုးတန်းမှာ သွားလှမ်းဟန် ရှိသည်။

" ချစ် ... "

" ဟင့်အင်း ... "

ကျွန်မ မျက်လုံးဖွင့်ကြည့်သောအခါ မောင့်ရင်ခွင်ထဲ ရောက်နေခဲ့ပြီ။

" အိပ်မယ် "

" အိပ်လေ၊ ကိုယ်ပွေ့ထားမယ် "

ကျွန်မ မောင့်စကားကြောင့် ရယ်မောမဆုံးတော့ချေ။ ရယ်ရင်း ရယ်ရင်း ရယ်မောရတာကို အရသာတွေ့ပြီး ရယ်နေပြန်တော့သည်။ မောင့်ကို ဘာစကားမျှ မပြောခဲ့ကြောင်း သေချာပါသည်။ မောင်က ကျွန်မ မျက်နှာကို စိုက်ကြည့်ရင်း ...

" ဟန်ဆောင်ကောင်းလှချည်လား ချစ်ရယ် "

ဟူသော စကားကို ကယောင်ကတန်း ပြောသလို ခဏခဏ ညည်းညူနေ၏။

" မောင့်ကို တစ်ခုခု ပြောပါဦး။ မောင့်ကို ရက်ရက်စက်စက် ရိုက်စမ်းပါ "

" ဟင့်အင်း "

" ဟန်ဆောင်ကောင်းလှချည်လားဟင် "



www.burmeseclassic.com

www.burmeseclassic.com



“ ဘာဖြစ်စေချင်လဲ ၊ ကိုယ်ဘာလုပ်ပေးရမလဲ။ ဘယ်လိုဖြစ်မှ ကျေနပ်မှာလဲ ”

“ ဟင့်အင်း ”

ထိုနေ့ညသည် ကျွန်မနှင့် မောင်၏ နောက်ဆုံးညသာ ဖြစ်ပါသည်။



www.burmeseclassic.com

www.burmeseclassic.com



# ဂျူး

# အမှတ်တရ

## အခန်း(၆)

တစ်နေ့နေ့မှာ
မောင်တစ်ခုလပ်ဖြစ်လာမလား
မုဆိုးဖို ဖြစ်လာမလား ဆိုတဲ့
ယုတ်ညံ့တဲ့ မျှော်လင့်ချက်နဲ့
မောင့်ကို စောင့်ခဲ့တာ မဟုတ်ပါဘူးမောင်
အမျှင်တန်းပြီး ကျန်ရစ်မယ့်
သံယောဇဉ်အားကိုးနဲ့
မောင့်ရဲ့ မယားငယ်အဖြစ်
အရှက်မရှိ အသနားခံဖို့
စောင့်နေခဲ့တာလည်း မဟုတ်ပါဘူး
ဒါပေမယ့် မောင့်ကို
ကျွန်မ ဘယ်လိုမှ မေ့လို့မရဘူး
ကျွန်မလေ မောင်နဲ့ခွဲရရင်
ရူးသွားမှာလို့ ထင်ခဲ့တယ်
ခုတော့ ရူးလဲ မရူးပါဘူး
မောင့်ကိုလည်း မမေ့ဘူး
မောင့်ကိုမေ့အောင် ဘာလုပ်ရမလဲ
အကြံပေးခဲ့စမ်းပါဦး မောင်ရယ်..
ကျွန်မ ဘဝမှာ နေလို့လည်း
မပျော်တော့ပါဘူး ...



www.burmeseclassic.com

www.burmeseclassic.com



မောင်နှင့်ကျွန်မ ဘာမှ မပတ်သက်တော့သည်ကို လက်ခံပြီးဖြစ်သည်။ ဘဝချင်းမတူတော့သည် မှာလည်း အထင်အရှားဖြစ်သည်။ သို့ပါလျက် ကျွန်မဘေးမှာ အားပေးနှစ်သိမ့်မည့် သူငယ်ချင်း ဘဝမျိုး ဖြစ်စေ၊ မိတ်ဆွေဘဝမျိုးဖြစ်စေ၊ မောင့်ကို လိုအပ်နေသေးပါသည်။ ကျွန်မ အလွန်စိမ်းသော မြို့တစ်မြို့၌ မျက်နှာစိမ်းများနှင့် တရင်းတနှီး နေရတာကို မောင်သိမှာမဟုတ်။ ကျွန်မ အလုပ်လုပ်သော သမဝါယမ ဆေးခန်း၌ ပင်နီဆလင်ထိုးဆေး မတည့်သောကြောင့် လူနာတစ်ဦး သေလုမြောပါး ဖြစ်သွားစဉ်က ကျွန်မသည် မြတ်စွာဘုရားကို မတမိခင် မောင့်ကို အရင်ဦးစွာ တမ်းတလိုက်မိသည်။ သွေးဖိအား သုညအထိ ကျသွားသောအခါ မျက်လုံးများ ပြာဝေလျက် တစ်ခုခု မြန်မြန် စဉ်းစားရတသည်။ အနီးမှာ မောင်ရှိနေရင်တော့ ဘာလုပ်၊ ဘာဆက်လုပ်ဟု အေးဆေးစွာ ပြောပြပေလိမ့်မည်။ သို့သော် ဟန်ဆောင်ကောင်းသော ကျွန်မသည် အခြေအနေကို ချက်ချင်း သွေးအေးအေးဖြင့် ထိန်းနိုင်ခဲ့သည်။

လိုအပ်သော ဆေးပုလင်းများကို တစ်ခုပြီးတစ်ခု အစဉ်လိုက် ဖောက်၍ သွက်လက်စွာ ကုသသွားစဉ် ကျွန်မလက်ဖျားများ တုန်ယင်လျက်ရှိသည်။ အားပေးမည့်သူ မရှိဘဲ မိမိကို အားကိုးတကြီး ကြည့်နေကြသည့် မျက်နှာများ ရှေ့မှောက်တွင် အတတ်နိုင်ဆုံး နှစ်သိမ့်ခဲ့ရသော်လည်း အားလုံးပြီးစီး၍ ချောမောသွားချိန်တွင် ဆေးခန်းမှ ဒိုင်ယာဇီပင်မ် တစ်ပြားယူသောက်ပစ်လိုက်ရင်း ...

"ကျွန်မအဖြစ်ကို မြင်လှည့်စမ်းပါဦး မောင်ရယ် " ဟု စိတ်ထဲမှ ပြင်းပြင်းပြပြ တမ်းတလိုက်မိခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com



ကုသရန်ခက်ခဲသော ရောဂါသည် တစ်ဦးကို တွေ့တိုင်း အပြန်ပြန်အလှန်လှန် စမ်းသပ်ချင့်ချိန်ရင်း တိုင်ပင်အားကိုးရမည့် တစ်စုံတစ်ယောက်ကို အမြဲ တမ်းတမိပြီး ထိုတစ်ယောက်မှာလည်း မောင်သာဖြစ်ပါသည်။ မောင်ဆိုလျှင်တော့ ဒီရောဂါကို ဘယ်လိုနာမည်တပ်မှာပါလိမ့်၊ ဘာဆေးနှင့် ကုသ မှာပါလိမ့်၊ မောင့်ထင်မြင်ချက်၊ ဆုံးဖြတ်ချက်၊ တိုက်တွန်းချက်တို့ကို လိုအပ်သော အချိန်ပေါင်းများစွာရှိခဲ့ဘူးသည်။ ကျွန်မတစ်ယောက်တည်း ခက်ခဲစွာ ကျော်ဖြတ်ခဲ့ရသည် ချည်းပင်ဖြစ်သည်။

ကျွန်မ နေမကောင်းသည့် အချိန်များတွင်တော့ မောင့်ကို ဘယ်လို တမ်းတမှန်းမသိ၊ ဆွတ်ပျံ့နာကျင်စွာ အားကိုးတကြီး တမ်းတမြဲဖြစ်သည်။ ကျွန်မအား ပြုစုယုယမည့်သူ တစ်ဦးတစ်လေမျှမရှိသောအခါ မောင်၏ အားပေးနှစ်သိမ့်ပြုံးကို တရေးရေး မြင်ယောင်လျှက် ပင့်သက်များစွာရှိုက်ဖြစ်ခဲ့ရ၏။ ကျွန်မလက်ကို ယုယစွာ ကိုင်လျက်သွေးခုန်နှုန်း စမ်းသောအခါ၊ ကျွန်မ နဖူးပေါ်လက်ဖမိုးတင်လျက် ကိုယ်ပူချိန် စမ်းသပ်သောအခါ၊ ကျွန်မကို ဆေးထိုးပေးသောအခါ၊ ဆေးပြားများကို ကျွန်မ ပါးစပ်ထဲထိ တယုတယ ခွံ့တိုက်သော အခါ မောင်သည် ကျွန်မ၏ အားကိုးရာ၊ တွယ်တာရာသာဖြစ်ခဲ့သည်။ အခုတော့ ကျွန်မအနီးတွင်မောင်လည်းမရှိပါလား။

....

" စုစုထွေး "



www.burmeseclassic.com

www.burmeseclassic.com



ကျွန်မအနီးမှာ တစ်စုံတစ်ယောက် လာရပ်သည်။ ဖတ်ခနဲ မော့ကြည့်လိုက်သောအခါ နှလုံးက လည်ပင်းဆီသို့ ဒိတ်ကနဲ ဆောင့်တက်လာသည်။ မည်သို့မျှ မထိန်းလိုက်နိုင်မီ ကျွန်မ မတ်တတ်ရပ်မိပြီး ဖြစ်သွား၏။

" ဘုရားရေ၊ ဟင့်အင်းမဖြစ်နိုင်ပါဘူး။ "

သို့သော် ကျွန်မရှေ့ကလူသည် ကျွန်မ အလွန်အမင်း ချစ်ခင်မြတ်နိုးခဲ့သော လူသာဖြစ်သည်။ တုန်လှုပ်မှုကို ဟန်ဆောင်ပြင်ထိန်းဖို့ စက္ကန့်ပေါင်းများစွာ ကြိုးစားယူရပါသည်။ ဒါတောင်မှ တဒိတ်ဒိတ် ခုန်နေသော ရင်ခုန်သံကို သူကြားသွားလေမလား။

" အဝင်ပေါက်ကနေ လှမ်းကြည့်နေတာကြာပြီ ဟုတ်မှ ဟုတ်ပါ့မလားလို့၊ အရင်နဲ့ နည်းနည်းမှ မတူတော့သလိုပဲ"

မတ်တပ်ရပ်နေသောအခါ မောင့်ကိုယ်ခန္ဓာသည် တစ်ကယ့်ယောကျ်ားကြီး တစ်ယောက်ဟန် အတိုင်းဖြစ်သည်။ အို ... ကြည့်စမ်းပါဦး တည်ငြိမ်လှချည်လား မောင်ရယ်..။ ကျွန်မကို ရက်ရက်စက်စက် ထားခဲ့သော မောင့်ကို ကျွန်မက လက်ခံစကားပြောဖို့ စိတ်ကူးလေသလား၊ ကျွန်မ ထွက်သွားသင့်သည်။ ကျွန်မသည် ဆန္ဒနှင့် ဆန့်ကျင်စွာ ခေါင်းငုံ့၍ ခုံမှာ ထိုင်ချပစ်လိုက်မိသည်။ ကျွန်မ၏ ဒူးများ တဆတ်ဆတ်တုန်နေသည်ကို သူမမြင်စေရပါ။ လက်ဖျားများ တုန်ယင် အေးစက်နေကြမှာ။ ကျွန်မလက်များကို စားပွဲအောက် သွင်းယူလိုက်ရ၏။ ကျွန်မသည်



www.burmeseclassic.com

www.burmeseclassic.com



မောင်နှင့် ပတ်သက်လျှင် အစအစအရာရာ တည်ငြိမ်ခဲ့ပြီဟု ထင်မိတာများ၏။ ယခုတော့ တကယ့် မြီးကောင်ပေါက်မကလေးလို တုန်လှုပ်နေပြန်သည်။

မောင်သည် မြင်ဖူးနေကြမဟုတ်သော မလေးရှားပုဆိုးနှင့် လည်ကတုံး ရှပ်အင်္ကျီ အဖြူလက်ရှည်နှင့် ဖြစ်သည်။ အနည်းငယ် ဆန်းကြယ်သော အဆင်အပြင်ဖြစ်ပါသည်။ မောင့် ခြေညှပ်ဖိနပ် ကတ္တီပါ သည်းကြိုးမှာ အနက်ရောင်ဖြစ်၏။ မောင်သည် ကျောင်းသား ဘဝတုန်းက ပျော်ရွှင်လန်းဆန်းမှုများနှင့် ကင်းကွာပြီး လူကြီးလူကောင်း တစ်ဦး၏ ဣန္ဒြေမျိုးကိုသာ မယုံကြည်နိုင်စရာ တွေ့ရ၏။ ဆံပင်ကမူ ကျောင်းသား ဘဝတုန်းကထက်ပင် နည်းနည်းရှည်ချင်သည်။

"ကိုယ် ဒီကိုလာဖို့ တော်တော် ကြိုးစားယူရတယ်။ မလာသင့်ဘူးလို့လဲ ထင်ပါတယ်။ ဒါပေမယ့် တောင်းပန်ဖို့ "

မောင် တစ်ခုခု ဆက်ပြောနေသေးသော်လည်း ကျွန်မ မကြားမိပါ။ နားထဲတွင် အသံများ တဝုန်းဝုန်း ဆူညံနေသည်။ မဖြစ်နိုင်လိုက်တာ။ ဒီလောက် တိုက်ဆိုင်ဖို့မကောင်းဘူး။ စားပွဲပေါ်မှ တိုင်းမ် မဂ္ဂဇင်းစာရွက်များ လေဖြင့် တဖျပ်ဖျပ် လွင့်နေသည်ကို မောင်က လက်ဖြင့် ဖိထိန်းပေးထားသည်။ နူးညံ့သွယ်လျသော လက်ချောင်းများသည် ကျွန်မနှင့်လုံးဝ မပတ်သက်ဘူးသော ယောကျ်ားလေးတစ်ယောက်၏ လက်များသာ ဖြစ်လိုက်စမ်းပါတော့။ ပန်းနုရောင် လက်သည်းများကို တိရိကျနစွာ ကိုက်ဖြတ်ထား၏။ အင်းလေ ကျွန်မ မရှိပေမယ့် မောင့်ဇနီးက တယုတယ လက်သည်း ညှပ်ပေးလိမ့်မည်။ ယခုတော့ ကျွန်မ အတော်အတန် ထိန်းသိမ်းလာနိုင်ခဲ့ပြီ။

www.burmeseclassic.com



" မောင်တစ်ယောက်တည်းလား "

" အင်း ..."

မောင့်အသံသည် လိုအပ်သည်ထက် ပို၍ လေးပင်နေ၏။

" စာကြည့်တိုက်ပိတ်တော့မှာပဲ၊ တစ်ယောက်ယောက်ကို စောင့်နေတာများလား"

မောင့်မေးခွန်းက တစ်မျိုးပါလား၊ မောင့်ကို အရင်လို ပေ့ါပါးစွာ မော့ကြည့်လာနိုင်သည်။ မောင့်မျက်နှာမှာ စူးစမ်းမှုသာရှိပြီး လှောင်ပြောင်ရိပ်မရှိပါ။

" ပျင်းလို့ ထိုင်နေတာပါ "

" အလည်လာတာလား "

" မဟုတ်ဘူး၊ ဆေးလာဝယ်တာ " မောင့်ကို ပထမဆုံးအကြိမ် ညာပြောခြင်း ဖြစ်ပါသည်။ နူးညံ့သော မျက်လုံးများနှင့် မောင် ကျွန်မကို စိုက်ကြည့်သည်။

" နန်းရော " ကျွန်မအသံ အဖျားဆွတ်၍ တုန်ယင်သွားသလိုလို။

" မပါဘူး၊ ကိုယ် ရန်ကုန်က ပြန်လာတာ " မောင့်မျက်နှာ ပျက်မသွားပါ၊ အင်းလေ ... မောင့်ဘဝမှာ နေသားကျပြီးပြီပဲ။ ကျွန်မနှင့် သီးသန့်ဖြစ်စွာ နေသားကျပြီးနေပြီပဲ။ ယခင်က ရင်းနှီးသော ချိုအီသည့် ကိုယ်နံ့သည် ကျွန်မ၏ နှလုံးသားကို မူးယစ်ဝေဆဲပင်။

"ကျောင်းမှာ ကိစ္စရှိလို့လာတာလားဟင်"



www.burmeseclassic.com

www.burmeseclassic.com



"မဟုတ်ပါဘူး စုစုထွေးဆီလာတာ"

"ဟင် ..."

မောင် နောက်ပြောင်နေတာ မဟုတ်ပါ။ မောင့်မျက်နှာတွင် ပြုံးရိပ်ကို အနည်းငယ်မျှ မတွေ့ရ။ ကျွန်မကို အားနာသလိုဟန်သာ တွေ့ရသည်။

" ဟုတ်တယ်၊ ဒီမှာရောက်နေတယ် ပြောလို့ "

" ဘယ်သူကပြောလဲ "

" နာမည်တော့မသိဘူး။ စုထွေးရဲ့အခန်းဖော် ရခိုင်မလေး လေ "

" သြော် ... ကြည်ကြည်စံ၊ ဘယ်မှာ တွေ့လာလဲ"

" ဝင်းလိုက်မှာ၊ ကိုယ် ရုပ်ရှင်ကြည့်ဖို့ လက်မှတ်ဝယ်နေတုန်း သူက မမစုတောင် မန္တလေးရောက်နေတယ်။ အခု ကျောင်းစာကြည့်တိုက်မှာ တွေ့ခဲ့တယ်ဆိုလို့"

ရိုးသားသော မောင့်မျက်နှာ၌ အပြစ်ဟူ၍ တစ်ဆံချည်မျှ ရှာမတွေ့ရပါဘဲလား။

" မီမှ မီပါ့မလားလို့၊ တွေ့ချင်နေတာကြာပြီ။ တွေ့လဲ မတွေ့ရဲဘူးလေ။ "

မောင့်နားထင်ဘေး ဆံစပ်မှ မိုးဥတုနှင့် မသက်ဆိုင်စွာ ခိုတွဲနေသော ချွေးစက်ကလေးများကို ငေးမောကြည့်နေမိသော ကျွန်မသည် မောင့်ကို နှစ်သိမ့်ရန် ကြိုးစားသော်လည်း မအောင်မြင်ပါ။



www.burmeseclassic.com

www.burmeseclassic.com



" ကိုယ် တစ်ခုခု ညစာကျွေးပါရစေ "

" လေသံက သိမ်မွေ့လှချည်လားမောင်၊ အရင်နဲ့တစ်ခြားစီပဲ၊ အေးပေါ့ ဂျင်းတဲလ်မန်းန် ဖြစ်နေပြီကိုး "

ပေါ့ပါးသော ကျွန်မစကားသံ အဆုံးတွင် မောင် ပထမဆုံးအကြိမ် စိတ်သက်သာသလို ပြုံးလေသည်။

" စုထွေးလဲ အရင်နဲ့ တခြားစီပဲ၊ ဆံထုံးနဲ့ ပန်းနဲ့၊ နှုတ်ခမ်းနီနဲ့၊ လက်သည်းရှည်နဲ့ "

တံခါးတစ်ချပ် စောင့်ပိတ်လိုက်သံနှင့် ကုလားထိုင် ရွှေ့သံများကို ကြားလိုက်ရ၏။ ဝန်ထမ်းများ တံခါးပိတ်ဖို့ စီစဉ်နေကြသည်။ ကျွန်မသည် မိုက်မဲသော ဆုံးဖြတ်ချက်ဖြင့် မတ်တတ် ရပ်လိုက်၏။

" ကဲ ညစာ ကျွေးမှာဖြင့် သွားရအောင်၊ ကိုယ် ဒီစာအုပ် သွားအပ်လိုက်ဦးမယ်၊ ဟုတ်လား။ "

ကျွန်မတို့ နှစ်ဦး အနည်းငယ် စိမ်းနေသေးသည်။ လက်ပွေ့အိပ်ကို ဆော့ကစားရင်း ကျွန်မ ပြုံးရယ်နိုင်ဖို့ ကြိုးစားနေရသည်။

" အိမ်ထောင်ကျပြီလား "



www.burmeseclassic.com

www.burmeseclassic.com



နှင့်ကနဲ နာကျင်စူးရှသွားသည့် ဝေဒနာနှင့် ခေါင်းတစ်ချက်သာ ယမ်းခါပစ်လိုက်၏။ မောင် ကျွန်မကို နားလည်လျှင် ဤမေးခွန်းကို မေးမည်မဟုတ်ပါ။ ကျောင်းဝင်းထဲမှ ထွက်သည်အထိ မောင့်ကို ကျွန်မ စကားမပြောနိုင်ပါ။

" ဆာပြီလား " မောင့်လေသံက အနည်းငယ် ရင်းနှီးလာသည်။

" ဟင့်အင်း "

" မဆာသေးရင် တို့ ဖက်ထုပ်ကြော် သွားစားရအောင်လေ "

ကျွန်မ မောင့်ကို အလန့်တကြား ကြည့်မိသည်။ မောင်က မသိသလို ခပ်တည်တည်ဖြင့် ပြုံးနေ၏။ ထို့နောက် ကျွန်မကို လှည့်ကြည့်၍ ...

" မင်းဆီက အပြစ်တင်စကားပဲဖြစ်ဖြစ်၊ နာကြည်းစကားပဲဖြစ်ဖြစ် စောင့်ခဲ့တာ ကြာပြီ " ဟု ပြောသည်။

လွန်ခဲ့သည့် သုံးနှစ်ခန့်က လျှောက်ခဲ့သော ဆေးရုံကြီးရှေ့ လမ်း ၃၀ သည် ကျွန်မတို့ နှစ်ဦးအား ယခင်ကလို ပြန်လည်ရင်းနှီး သွားစေ၏။ သို့သော် ကျွန်မတို့ နှစ်ဦးအား လှမ်းကြည့်နေသော မျက်နှာများမှာ ကျွန်မမြင်ဖူးသလိုလို။ နောက်ပြီး ကျွန်မအား စကားတင်း ဆိုနေကြသလိုလို။ တကယ်ဆို အိမ်ထောင်ရှိပြီးသော ရည်းစားဟောင်းနှင့် အခုလို ယှဉ်တွဲ၍ မသွားသင့်ဘူး မဟုတ်လား။

" အခု ဘယ်မှာ ဆေးခန်းဖွင့်နေလဲ "



www.burmeseclassic.com

www.burmeseclassic.com



ကျွန်မရောက်နေသော မြို့ကလေး၏ နာမည်ကို မောင်ကြားဖူးမည်မဟုတ်။ သြော် ဟုသာ ရေရွတ်သည်။ ဗွီဒီယို မရှိ၊ တယ်လီဗေးရှင်း မရှိ၊ အအေးဆိုင် တစ်ဆိုင်၊ လက်ဖက်ရည်ဆိုင် နှစ်ဆိုင်နှင့် ရုပ်ရှင်ရုံ ဖြစ်ခဲ့ဖူးသော ဆန်ဂိုဒေါင် တစ်လုံးသာရှိသည့် မြို့ငယ်ငယ်လေးအကြောင်း အေးအေးဆေးဆေးမှ ပြောပြရဦးမည်။

“ အဆင်ပြေရဲ့လား ”

“ ဒီလိုပါပဲ ... မောင်ရော ”

“ မောင်လဲ ဒီလိုပါပဲ၊ လူနာတွေနဲ့၊ သမဝါယမနဲ့၊ အိမ်နဲ့ လုံးချာလိုက်ပြီး ဘယ်လိုမှ မအားဘူး၊ အခုတောင် ကိုယ့်ညီ မင်္ဂလာဆောင်ဖို့ ကိစ္စနဲ့ သွားလို့ ရန်ကုန်ရောက်ဖြစ်တာ ”

“ အာအိုင်တီက တစ်ယောက်လား ” ထိုလူငယ်လေးသည် မောင့်ကို အလွန်ချစ်သော ညီတစ်ယောက် ဖြစ်သည်။

“ အင်း ... အခုသူက အလုပ်ဝင်နေပြီ။ အံ့သြစရာကောင်းတာက သူ ဒီတစ်ခေါက် မင်းကို မေးလိုက်သေးတယ်။ ”

“ သြော် ... ”

“ မင်းဝတ်ထုတွေ မတွေ့လို့တဲ့၊ စာရေးဖို့ ကြိုးစားစေချင်တာတဲ့၊ ကိုယ့်ကိုမေးနေသေးတယ်။ မင်းဘာဖြစ်လို့ စာမရေးသလဲဆိုတာ ”



www.burmeseclassic.com

www.burmeseclassic.com



" အင်းပေါ့လေ ... ရုတ်တရက် ဆိုတော့ ကျွန်မနဲ့ မောင့်ကို သူ တွဲတွဲပြီး သူမြင်နေဦးမှာပေါ့၊ နောက်တော့လဲ တကွဲစီ မြင်သွားမှာပါ။ မန္တလေးကို ခဏခဏ ရောက်လား "

" ကျောင်းပြီးခါမှ မန္တလေးကို ဒါ ပထမဆုံး အချိန်ပြန်ရောက်တာပဲ။ မလာရဲတာလဲ ပါတာပေါ့လေ။ သိတဲ့အတိုင်း ကိုယ်က သတ္တိကြောင်တတ်တယ်။ နောက်ပြီး ကိုယ်က နာမည်ဆိုးနဲ့လူပဲ။ "

မောင်က အနည်းငယ် မျက်နှာပျက်စွာ ရယ်မောပါသည်။

" ဖဲရိုက်သေးလား "

" အင်း နည်းနည်းပါးပါး "

" ဇနီးက ဘာမှ မပြောဘူးလား "

" သူကမင်းလို မလည်ဘူး၊ အ, တယ်။ ကိုယ်ဘာလုပ်လုပ် သိပ်သိတာမဟုတ်ဘူး "

" အခုတော့ မောင်ရွေးတဲ့လမ်း မှန်နေပြီပေါ့၊ မောင့်ကို ပခုံးချင်း မယှဉ်တဲ့ ဇနီးနဲ့လေ "

" ဒါတွေမပြောပါနဲ့ချစ်ရယ် "



www.burmeseclassic.com

www.burmeseclassic.com



မောင်က ကျွန်မကို ချစ်ဟု ခေါ်လိုက်သောအခါ မျက်နှာငွေးခနဲ ပူသွား၏။ ကျွန်မ နှဲ့မှီခိုဝင်ခဲ့ဖူးသော မောင့်ရင်ခွင်သည် ယခင်ကလိုပင် နူးညံ့ နွေးထွေးဦးမှာပဲလား။

" မိုးနည်းနည်းရွာဦးမယ် ထင်တယ်။ ထီးဘာဖြစ်လို့ မဆောင်းတာလဲ"

" ပျင်းလို့ "

ဘူတာရုံရှိ မီးရထားခုံး တံတားပေါ် သို့ ဖြတ်လျှောက်သောအခါ မောင်က ဘယ်မှာတည်းသလဲ ဟု မေး၏။ ကျွန်မ မဖြေပါ။ မောင်က မကြားဘူးထင်၍ ထပ်မေးသည်။

" ဘာလုပ်မလို့လဲ "

" အပြန် လိုက်ပို့သင့်သလား လို့ပါ။ ညစာစားပြီးရင် ၈ နာရီလောက် ဖြစ်သွားမှာလေ။ ချစ် တစ်ယောက်တည်း ဆိုရင် ပြောတာပါ။ အဖော်ရှိရင်တော့ မပို့ပါဘူး "

" မပို့ပါနဲ့၊ တစ်ယောက်တည်း သွားတာ အကျင့်ပါနေပြီ " ကျွန်မ ရယ်မောပစ်လိုက်ပါသည်။ ထို့နောက် ချက်ချင်း အရယ်ရပ်ပြီး ...

" ဖက်ထုပ်ကြော် မစားချင်ပါဘူးကွယ် " ဟု အနည်းငယ် ညည်းညူလိုက်မိ၏။ မောင်က နားလည်စွာ ဘာမှမတိုက်တွန်းဘဲ နှစ်ဦးတိုင်ပင်၍ တစ်ခါမျှ နှစ်ယောက်တွဲ



www.burmeseclassic.com

www.burmeseclassic.com



မသွားဖူးသော မောရှေလီ စားသောက်ဆိုင်သို့ သုံးဘီးဖြင့် သွားဖို့ ဆုံးဖြတ်လိုက်ကြသည်။

“ ဘာဆိုဘာမှ မကျေနပ်တဲ့ အကြောင်းလေး တောင် စာရေးဖော်မရလို့ ကျေးဇူးလဲတင်ပြီး သိပ်လဲ အားနာတယ်။ ”

မောင်သည် ကျွန်မကို တည့်တည့်မကြည့်ဘဲ လမ်းတစ်ဘက်တစ်ချက်က ဆိုင်များ၊ ဆိုင်းဘုတ်များကို ငေးမောရင်း ခပ်ဆဆလေသံဖြင့် အတိတ်ကို ပြန်ဖွင့်ဟသည်။

“ အချစ်မှာ အားနာတယ်ဆိုတာ မရှိဘူး ”

မောင်က ခက်ခဲစွာပြုံးရင်း ခေါင်းခါယမ်းနေလေသည်။ သုံးဘီးကားခကို ကျွန်မ ရှင်းမည်လုပ်တော့ မောင်က အို … မဟုတ်တာ၊ ကျောင်းသားဘဝတုန်းကလို မောင် မမွဲတော့ပါဘူးဟု နာကြည်းစွာဆိုသည်။

“ အခုလို နှစ်ယောက်တွဲပြီး စားပွဲရုံကို လာတာများ မောင့်ဇနီးသိရင် ဘာပြောမလဲနော် ”

မောင့်မျက်နှာ ညိုမှိုင်းသွား၏။

“ အဲဒီလောက်မှ မပိုင်ရင် ဒီလိုမိန်းမကို လက်ကိုမထပ်ဘူး။ မောင်က အရေးမဟုတ်ပါဘူး။ ချစ်ကသာ မိန်းကလေးမို့ ”

“ ကျွန်မမှာ သဝန်တိုမယ့်သူ တစ်ယောက်မှ မရှိဘူး ”

www.burmeseclassic.com



ကျွန်မ လေသံက အနည်းငယ် မာဆတ်သွား၏။

မောင်က နားလည်စွာ ပြုံးနေပါသည်။

“ ကဲ ... မောင် တောင်းပန်ချင်တဲ့ စကားတွေကို လက်ခံဖို့ အဆင်သင့်ဖြစ်ပြီလား ”

“ ကျေးဇူးပြုပြီးဘာမှ မပြောပါနဲ့လေ။ ကိုယ့်ကိုယ်ကို အမွှန်းတင်တာ မဟုတ်ပါဘူး။ ကျွန်မက သဘောထား ကြီးပါတယ်။ ဒါပေမယ့် အဲ့ဒီလို သဘောထား ကြီးလိုက်တာ ဆိုတဲ့ အံ့ဩမှု၊ ကျေးဇူးတင်မှုလေး ရဖို့အတွက် ပေးဆပ်လိုက်ရတဲ့ အရင်းအနှီးတွေကတော့ အများကြီးပါပဲ။ ထားပါလေ။ အခုချိန်မှာ အချစ်ဟောင်း တစ်ယောက်လို့ သဘောမထား ပါနဲ့တော့။ မိတ်ဆွေတစ်ဦးလိုပဲ သဘောထားပါ။ ဒါဆိုရင် နေရထိုင်ရတာ အလိုလို စိတ်ပေါ့ပါး သွားပါလိမ့်မယ်။ ”

“ ကျေးဇူးတင်ပါတယ်။ ချစ်စားချင်တဲ့ဟင်းကို မှာလေ ”

“ မောင် စားချင်တာ မှာလေ ”

မောင်က အခံရခက်သလို ပြုံးလေသည်။

“ မဟုတ်ဘူး။ ထမင်းစားလို့မဖြစ်ဘူး ဖျားနေတယ် ”

“ အို ... ”

www.burmeseclassic.com



အကျင့်ပါနေသော ကျွန်မလက်က မောင့် လက်ကောက်ဝတ်ကို သွေးတိုးနှုန်း စမ်းမိတော့၏။ ဟုတ်သားပဲ မောင့်အသားတွေ ပူနေလိုက်တာ။ သွေးတိုးနှုန်း မြန်နေ၏။ ကျွန်မကြောင့် မဟုတ်ပါ။ အဖျားသွေးကြောင့် ဖြစ်ပါသည်။

" မောင်အရည် တစ်ခုခုပဲ သောက်မယ် "

" ဒီလိုမှန်းသိရင် လက်ဖက်ရည်ဆိုင် သွားပါတယ်။ ကျွန်မ သိပ်မဆာပါဘူး "

" စားပါ ... စားပါ။ မောင်ကြည့်နေမှာပေါ့။ ချစ် ထမင်းစားတာကို မကြည့်ရတာ ကြာသွားပြီ။ ရိုးရိုးသားသား စကားပါနော် "

" သြော် ... ခက်ပါပြီ "

မောင်ရော ကျွန်မရော စိတ်ပေါ့ပါးစွာ အသံထွက်ရယ်မောမိကြ၏။ ကျွန်မ ထမင်းစားနေစဉ် မောင်က စပါကလင် တစ်ပုလင်းဖြင့် ငေးမောနေပါသည်။

" ဘာဆေးသောက်ထားလဲ မောင် "

" ဘာမှ မသောက်ဘူး "

" ဟာ ... ဒီဆရာဝန်ကလည်း ဘယ်လိုလဲ "

ပြုံးနေသော မောင့်နှုတ်ခမ်းမှာ အနည်းငယ် ခြောက်သွေ့နေ၏။ အဖျားကြောင့် ခြောက်သွေ့နေတာ ဖြစ်မှာပါ။ အရေပြားပါးလျား၍ နူးညံ့သော မောင့်နှုတ်ခမ်း

www.burmeseclassic.com



လုံးလုံးလေးကို ကြည့်ရင်း ကျွန်မတစ်ကိုယ်လုံး နွေးခနဲ ရှက်သွား၏။ ရှက်စိတ်ဖြင့် ယောင်ယမ်း၍ မျက်စိပင် မှိတ်ပစ်လိုက်မိ၏။

“ ဆေးခန်းတစ်ခုခုမှာ ဆေးထိုးပါလား မောင်၊ နေဦး။ သည်နားဆို ဘယ်သူ့ဆေးခန်း ပါလိမ့် ”

“ မသွားချင်ပါဘူး ”

“ ဟာ ... ဒီအတိုင်းနေလို့ ဘယ်ဖြစ်မလဲ ”

“ ဖြစ်ပါတယ်။ ရထားပေါ် မတက်ခင် ကတည်းက ဖျားနေတာ။ မောင်က ဒီလိုပါပဲ။ ခရီးသွားရင် ဖျားတတ်တယ်လေ။ ”

“ အအေးမိတာလား ”

“ ထင်ပါရဲ့ ”

“ ချောင်းဆိုးလား ”

“ ဟုတ်ကဲ့ ” မောင့်မျက်နှာသည် နည်းနည်း ပြုံးနေ၏။

“ လည်ချောင်းနာသလား ”

“ ဟုတ်ကဲ့ ”

ကျွန်မရယ်မောလိုက်၏။



www.burmeseclassic.com

www.burmeseclassic.com



“ ဆရာမ၊ ကျွန်တော် ဘာဆေးသောက်ရမလဲ ”

“ အိုး ဘာရမ်ဒီ ”

မောင်က ဟက်ဟက်ပက်ပက် ရယ်မောသည်။

“ ဒီကပြန်ရင် ဆေးဆိုင် ဝင်မယ်။ ဆေးနည်းနည်း ဝယ်ရအောင်လေ၊ ပြီးတော့ မောင် လိုက်ပို့ပါမယ်။ ”

“ မပို့ပါနဲ့ ”

ကျွန်မ မောင့်အိမ်မှာ တည်းခိုမှန်း မသိစေလိုပါ။

“ မရဘူး လိုက်မှာပဲ၊ နင်ဘယ်တုန်းကများငါ့ကို နိုင်အောင် ငြင်းနိုင်ဖူးလို့လဲ ”

မောင့်လေသံက ပိုင်စိုးပိုင်နင်းပေမယ့် ကျွန်မရင်ထဲ နွေးထွေးသွားရှုံသာ ဖြစ်၏။ အနည်းငယ်မျှ ဒေါသမထွက်ရက်ပါ။

“ မောင်တို့ကလေးရပြီလား ”

မောင် ချက်ချင်း မျက်နှာပျက်သွားတာ မြင်တော့မှ ကျွန်မအားနာသွား၏။ မောင်နှင့် ကျွန်မသည် တစ်ဦးခြေလှမ်း တစ်ဦး ရိပ်မိနေသော လက်ဖွဲ့သမားလိုပါပဲ။

“ အခုမှ နှစ်နှစ်လောက်ရှိသေးတာ ဘယ်ရဦးမလဲ။ စကားမလွှဲပါနဲ့။ ဘာလဲ နင့်အတွဲကို ငါ မြင်သွားမှာစိုးလို့ မလိုက်စေချင်တာလား။ ”



www.burmeseclassic.com

www.burmeseclassic.com



ကျွန်မ မဖြေပါ။ ထမင်းဟင်းကိုသာ သဲသဲမဲမဲ စားနေမိ၏။ မောင်က စပါကလင် ပုလင်းကို လှည့်ပတ်ကြည့်နေရင်း မျက်နှာ ညိုနေသည်။ အေးပေါ့လေ၊ ချစ်မှာလည်း လက်တွဲရမည့်သူ ရှိနေရောပေါ့။ အဲ့ဒီသူက ဘယ်သူလဲ၊ ဘယ်ကလဲ။ မောင်နဲ့ သိလား။ မောင်တို့ ကျောင်းက ပဲလား။

ကျွန်မအနည်းငယ် ခံပြင်းစွာ မော့ကြည့်လိုက်မိ၏

“ တစ်ယောက်နဲ့တင် လုံလောက်ပါပြီ မောင်၊ အချစ်တွေ အိမ်ထောင်ရေးတွေကို ကျွန်မ သိပ်ကို စိတ်ကုန်ပါပြီ၊ မခနဲ့စမ်းပါနဲ့ ”

မောင်ရော ကျွန်မရော ငြိမ်သက်နေကြပြန်၏။ မောင့်မျက်နှာ ညိုနေတော့လည်း ကျွန်မ စိတ်မကောင်းပါကွယ်။ မောင့်မှာ နေမကောင်းနေတာ ငါဒီလိုမပြောသင့်ဘူး။ ကျွန်မက လှစိုးညွန့်နှင့် မဌေးဝင်းအကြောင်း၊ ဝင်းမြင့်ထွန်းနှင့် ခင်စန်းဝင်း အကြောင်း စုံစွာ ပြောပြနေမိသည်။ ထွန်းအောင်ကြည် နှင့် တွေ့သေးလားဟု မောင်က မေး၏။ ကိုယ့်အကြောင်းပြောရသည်ထက် သူများအကြောင်းပြောရတာ စိတ်လက်ပေါ့ပါးပါသည်။

ကျွန်မတို့မောရှေလီမှ ထွက်လာသောအခါ ည ၇ နာရီသာ ရှိသေး၏ ကျွန်မက မောင့်အတွက် ဒစ်စ်ပရင်ဆေးပြား တစ်ကဒ်၊ ဆာဗီဆီလင် ဆေးတောင့်တစ်ကဒ် ဝယ်လိုက်သောအခါ မောင်က “ဟာ... မသောက်ဘူးနော်” ဟု ပျာပျာသလဲ ငြင်း၏။ ကျွန်မက မကြားဟန်ဆောင်၍ ဖွတ်ဝယ်လိုက်ပါသည်။ မောင့်လက်ထဲ ထည့်တော့ မောင်မယူပါ။

“ မောင် မသောက်ချင်ဘူး ”



www.burmeseclassic.com

www.burmeseclassic.com



“ မသောက်လို့မရဘူး ”

ကျောင်းသားဘဝ ကတည်းက မောင် အလွန် ဆေးသောက်ပျင်းခဲ့၏။

“ ပိုက်ဆံကုန်အောင်ဟာ ”

“ ပိုက်ဆံပေါပါတယ် မောင်ရဲ့၊ မပေချင်စမ်းပါနဲ့တော့၊ ကဲ ... မောင် ဘယ်ပြန်မှာလဲ ”

“ မြစ်ဖျားဧရာ ”

“ ကျွန်မ မောင့်ကို လိုက်ပို့မယ် ”

“ ဟင့်အင်း ... မရဘူး၊ မောင်က လိုက်ပို့မယ် ”

“ ဒါဆို ဘယ်မှမသွားဘူး၊ ရပ်နေမယ် ”

“ အံမာ ရပ်နေပေါ့၊ ဘယ်သူက ကြာကြာရပ်နိုင်မလဲ ”

“ ခက်လိုက်တာ ”

မောင်က မချိုမချဉ်ပြုံးနေ၏။ ကျွန်မ အနည်းငယ် ရှက်ရွံ့စွာ “ ကဲ ...ဒါဖြင့် လိုက်ခဲ့ကွာ ” ဟု လက်လျော့ လိုက်တော့သည်။

သုံးဘီးကားတစ်စီး တားပြီးသောအခါ “ ကဲ ... ဆေးတွေ မောင် ကိုင်ခဲ့ပါမယ်။ တက်၊ ဘယ်လဲဆိုတာ ကိုယ့်ဟာကိုယ်ပြော ”



www.burmeseclassic.com

www.burmeseclassic.com



" နန်းရှေ့ "ဟု ကျွန်မ ပြောလိုက်တော့ မောင် အံ့သြသွား၏။

တစ်လမ်းလုံး ဆိတ်ငြိမ်စွာ မောင် ပါလာပါသည်။

" မောင်သိပ်ဖျားနေလား၊ ခေါင်းကိုက်နေလားဟင် " စိုးရိမ်ပူပန်စိတ်ကို ကျွန်မ ဘယ်သို့မှ မထိန်းသိမ်း နိုင်ပါ။

" ရပါတယ် သိပ်မဟုတ်ပါဘူး။ ချစ်တည်းတဲ့အိမ်ရောက်ရင် မောင့်ကို ရေတစ်ခွက် ပေးလေ။ ချစ်ရှေ့မှာ မောင် ဆေးသောက်သွားပါမယ်။

နန်းရှေ့ ကျုံးလမ်းကိုရောက်တော့ ကျွန်မ မျက်နှာများ နွေးပူလာ၏။ မောင့်ကို ရှက်ရွံ့စိတ်ကို ဟန်ဆောင်၍ ရယ်မောလိုက်ရပါသည်။

" ဦးလေး ပန်တျာကျောင်းနားက ရေနီမြောင်းထိပ်မှာ ချပေးပါ "

မောင်က ကျွန်မကို ဖျတ်ခနဲလှည့်ကြည့်သည်။

" ချစ် "

ကျွန်မ မောင့်ကို မော့ကြည့်၍ ပြုံးပြဖို့ ကြိုးစားသော်လည်း လုံးဝ ပြုံးမရပါ။ တစ်ချိန်တည်း မှာပင် ရင်တဖျပ်ဖျပ်ခုန်၍ မောပန်းနွမ်းနယ်လာ၏။ ကျွန်မအားတင်း၍ မောင့်ကိုမေးမိသည်။

" နေကောင်းရဲ့လား မောင်၊ အိုကေရဲ့လား "

မောင်ဘာမှ မဖြေပါ။


www.burmeseclassic.com

www.burmeseclassic.com



ကားရပ်လိုက်သောအခါ ကျွန် ဖျတ်လတ်စွာဆင်းလိုက်ပြီး မောင့်လက်ကမ်း၍ တွဲပါသည်။ မောင်သည် ငူငူငိုင်ငိုင်ဖြင့် ဘာကိုမျှ မယုံနိုင်သလို ကျွန်မ ဘေး၌ အရုပ်တစ်ခုလို ပါလာသည်။

"လာလေ ... အရင်ကတော့ မောင်က အိမ်ရှင်၊ အခုတော့ ကျွန်မက အိမ်ရှင်ပေါ့"

မောင်သည် တွန့်ဆုတ်စွာ ကျွန်မ နောက်မှ လိုက်လာ၏။ တံတားဖြူကလေးပေါ် လျှောက်မိသောအခါ မောင့်မျက်နှာသည် ကျွန်မဘက်သို့ လုံးဝ မလှည့်ပါ။ လှည့်လျှင်လည်း တစ်စွန်းတစ်စ မီးရောင်ဖြင့် မောင့်မျက်နှာ အရိပ်အကဲကို ကျွန်မ မမြင်နိုင်ပါ။ ဘုရား ... ဘုရား၊ ကယ်တော်မူပါ။ အစစ အရာရာ ချောမောစွာ ပြီးဆုံးသွားပါစေ ဘုရား။

ခြံဝင်းတံခါးကို ဖွင့်၍ဝင်လိုက်သောအခါ မောင် ကျွန်မဘေးမှာ နီးကပ်စွာ ပါလာသည်။ ထို့နောက် အိမ်ပေါ် သို့ မောင်ကပင် အရင်တက်သည်။ အိမ်တံခါးအထက်မှ စုစုထွေး ဟူသော ကျွန်းသားဆိုင်းဘုတ်ပြားကလေးကို ဖျော့တော့သော အလင်းရောင်အောက်မှာ ဖတ်နေဟန် ရှိသည်။ သော့ဖွင့်ပြီး ဝင်လိုက်သောအခါ ကျွန်မ မောင့်ကို လက်တွဲ၍ ဝင်စေပါသည်။ ဖန်ချောင်းမီးရောင် ဖျတ်ခနဲ လင်းသွားသောအခါ မောင့်မျက်နှာကို ကျွန်မ လှမ်းကြည့်တော့ မောင် အံ့ဩတုန်လှုပ်စွာ ရပ်တန့်နေသည်ကို မြင်ရသည်။ စေ့ထားသော အခန်းတံခါးအထက်မှ မောင့်နာမည် ဆိုင်းဘုတ်ပြားကလေးကို မြင်သွားသောအခါ မောင် မျက်နှာပျက်သွား ပြန်၏။



www.burmeseclassic.com

www.burmeseclassic.com



" ဝင်ထိုင်ပါ မောင်၊ မောင့်အတွက် ကျွန်မ ကော်ဖီဖျော် ပေးမယ်၊ ရော့ ... ဒီလက်ပွေ့အိတ် ယူသွား "

မောင်သည် အခန်းတံခါးကို အန္တရာယ်ရှိသော ပစ္စည်းတစ်ခုကဲ့သို့ တွန့်ဆုတ်စဉ်းစားစွာ ကိုင်၍ တွန်းဖွင့်သွား၏။

မောင်နှင့် ပတ်သက်သော အမှားများတွင် ဤတစ်ကြိမ်သည် အမှားဆုံး ဖြစ်ပါလိမ့်မည်။ သို့သော် ကျွန်မ မောင့်ကို ဖျားနေလျက်နှင့် ပစ်စလတ်ခတ် မထားခဲ့နိုင်ပြန်ပါ။

ကော်ဖီကို မောင့်အကြိုက် ချိုခါးဖျော်၏။ ပေါင်မုန့်ကိုတော့ မောင် မစားစေလိုပါ။ အဖျားပိုတက်လိမ့်မည်။ သောက်ရေဖန်ခွက်ထဲမှာ ရေအနည်းငယ် ထည့်လျက် ကော်ဖီပန်းကန်ကို လက်တစ်ဘက်က ကိုင်လျက် အခန်းတွင်း ဝင်မိတော့ မောင် ယခုတိုင် မတ်တပ်ရပ်ဆဲတည်း။ မောင့်မျက်လုံးများမှာ စားပွဲပေါ်မှ မောင့်ဓါတ်ပုံရှိရာသို့ စူးစိုက်နေကြ၏။

" ထိုင်လေ မောင်၊ ဒီမှာ ကော်ဖီ၊ ဒီမှာ ရေခွက်၊ ပေး ဆေးတွေ "

ကျွန်မ ဘာမှ မဖြစ်ဟန်ဆောင်၍ မောင့်ကို ကုလားထိုင်မှာ ထိုင်စေပါသည်။ မောင်က ငြိမ်သက်စွာ ထိုင်ချလိုက်၏။ မောင် မြင်မှာပေါ့။ ဂစ်တာရယ်၊ မောင့် ဓာတ်ပုံရယ်၊ စားပွဲပေါ်မှ ဖဲချပ်အဟောင်းလေးများရယ် ... ။

မောင့်မျက်နှာမှာ အံ့သြခြင်း၊ မယုံနိုင်ခြင်း၊ ကြေကွဲခြင်းများအပြင် သနားကြင်နာခြင်းပါ ရောယှက်နေသည်ဟု ထင်ပြန်၏။ ကျွန်မ ကော်ဖီ ပန်းကန်ကို

www.burmeseclassic.com



မှတ်ပေးနေမိသည်။ မောင် ... ကျွန်မကို လုံးဝ မကြည့်ပါ။ အမ်ပီဆီလင် ဆေးတောင့်လေး ဖောက်ပေးသောအခါ မောင်သည် စက်ရုပ်တစ်ခုကဲ့သို့ ယူ၍ သောက်၏။

" ပေါင်မုန့်တော့ ရှိတယ်၊ မောင် ဖျားနေလို့ မကျွေးတာ။ အေးအေးဆေးဆေး နေမှ ပြန်ပေါ့နော် "

ကျွန်းခုတင်ပေါ် သွားထိုင်၍ မောင့်ကို ကြည့်နေမိပါသည်။ မောင် အနေရခက်စွာ ကော်ဖီပန်းကန်ကို ငုံ့ကြည့်နေ၏။ ရင်ထဲမှာ တစစ်စစ် နာကျင်သော ဝေဒနာကို မသိကျိုးကျွန်ပြုလျက် မတွေ့ရတာ ကြာသော မောင့်ခန္ဓာကိုယ်ကို မက်မက်မောမော ကြည့်နေမိသည်မှာ အမှန်ပင် ဖြစ်၏။ (မောင်သည် ကျောင်းသားဘဝ တုန်းက ထက်တော့ နည်းနည်းပြည့်လာသည်။ မိမိဘဝကို ကျေနပ်အားရခဲ့သော လူကြီးလူကောင်း တစ်ဦး ဟန်ပါပဲ။) မောင်က ဖဲချပ်ကလေး တစ်ချပ်ကို အက်ဆစ်ကိုင်ရသလို မဝံ့မရဲ ကိုင်ကြည့်သည်။ ဟောင်းနွမ်းသော ဖဲချပ်ကလေးသည် မောင်ထားရစ်သော ပစ္စည်းတစ်ခု ဖြစ်၏။ တစ်စတစ်စ ပြောင်းလဲလာသော မောင့် မျက်နှာမှာ နာကျင်စူးနစ်သော ဝေဒနာက သိသိသာသာ ရုပ်လုံးပေါ်လာလေသည်။

ကျွန်မနှင့် မပတ်သက်တော့ဘူးဟု မည်သူက ပြောပါစေ။ ကျွန်မ၏ နှလုံးသားမှ စွဲမြဲစွာ ချစ်ရသော တစ်ဦးတည်း ချစ်သူမှာ မောင်သာလျှင် ဖြစ်ပါသည်။ မောင့် ခံစားချက်သည် ကျွန်မ၏ အရာ၊ မောင့်ကျန်းမာရေးသည် ကျွန်မ၏ အရာ။ ယခုအချိန်၌ ကျွန်မက လွဲလျှင် မောင့်ကို ပြုစုမည့်သူ မရှိ။ ဆိတ်ငြိမ်တွန့်ဆုတ်စွာ ငေးမောနေသော မောင်သည် ကျွန်မဘက်သို့ ရုတ်တရက် လှည့်ကြည့်၏။ ကျွန်မ မောင့်ကို



www.burmeseclassic.com

www.burmeseclassic.com



ရှိးသားသန့်စင်စွာ ပြုံးပြရန် အားယူလိုက်သည်။ သို့သော် ကျွန်မ နှုတ်ခမ်းများ မယုံကြည်နိုင်လောက်အောင်ပင် တုန်ယင်လာကြသည်။ မျက်လုံးများ ရှုတ်ချည်း စိုလာသည်။ ကျွန်မ မောင့်ရှေ့မှာ နေမဖြစ်တော့ပါ။

ထိုင်ရာမှ ဖြုန်းခနဲ ထ၍ မောင့်အနီးမှ ဖြတ်လျှောက်ကာ အခန်းဝသို့ ခပ်သွက်သွက် လှမ်းမိသည်။ ငေးငိုင်နေသော မောင်သည် အိပ်ရာမှနိုး၍ ဖျတ်ခနဲ သတိရလာသလို ကုလားထိုင်မှ ရုတ်တရက် ထပြီး ကျွန်မကို လှမ်းဆွဲဖက်လိုက်သည်။

" ဟင့်အင်း " ကျွန်မ ထိတ်လန့်စွာပင် ရုန်းထွက်ဖို့ ကြိုးစားမိ၏။ သို့သော် ပူနွေးသော မောင့် ကိုယ်ခန္ဓာနှင့် တစ်ခဏချင်းပင် ပူးကပ်သွားသည်။ ထိုအခါ ကျွန်မ ထိန်းချုပ်ထားရသော မျက်ရည်စများကို မောင် မမြင်အောင် မောင့်ရင်ခွင်ထဲသို့ ဖွတ် မျက်နှာအပ်ပစ် လိုက်ရသည်။ မောင်က လက်တစ်ဘက်တည်းဖြင့် ကျွန်မကို မြဲမြဲစွာ ပွေ့ဖက်ထားပြီး လက်တစ်ဘက်က ကွယ်ဝှက်ထားသော ကျွန်မ မျက်နှာကို မရမက ခေါင်းမော့စေအောင် ဆွဲပင့်ယူ၏။

" ချစ် ... နင် ဟန်ဆောင်ကောင်းလှချည်လား ဟင် " ကျွန်မ မောင့်ကို အထိန်းအချုပ်မရှိ တင်းကျပ်စွာ ပွေ့ဖက်၍ မျက်လုံးများကိုသာ ပိတ်ထား ပစ်လိုက်ရလေသည်။

မောင့် ကိုယ်ခန္ဓာမှာ အနည်းငယ် တုန်ယင်နေသည်။

" မထင်ခဲ့ပါဘူး ချစ်ရယ်၊ နင့်ကို ဒီလို ... " မောင့် အသံမှာ အနည်းငယ် အက်နေသည်။ မောင့်စကားသည် အဖျားဆွတ်၍ တိမ်ဝင်သွား၏။



www.burmeseclassic.com

www.burmeseclassic.com



" နင် ... နင် ငါ့ကို ဘာဖြစ်လို့ ဒီလောက် ချစ်ရတာလဲဟင်၊ နင်ဘာဖြစ်လို့ ဒီလောက် ချစ်ရတာလဲ "

ကျွန်မ ရက်ရွဲ့ဝမ်းနည်းစွာ အသံထွက်၍ ရှိုက်ငို ပစ်လိုက်မိပါသည်။ မောင်က ကျွန်မ ကိုယ်ခန္ဓာကို တအားလှုပ်ယမ်း၍ မေးနေပြန်သည်။ " နင် ဘာဖြစ်လို့ ဒီလောက်ချစ်ရတာလဲ "

" မသိဘူး ... မသိဘူး မမေးစမ်းပါနဲ့ကွယ် "

ကျွန်မ ခြေဖျားထောက်၍ မောင့်ကို ဖက်ထားရင်း မောင့်မေးစေ့ကို လှမ်းနမ်းမိသည်။ ပူနွေးယိမ်းယိုင်နေသော ကိုယ်ခန္ဓာကို မောင်ကသာ ထိန်းပွေ့ဖက်မထားမိလျှင် နေရာတွင်ပင် ပုံလျက် လဲကျသွားတော့မှာပါ။

" ဟိုတုန်းက ဘာဖြစ်လို့ တစ်ခွန်းမှ မတားခဲ့သလဲ၊ မောင်နဲ့ လမ်းခွဲခါနီး ဘာဖြစ်လို့ ပြုံးပြုံးရွှင်ရွှင်နဲ့ နှုတ်ဆက်နိုင်သေးလဲ၊ နင် သိပ်ဟန်ဆောင်ကောင်းတယ်နော်"

ဘာတွေပဲ ဖြစ်နေ ဖြစ်နေ ကျွန်မ မောင့်ကို အသည်းနှလုံးနှင့် ပုံ၍ ချစ်ခဲ့ကြောင်း ကျွန်မသာလျှင် အသိဆုံး ဖြစ်သည်။ မောင် သိစေဖို့လည်း ဘယ်တော့မှ ကြိုးစားမည် မဟုတ်ပါ။

" ကျွန်မကို ဘယ်လိုမှ မထင်ပါနဲ့နော်၊ တစ်နေ့နေ့မှာ မောင် တစ်ခုလပ် ဖြစ်လာမလား၊ မုဆိုးဖို ဖြစ်လာမလားဆိုတဲ့ ယုတ်ညံ့တဲ့ မျှော်လင့်ချက်နဲ့ မောင့်ကို စောင့်ခဲ့တာ မဟုတ်ပါဘူးမောင်၊ အမျှင်တန်းပြီး ကျန်ရစ်မယ့် သံယောဇဉ်အားကိုးနဲ့ မောင့်ရဲ့ မယားငယ်အဖြစ် အရှက်မရှိ အသနားခံဖို့ စောင့်နေခဲ့တာလည်း မဟုတ်ပါဘူး။

www.burmeseclassic.com



ဒါပေမယ့် မောင့်ကို ကျွန်မ ဘယ်လိုမှ မေ့လို့မရဘူး။ ကျွန်မလေ မောင်နဲ့ခွဲရရင် ရူးသွားမှာလို့ ထင်ခဲ့တယ်။ အခုတော့ ရူးလဲ မရူးပါဘူး။ မောင့်ကိုလည်း မမေ့ဘူး။ မောင့်ကိုမေ့အောင် ဘာလုပ်ရမလဲ။ အကြံပေးခဲ့စမ်းပါဦး မောင်ရယ်။ အခုမှတော့ ကျွန်မ ဘဝမှာ နေလို့လည်း မပျော်တော့ပါဘူး ”

တစ်သက်လုံး မျိုသိပ်လာခဲ့သော စကားများကို အဆက်မပြတ် ပြောမိသွားမှန်း သတိရလာသောအခါ တစ်ချက်ရှိုက်ငင်၍ ချက်ချင်းရပ်တန့် ပစ်လိုက်ပြီး မောင့်ရင်ခွင်မှ ရုန်းထွက်လိုက်၏။ မောင်က အလိုက်သိစွာ ဖြေလျှော့ပေးပါသည်။

“ ဆောရီး ... ကျွန်မ ဘာဖြစ်သွားမှန်း မသိဘူး၊ မောင် စိတ်ညစ်အောင်များ ”

အို ... မောင့်မျက်ဝန်းမှာ မျက်ရည်တို့ဖြင့် စိုလက်နေပါလား။ အနည်းငယ် တုန်ယင်သော မောင့်နှုတ်ခမ်းသည် ပြုံးဖို့အားယူလျက် မပြုံးဖြစ်ပါ။ ကျွန်မ ဖျတ်ခနဲ မျက်နှာလွဲလျှက် မျက်ရည်တို့ကို လက်ခုံဖြင့် ပွတ်တိုက် သုတ်ပစ်လိုက်၏။ ရေဖန်ခွက်ထဲသို့ ဒစ်စ်ပရင် ဆေးပြားကလေး ဖောက်ထည့်လိုက်သည်။ ဖြုန်းခနဲ ဆူပွက်လာသော အမြှုပ်များ ငြိမ်ကျသွားသောအခါ မောင့်ကို ဖန်ခွက် ကမ်းပေးလိုက်သည်။

“ ရော့... မောင် ခေါင်းကိုက်နေမှာ၊ အဖျားလဲကျအောင်ပေါ့၊ သောက်လိုက်နော်”

မောင်က ကလေးတစ်ယောက်လို ရိုကျိုးစွာ လှမ်းယူ၍ သောက်လိုက်ပါသည်။ ကျွန်မ ကော်ဖီပန်းကန်ကို လှမ်းပေးပြန်၏။ မောင်က ယူ၍ မျက်စိမှိတ် သောက်လိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



" မောင် ခုတင်ပေါ်မှာ ခဏ လှဲနေလိုက်ပါလားဟင်၊ ဩော် ... နေဦး၊ အဝတ်လဲလိုက်ဦး ပေါ့ပေါ့ပါးပါး ဖြစ်အောင် "

ကျွန်မသည် ခုတင်အောက် ထင်းရှူးသေတ္တာထဲမှ မောင့်အင်္ကျီဟောင်း တီရှပ်နှစ်ထည်နှင့် မာစရိုက်လုံချည် အကွက်တစ်ထည်ကို ထုတ်ပေးမိသည်။

မောင် တုန်လှုပ်စွာဖြင့် " နေပါစေ " ဟု ငြင်းသည်။

" လဲပါ ... ဒါ မောင့်အင်္ကျီတွေပဲ ဥစ္စာ၊ အားမနာပါနဲ့လေ၊ ကဲ ... ကျွန်မ အင်္ကျီချွတ်ပေးမယ်။ ရိုးရိုးသားသားပါနော် " မောင် မရယ်မောနိုင်ပါ။ ထို့နောက် ကျွန်မ စကားကို နာခံစွာ မောင် အဝတ်လဲ၏။ ပြီးနောက် ခုတင်ပေါ်သို့ ခပ်ဖြည်းဖြည်း လှဲအိပ်သည်။ မောင့်မျက်နှာ ပြုံးရွှင်လာအောင် ကျွန်မ ဘယ်လို လုပ်ရပါ့မလဲ။

" ချမ်းသလား မောင် "

" မချမ်းပါဘူး "

" စိတ်ချလက်ချအိပ်နော်၊ ကျွန်မ ဒီကုလားထိုင်မှာ ထိုင်စောင့်နေမယ် "

" အိပ်ပျော်သွားရင် ဘယ့်နှယ်လုပ်မလဲ "

" အောင်မာ၊ သူက ပူပူပင်ပင်၊ ကျွန်မက ရှင့်ကို ဘာမှ မလုပ်ပါဘူး "

မောင် မျက်နှာပျက်သွားသည်။



www.burmeseclassic.com

www.burmeseclassic.com



" မဟုတ် ... မဟုတ်ပါဘူး။ ချစ်က မောင် အိပ်ပျော်နေရင် မနိုးရက်မှန်းသိလို့။ ချစ် အနေရ ခက်နေမလားလို့ "

" စိတ်ချ၊ အခု ကျွန်မ နိုးရက်ပါပြီ "

မောင်က မယုံသလို ခေါင်းခါယမ်း၏။ မောင့် နှုတ်ခမ်းထောင့်စွန်းလေးများ အနည်းငယ်တုန်ခါနေသည်ဟု ကျွန်မ ထင်သည်။

" ချစ်ရဲ့ ဂစ်တာသံကို မကြားရတာ သုံးနှစ်လောက် ရှိပြီ "

" မောင်က နားထောင်ချင်လို့လား။ ရပါတယ်။ ဂစ်တာတီးပြီး သိပ်မယ်လေ။ နောက်ဆုံးအကြိမ် အဖြစ်နဲ့ပေါ့ "

ကျွန်မ ဂစ်တာကို လှမ်းယူလိုက်၏။

" အရင်လောက် ကောင်းချင်မှ ကောင်းမှာနော်။ ကျွန်မ လက်ပျက်နေတာ ကြာပြီ။ နောက်ပြီး လက်သည်း နည်းနည်းရှည်နေတယ်။ ဘာနားထောင်မလဲ ပြော"

" ရေးဗားအော့ဖ် နိုးရီတန်း "

ကျွန်မ ရင်ထဲမှာ လှိုက်ခနဲ ဟာသွား၏။ မောင်သည် ကျွန်မ နောက်ဆုံးတီးခဲ့သော သီချင်းကို မှတ်မိနေသေးပါလား။

" မရဘူး မောင်၊ ကော့ဒ်တွေ မေ့နေပြီ။ တခြား သီချင်းပြော "

မောင် ကျွန်မကို ငေးမောနေသည်။


www.burmeseclassic.com

www.burmeseclassic.com



" မောင် ... "

" ကိုယ့်စိတ်ထဲမှာ ဟိုတုန်းက အိပ်မက်တစ်ခုကို ပြန်မက်နေရသလိုပဲ။ နောက်ပြီး နောင်တရတာလဲ မဟုတ်ဘဲနဲ့ စိတ်မကောင်းဘူး။ မောင် မှားလိုက်တာနော်၊ သိပ်ကို မှားလိုက်တာ "

မောင် ရုတ်တရက် ငိုချလိုက်မလားဟုပင် ကျွန်မ စိုးရိမ်သွားမိပါသည်။

" ခဏပါကွယ်၊ နောက်နေ့ကျ မေ့ပျောက်သွားမှာပါ "

ကျွန်မသည် ဂစ်တာကြိုးများကို စမ်းတဝါးဝါး တီးခတ်ရင်း လက်ရှိ အခြေအနေကို မေ့ပျောက်ရန် အတတ်နိုင်ဆုံး ကြိုးစားနေရသည်။

" မောင် သီချင်းဆိုပါလား "

" ဘယ် ... တစ်ပုဒ်မှ ကောင်းကောင်း မရတာ ကြီးကို "

ကျွန်မ မောင့်ကို တီးပြဖို့ သီချင်းကို အတော်ကြာအောင် ရွေးယူရပါမည်။ ကျွန်မတို့ လက်ရှိဘဝ အခြေအနေနှင့် အနှောင့်မလွတ် အသွားမလွတ် သီချင်းမျိုးလည်း မဖြစ်စေရ။ နောက် ကျွန်မ၏ ခံစားချက်နှင့် ဆင်တူသော သီချင်းလည်း မဖြစ်စေရ။ အိမ်ထောင်သည် ယောကျ်ားတစ်ယောက်ကို မြူဆွယ်သော သီချင်းမျိုးလည်း မဖြစ်စေရ။ တော်တော်တော့ အရွေးရခက်သော ပြဿနာ ဖြစ်ပါသည်။

ကျွန်မသည် အနည်းငယ် ရယ်ချင်စွာ မောင့်ကို တာဝန်ပေးမိ၏။



www.burmeseclassic.com

www.burmeseclassic.com



“ ကဲ ... ဘာနားထောင်မလဲ၊ ရွေးလေ ”

မောင်က ခုတင်ပေါ်မှာ စောင်းလျက် လှဲအိပ်ပြီး ကျွန်မဆီသို့ ငေးမောကြည့်နေရာက ခေါင်းယမ်းပြသည်။ မောင်သည် ပစ္စုပ္ပန်မှာ ရှိနေသူ တစ်ဦးနှင့်လည်း မတူပါ။ မောင် ဘယ်ရောက်နေလဲ။

“ ဒီမှာ လာထိုင်ပြီး တီးပါလား။ ကုလားထိုင်ပေါ်က သိပ်မကောင်းဘူး ”

မောင့်အသံက အနည်းငယ် တုန်ယင်ချင်သည်။ မောင်သည် ကျွန်မကို စကားတစ်ခွန်းပြောဖို့ တော်တော်စဉ်းစားနေရဟန် ရှိ၏။

“ မောင် နေကောင်းရဲ့လား ”

“ တော်စမ်းပါ ချစ်ရယ်။ မောင့်ကို မင်းရဲ့ လူနာမေးသလို မေးမနေစမ်းပါနဲ့ ”

အခုမှ မောင့်အသံက လွန်ခဲ့သည့် သုံးလေးနှစ်က လူငယ်ကလေး တစ်ယောက်၏ ပုံစံအတိုင်း ပြန်ဖြစ်လာသည်။

“ ဒီမှာ လာထိုင်တီးစမ်းပါ ”

“ ရိုးရိုးသားသားပြောတာနော် ”

“ သြော် ... ခက်နေပါပြီ ”

ကျွန်မ အသံထွက်အောင် ရယ်မော၍ နေရာက ရွှေ့လိုက်လေသည်။ မောင် ရယ်မောနိုင်ဖို့က အဓိကပါ။ မောင် ပျော်လျှင် ကျွန်မ ပျော်ရမှာ။ မောင် စိတ်ဆင်းရဲလျှင်



www.burmeseclassic.com

www.burmeseclassic.com



ကျွန်မ စိတ်ဆင်းရဲရမှာ။ ခုတင်ပေါ် ဝင်ထိုင်လျှင် မောင် ကျွန်မ ခါးကို ဖြစ်ဖြစ် ပွေ့ဖက်မည်ဟု ထင်ထားခဲ့သော်လည်း တကယ်မှာတော့ ကျွန်မအား လက်ဖျားဖြင့် ထိကိုင်ခြင်းပင် မရှိပါ။

“ နားထောင်ရင်း အိပ်နော်။ ပျောက်ဆုံးသွားသော နိဗ္ဗာန်ဘုံ တီးပြမယ် ”

မောင့်မျက်နှာကို တစ်ချက် ငုံ့ကြည့်လိုက်သောအခါ မောင်သည် ကလေးငယ်တစ်ယောက်လို မျက်တောင်စင်းနေသည်။

မနက်ဖြန်ကျလျှင်တော့ ကျွန်မ ပြန်မှဖြစ်မည်။ နောက်ပြီး မန္တလေးမှာ ကျွန်မနှင့် မောင့်အတွက် ဤအိမ် မရှိမှ ဖြစ်မည်။ မောင် မေ့ပျောက်ထားပြီးသော ဝေဒနာတစ်ခုကို အသစ်ပြန် ဖန်တီးပေးသလိုလည်း မဖြစ်စေလိုပါ။

ငယ်စဉ်က × × × ကလေးတို့ဘဝမှာ × × × ပျော်ပါးဖို့ရာ လွယ်ပါတယ် × × × ကိုယ်ရတာနဲ့ တင်းတိမ်ရောင့်ရဲ × × × စားချိန်မှာ ဝင်စားမယ် × × × အိပ်ချိန်မှာ ဝင်အိပ်မယ် × × ×

အပူအပင်ကင်းမဲ့တဲ့ ကလေးလေးဘဝသာ × × × တစ်ခါပြီး ရချင်သေးတယ် × × × အပြစ်မသိသေးတဲ့ × × ။ ရုတ်တရက် တုန်ခိုက်လာသော အသံများကြောင့် ကျွန်မ မောင့်ကို ရက်ရှဲ့စွာဖြင့် ရပ်တန့်ပစ်လိုက်မိသည်။

“ မရဘူး မောင်။ ကျွန်မ အသံတွေ ထိန်းလို့မရဘူး ”



www.burmeseclassic.com

www.burmeseclassic.com



တလိမ့်လိမ့်ကျလာသော မျက်ရည်များကို သုတ်ပစ်ဖို့ လက်မအားသောကြောင့် ခေါင်းငုံ့၍ ပလုံးစွန်းဖြင့် ပွတ်သုတ်ပစ်ရင်း တေးသွားအတိုင်း လက်က ဆက်တီးနေလိုက်သည်။ မောင်က အိပ်ရာမှ လက်ထောက်ကာ တစ်ဝက်ထထိုင်၍ ကျွန်မ မျက်ရည်များကို ညင်သာစွာ ဖယ်ရှားပေးသည်။ ဂစ်တာတီးရင်း တစ်ချက် ရှိုက်လိုက်သောအခါ မောင်က 'မိချစ်' ဟု အလန့်တကြား ရေရွတ်၍ ကျွန်မကို သူ့ဘက်လှည့်အောင် ဆွဲယူ၏။

" မငိုနဲ့ … မငိုပါနဲ့။ ချစ်ကို မျက်ရည်တွေနဲ့တွေ့ရရင် မောင် တအား ငိုချင်တယ်။ ချစ် မငိုနဲ့နော်။ နင်ဖြစ်စေချင်တာ အကုန် မောင် လုပ်ပေးမယ်။ ပြော ချစ် ဘယ်လိုဖြစ်ချင်သလဲ "

ကျွန်မ လက်ထဲမှ ဂစ်တာကိုယူ၍ ဘေးချထားကာ ကျွန်မ နဖူးကို ခပ်ဖွဖွလေး နမ်းလိုက်သောအခါ ကျွန်မ ထိန်းချုပ်ဖို့ သတိရသွားသည်။

" စိတ်မကောင်း မဖြစ်ပါနဲ့ကွယ်။ အခုတလော ကျွန်မကိုက မျက်ရည်လွယ် နေတာပါ၊ ဘာမှ မဖြစ်ပါဘူး မောင်ရဲ့ "

ကျွန်မ အသံကတော့ ဘာမှ မဖြစ်သည့်အသံ မဟုတ်နိုင်ပါ။

" မောင် ဆိုးခဲ့တာတွေ၊ ယုတ်မာခဲ့တာတွေ၊ တွေဝေခဲ့တာတွေအတွက် နင် ခွင့်လွှတ်ဖို့ အများကြီး လိုသေးတယ် "

စိတ်ဆင်းရဲမှုကြောင့် မောင့်အသံသည် တိမ်ဝင်၍ လေးပင်နေသည်။ ကျွန်မ မောင့်နဖူးကို လက်ဖြင့် အုပ်ကိုင်၍ စမ်းသပ်ပြီးနောက် ခေါင်းယမ်းပစ်လိုက်၏။


www.burmeseclassic.com

www.burmeseclassic.com



“ မဟုတ်ဘူး၊ မဟုတ်ဘူး။ မောင်နဲ့ ပတ်သက်ပြီး ခွင့်လွှတ်ဖို့ ဘာမှ မလိုအပ်ဘူး။ ကျွန်မကိုသာ ခွင့်လွှတ်ဖို့ လိုတာ ”

“ ဘာကိုလဲ ”

“ သိပ်ခိုင်လွန်းတဲ့ သံယောဇဉ်ကြိုးကိုပေါ့ ”

မောင်က သက်ပြင်းတစ်ချက် ရှိုက်ပြန်၏။

“ ကိုယ်ထင်တာတွေ အကုန်လုံး မှားတာပဲ။ ကိုယ်ထင်တာက ပညာမာနရော၊ နာကြည်းမှုရော ပေါင်းပြီး မောင့်ကို လုံးဝ မေ့ပျောက်ပစ်လိမ့်မယ်၊ အိမ်ထောင်ပြုလိုက်လိမ့်မယ်လို့ ... ”

“ ယောကျ်ားတစ်ယောက်ကို မချစ်ဘဲ ယူဖို့ဆိုတာ ဘယ်လွယ်မလဲကွယ်။ နောက်ပြီး အိမ်ထောင်ကျပြီး မောင့်ကို မမေ့နိုင်တာနဲ့စာရင် လွတ်လွတ်လပ်လပ် မမေ့နိုင်တာက ပိုပြီးသင့်တော်ပါတယ်။ ဒါနဲ့ နေပါဦး၊ လွန်ခဲ့တဲ့ မောင့်မွေးနေ့ ပတ်ဝန်းကျင်တုန်းက မောင် နေထိုင်မကောင်းများ ဖြစ်သေးလားဟင် ”

“ မောင့်မွေးနေ့၊ ဩော် အင်း ... ဖြစ်တာပေါ့၊ ထုံးစံအတိုင်း အင်းထရစ်ဖီဗာလေ။ ဟာ ... ခံလိုက်ရတာ လိမ့်နေတာပဲ။ နင်က ဘယ်လို ... ”

“ အဲဒီတုန်းက ကျွန်မ အိပ်မက်တွေ ဆက်တိုက်မက်တာ။ စိတ်တွေလဲ လေးလို့၊ ပစ္စည်းတွေလဲ ခဏခဏ လွတ်ကျတယ်။ ဆရင့်ချ်တောင် လွတ်ကျ ကွဲတယ်။ အိပ်မက်ထဲမှာ မောင်က ကျွန်မဆီ လာချင်လို့တဲ့လေ။ ကျွန်မ စိတ်ဆင်းရဲလိုက်တာ၊



www.burmeseclassic.com

www.burmeseclassic.com



မောင် တစ်ခုခု ဖြစ်နေသလားဆိုပြီး မောင့်မွေးနေ့မှာ ဘုန်းကြီးတွေတောင် ဆွမ်းကျွေးဖြစ်သေးတယ် ”

“ အို ... တိုက်ဆိုင်လှချည်လား ”

“ အင်းလေ၊ ကျွန်မ ကိုယ်တိုင်လဲ မလာသင့်ဘူး။ စာနဲ့လဲ မမေးသင့်ဘူး။ ဘာမှလဲ အကျိုးအကြောင်းမသိ ကိုယ်တိုင်လဲ ဆေးကုမပေးနိုင်၊ စိုးရိမ်စိတ်တွေနဲ့ ပူပင်သောကရောက်တိုင်း ကျွန်မတော့ ဗေဒင်တွေပဲ မေးနေတော့တာပဲ ”

“ ကြဲကြဲဖန်ဖန် ချစ်ရယ် ”

“ မောင် မရယ်ရဘူးနော်၊ မောင့် အရုပ်နဲ့တိုင်းပြီး ပေါက်ပင်အကိုင်း တစ်ခုကို ဖြတ်ရမယ်တဲ့။ မောင့်ရဲ့ အဝတ်အစားတွေကို ပေါက်ပင်ကိုင်းနဲ့အတူ စုထည့်ပေးရမယ်တဲ့။ အင်္ဂါနေ့ညနေ ခြောက်နာရီမှာ ရေထဲကို မျှောပစ်ရမယ် တဲ့ကွယ်။ ဒါနဲ့ပဲ ကျွန်မ မန္တလေးကို လာခဲ့ရသေးတယ် မောင့် အင်္ကျီတွေက ဒီမှာကိုး။ အဲဒါ အရုပ်ကို ငါးပေခုနစ်လက်မ တိုင်းလိုက်တယ်။ မောင့် ရေလဲပုဆိုးရယ်၊ ဟို စပို့ရှပ် အပြာလေးရယ် ထည့်ပြီး ညနေ ခြောက်နာရီမှာ အန်တီ့သားလေးကို ခေါ်ပြီး ဂေါဝိန်ဆိပ်ကို ... မောင် မရယ်နဲ့ ”

“ ဩော် ... ရယ်ရက်ပါ့မလား ချစ်ရယ်။ မောင် စိတ်မကောင်းလိုက်တာ။ မောင် အဲဒီရက်တွေတုန်းက ချစ်ကို တ,မိလို့ ဖြစ်မှာပေါ့။ မောင် ဖျားရင် ချစ်က ဆေးထိုးပေးခဲ့ဖူးတာကိုး။ ဆေးတိုက်တော့လဲ ချစ်က စိတ်ရှည်တယ်။ နောက်ပြီး သံပုရာရည်တွေ သောက်ရတော့လဲ ချစ်ကို တအားသတိရတာ။ နင်က သကြားနဲ့

www.burmeseclassic.com



ဖျော်တာနော်။ မောင့်မိန်းမက ဂလူးကို့စ်နဲ့ဖျော်တာ။ ဒါပေမယ့် နင်ဖျော်သလိုကို မကောင်းဘူး ”

“ သွား၊ စကားကောင်းပြောရင် ဖောက်မလာနဲ့ ”

မောင်က ကျွန်မ လက်ဖျားကို ဖမ်းဆွဲဆုပ်ထား၍ ရယ်မော၏။

“ ဩော် ... ခက်နေပါပြီ။ တကယ်ပြောတာ၊ သူ ဟင်းချက် သိပ်ကောင်းတာပဲ။ ဒါပေမယ့် ကော်ဖီဖျော်တာ၊ သံပုရာရည်ဖျော်တာ ချစ်လောက် သောက်မကောင်းဘူးလေ။ မောင် မရှက်ပါဘူး။ နည်းနည်းတော့ တမ်းတမိတာပါ။ ဆေးတိုက်တော့လဲ နင်က နာရီအတိအကျနဲ့ ၄၅မိနစ်လောက် အစာနဲ့ခြားပြီး ကြိုတိုက်ထားတာလေ။ ခုတော့ မောင့်ဘာသာမောင် ယူသောက်ရတယ်။ ညည အားနည်းလွန်းလို့ အိပ်မပျော်ဘူးဆိုရင် ဟိုတွေးဒီတွေးနဲ့ သိပ်ဖျားလွန်းလို့ ဆေးထိုးချင်ပြီဆိုရင် မောင့်ဘေးမှာ ဆေးထိုးပေးမယ့်လူ မရှိဘူး။ အဲဒါမျိုးတွေကျတော့ သတိရတာပဲ။ တစ်နာရီတစ်ခါ သွေးတိုးနှုန်း တိုင်းပေးမယ့် လူမရှိဘူး။ နောက်ပြီး အလျင်တစ်ခါ ဖျားပြီး နေကောင်းခါစမှာ နင်လုပ်ပေးတဲ့ ကြက်စွပ်ပြုတ် မောင် သိပ်ကြိုက်တာပဲ။ အခုတော့ ဟောလစ်နဲ့ နလန်ထရတယ်။ ဟောလစ်ကို မောင် သိပ်မုန်းတာ နင်သိသားပဲ။ တစ်လနီးပါးလောက် ခံလိုက်ရတယ်။ လူကလဲ ပိန်ကျသွားတာပဲ။ ပြန်ပြီး အားပြည့်အောင် ဘာကျွေးရမယ်ဆိုတာ မောင့်မိန်းမက မသိဘူးလေ၊ မောင့်ကိုတော့ မေးရှာပါတယ်။ ဒါပေမယ့် ပြောပြနေရတာထက်စာရင် အစစအရာရာ မလိုအောင် လုပ်ပေးသွားတဲ့ တတ်ကျွမ်းသူတစ်ယောက်ကို ဘယ်မိမလဲ။ နောက်ပြီး နင့်လို ညည



www.burmeseclassic.com

www.burmeseclassic.com



မောင့်ကို ထပြီး အဖျားစမ်း မကြည့်တတ်ဘူး။ ဆေးသောက်ဖို့ မနှိုးတတ်ဘူး။ နှိုးစက်နဲ့ ဆေးသောက်ရတယ် ”

“ ဒါပေမယ့် ကျွန်မရဲ့ တန်ဖိုးက ဒါပါပဲ မောင်ရယ်။ ဆရာဝန်ဆိုတာ နေမကောင်းနေတဲ့ လူအတွက်ပဲ တန်ဖိုးရှိတာပါ ”

“ မောင် ပြောတဲ့အထဲမှာ တန်ဖိုးမဲ့တာတွေ ရှိတာတွေ မပါဘူး။ နင့်ကို သတိရ တမ်းတတဲ့အကြောင်းပဲ ”

“ ဟုတ်ပါပြီလေ။ ဒါပေမယ့် မောင် တ,တာကတော့ ဆရာဝန် စုစုထွေးကို တ,တာပဲ ”

“ နင့်လိုတော့ ငါက စကားတတ်ဘူနော်။ ပြောလို့မနိုင်ရင် ဆွဲထိုးပစ်မှာပဲ ”

ထို့နောက် နှစ်ယောက်သား လက်ရှိအခြေအနေများကို မေ့လျော့ပြီး စိတ်လွတ်လက်လွတ် ရယ်မောမိသည်။ ကျွန်မ မောင့်ကို ခပ်ဖွဖွဖက်ပြီး နဖူးမှ ဆံစများ၊ ချွေးစက်ကလေးများကို လက်ဖြင့် ပွတ်သပ်ပေးနေမိသည်။

“ မောင် အဖျားကျသွားပြီ၊ အိပ်တော့မလား ”

“ မောင် ပြန်မှ ဖြစ်မယ် ”

“ ကျွန်မကို စိတ်မချလို့လား ”



www.burmeseclassic.com

www.burmeseclassic.com



“ အဲလို မပြောပါနဲ့၊ မင်းကိုလဲ စိတ်ချတယ်။ ကိုယ့်ကိုယ်ကိုလဲ စိတ်ချတယ်။ ဒါပေမယ့် ပတ်ဝန်းကျင် ... ”

“ ပြန်မနေနဲ့တော့ မောင်၊ မနက်စောစောကျမှပြန်၊ အခုပဲ ၁၀နာရီလောက် ရှိပြီ။ မောင် မန္တလေးမှာ နေဦးမလား ”

“ အင်း ... ချစ် ရှိနေရင်တော့ နေချင်တာပေါ့။ နေခွင့်ရှိတယ်ဆိုရင်လေ ”

“ ကျွန်မ မနက်ဖြန် ပြန်ရမလားလို့။ မောင် နေကောင်းရင် ”

“ ပြန်စရာရှိရင်တော့ ပြန်လေ။ ကိုယ်က ကိစ္စမရှိပါဘူး ”

မောင်က နာကျင်ထိခိုက်သွားသော မျက်နှာမျိုးဖြင့် သက်ပြင်းရှိုက်၏။

“ ဒါပေမယ့် မောင်က ဆေးသောက်ပျင်းလွန်းလို့ ”

မောင်က ခြောက်ကပ်စွာ ရယ်မောလျက် “ စိတ်ချလက်ချသွားပါ ” ဟု ကတိပေးသည်။

“ ကဲ ... အိပ်တော့မောင်၊ မနက် ၄နာရီကျရင် ဆေးသောက်ဖို့ ကျွန်မ နှိုးမယ် ”

ချစ်သူတစ်ယောက်လို မြတ်နိုးရ၍ လင်ယောကျ်ားတစ်ယောက်လို အားကိုးခဲ့ရသော မောင်သည် ကျွန်မအတွက် ကြင်နာရသော မောင်လေးတစ်ယောက် ဖြစ်သွားပြန်၏။

www.burmeseclassic.com



မောင်သည် ပင့်သက်တစ်ရှိုက် လေးပင်စွာရှိုက်ပြီး အိပ်ရာပေါ် မှောက်လျက် လှဲအိပ်ပစ်လိုက်သည်။ (မောင် စိတ်ညစ်လျှင်၊ ဝမ်းနည်းလျှင် အခုလိုပဲ ခေါင်းအုံးပေါ် မျက်နှာအပ်၍ မျက်ရည်ကို ကွယ်ဝှက်ကာ မငိုဟန်ဆောင်ရင်း အိပ်ပျော်သွားတတ်မြဲ ဖြစ်၏။) ကျွန်မကတော့ မောင့်ဘေးမှာ ထိုင်လျက် မောင့်မျက်နှာကို ဆွဲယူ စူးစမ်းကြည့်ဖို့ ကျွန်မ စိတ်မကူးရက်ပဲ ကျောပြင်ကိုသာ တွေဝေငေးမောနေမိသည်။

အသက်ရှူလိုက်တိုင်း စည်းချက်မှန်မှန် လှုပ်ရှားနေသော မောင့်ကျောပြင်ကို စူးစိုက်စွာ ကြည့်နေရာက တစ်ချက် သိမ့်ခနဲ တုန်လှုပ်သွားသည်ကို မြင်လိုက်ရသောအခါ ကျွန်မသည် အရာအားလုံးကို မေ့လျော့၍ မောင့်ကိုယ်ခန္ဓာပေါ်သို့ ရုတ်တရက်ငုံ့၍ တင်းကျပ်စွာ ပွေ့ဖက်ရှိုက်ငင် လိုက်မိလေတော့သည်။

" ချစ် ဘယ်တော့ ပြန်မှာလဲဟင် " မောင့်အသံက အိပ်ချင်မူးတူး အသံ မဟုတ်။ မောင် အိပ်မပျော်သေးသည်မှာ သေချာ၏။

" ညရထားနဲ့ပေါ့ "

" ဘူတာကို ကိုယ်လိုက်ပို့မယ် "

" ဟင့်အင်း၊ မပို့ရဘူး "

မောင်က သူ့ကိုယ်ခန္ဓာကို မှောက်လျက် အနေအထားမှ ပြင်လိုက်ပြီး ကျွန်မကို မော့ကြည့်နေသည်။ စူးစူးစိုက်စိုက်ကြည့်သော မောင့်မျက်လုံးတို့တွင် မျက်ရည်စများ စိုလက်နေသည်ဟုပင် ထင်မိပြန်၏။



www.burmeseclassic.com

www.burmeseclassic.com



" လက်မှတ်ရပြီးသွားလား "

" အခု မနက်မှ သွားဖြစ်မယ် "

" နေ့ချင်းရလို့လား "

ကျွန်မ မဖြေပါ။ မောင့်မျက်နှာမှာ ကျွန်မနှင့် နည်းနည်းစိမ်းသွားဟန် ရှိသည်။

" နင် အစတုန်းက အစီအစဉ် မရှိပါဘူး။ ခုမှ ချက်ချင်းပြန်ဖို့ စီစဉ်တာ မဟုတ်လား "

" မဟုတ်ပါဘူး "

" နင် ငါ့ကို မညာနဲ့ "

မောင့်အသံက ထိခိုက် ရှနာထားသူ တစ်ယောက်လိုပင် နာကျင်သံ စွက်နေလေသည်။ ကျွန်မ မောင့်ရင်ခွင်မှ ဖယ်လိုက်ပြီး စားပွဲပေါ်မှ မောင့်ခေတ်ပုံကို ငေးစိုက်ကြည့်နေမိသည်။ ဘုရားသခင်ဟာ ကျွန်မတို့ နှစ်ယောက်ကို ဘာဖြစ်လို့များ ကွဲစေတာပါလိမ့်။ အို ... အားလုံးဟာ မောင့်ကြောင့်ပဲ။ သူ့စိတ် တစ်ခုတည်းရဲ့ ဆုံးဖြတ်ချက်ပါပဲ။ ရင်ထဲမှာ ရှူးရှစ္စာ အောင့်သွားသည်။

" ဟုတ်တယ်လေ။ ချက်ချင်းပြန်ဖို့ စီစဉ်ရတာပေါ့။ နင်နဲ့ တွေ့လိုက်ရ တာကိုး။ ဘာတွေပဲ ဖြစ်ခဲ့ဖြစ်ခဲ့ နင် သိထားရမှာက စုစုထွေးဆိုတာ နင် ပြန်လှည့်ကြည့်တိုင်း နင့်ဆီကို ပြေးကပ်လာမယ့် အရိပ်တစ်ခု မဟုတ်ဘူး "



www.burmeseclassic.com

www.burmeseclassic.com



မောင်က ကျွန်မ မျက်နှာကို မရမက လိုက်ကြည့်သည်။

" ဘာဖြစ်လို့ ဒီစကားမျိုး ပြောရတာလဲ ချစ်ရယ်။ နင် ငါ့ကို ချစ်နေတုန်းပဲ ဆိုတာ နင် ဘယ်လောက်ပဲညာညာ ငါသိနေတာပဲ " ကျွန်မ၏ ပခုံးစွန်းကို အသာကလေး ပွေ့ယူလိုက်လေသည်။

" ငါ တောင်းပန်ချင်တယ်ဆိုတာ အဲဒါတွေပေါ့။ ဖြစ်သမျှ အဆိုးအကောင်း အားလုံး ငါ့တာဝန်ချည်းပါ။ အခုတော့ ငါသိပ်မှားမှန်း ဝန်ခံရတော့မှာပါ။ နင့်ကို ငါချစ်ခဲ့တယ်၊ သိပ်ကို ချစ်ခဲ့ပါတယ်။ ဒါပေမယ့် နင်နဲ့ငါက စိတ်ဓာတ်ချင်း ယှဉ်ပြိုင်ပြီး ကွာခြားလာခဲ့တာ အခု အချိန်အထိ ညှိနှိုင်းလို့မရအောင် ပြိုင်ငြင်းလာခဲ့ကြတာ ... နင့်ခြေလှမ်းကို ငါသိသလို ငါ့ခြေလှမ်းကို နင်သိတယ်။ နင်က ငါ့ကို မမှီတွယ်ချင်ဘူး ... သီးခြားဖြစ်တည်ချင်တယ်။ ငါလိုချင်တာက ဘဝတစ်ခုလုံး ပုံပြီး ငါ့ကို အားကိုးမယ့် အနွံတာခံမယ့် အရိုးသားဆုံးမိန်းမကို ... "

" သြ ... ဒါဖြင့် ငါကတော့ မရိုးသားဘူးပေါ့ "

" စိတ်ဆိုးစရာ မဟုတ်ပါဘူး အချစ်ရယ်။ နင်က မရိုးသားဘူးလေ၊ အနည်းဆုံး ငါ့အပေါ်မှာ နင် ဘာတွေ ဟန်ဆောင်ခဲ့သလဲ။ အဏ္ဏဝါအအေးဆိုင် ထဲမှာ နင်လုပ်သွားတဲ့ ပြကွက်တွေက ဘာလဲ ... နင်ကိုယ်တိုင် ဒီဇာတ်သိမ်းမျိုး ဖန်တီးပေးခဲ့တာ မဟုတ်လား။ တကယ်ဆို နင် ငါ့ကို ပါးရိုက်ပစ်လိုက်ပါလား။ နင်နဲ့ ငါနဲ့ အများအမြင်မှာ လင်မယားပဲ၊ နင့်ဘက်က လုပ်စရာ အများကြီး "

" သြော် ... နင့်ကို ငါက ရိုက်ရမယ်။ တော်စမ်းပါ မောင်ရယ် "



www.burmeseclassic.com

www.burmeseclassic.com



မောင် ကျွန်မအပေါ် ဤကဲ့သို့ အပြစ် မပုံချသင့်ပါ။ တကယ်ဆိုလျှင် အစကတည်းက မောင် ထိန်းချုပ်ဖို့ ကောင်းပါသည်။ ဇာတ်လမ်းတစ်ခုကို မည်သည့်အချိန်တွင် တော်သင့်ပြီဟု ရပ်တန့်တတ်ဖို့ မလိုအပ်ဘူးလား မောင်။

" မငိုနဲ့ ... မငိုစမ်းပါနဲ့ အချစ်ရယ်။ ငါ ဘာလုပ်ရမလဲ။ သူနဲ့ကွာပြီး နင့်ကို ယူရမလား "

ကျွန်မ ဒေါသဖြင့် ပူလောင်နာကြည်း သွားလေသည်။

" တော်စမ်းပါ။ ဟိုတုန်းက အခြေအနေနဲ့တောင် နင့်ကိုငါ ဘာတစ်ခုများ အခွင့်အရေး တောင်းခဲ့ဖူးသလဲ ဟင်။ စဉ်းစားကြည့်စမ်း။ ငါ ဘာတွေများ နင့်ဆီ တောင်းဖူးလို့လဲ။ ဘယ်တုန်းကများ မျက်ရည်ခံထိုးခဲ့ဖူးလဲ။ ငါ့မျက်ရည်ကြောင့် နင့်ဆုံးဖြတ်ချက် မှားမှာစိုးလို့ ငါ ငိုချင်ရင်တောင် နင့်ကွယ်ရာမှာ ငိုခဲ့တာ။ အခုလဲ နင့်ကို မယူဘူး။ ကမ္ဘာပေါ်မှာ ယောကျ်ားဆိုလို့ နင်တစ်ယောက်တည်း ကျန်ပါစေ။ ငါ နင့်ကို မယူဘူး "

မောင်သည် ကျွန်မ ပခုံးကို တအား ဆုပ်ညှစ်၍ ခပ်ဖြည်းဖြည်း ရယ်မောသည်။

" ဟုတ်တယ် ... အဲဒါ နင့်ရဲ့ တကယ့် ဟန်ဆောင်မှု မပါတဲ့ စိတ်ဓာတ်ပဲ။ ဒါပေမယ့် ငါကြောက်တာလဲ အဲဒီ စိတ်ဓာတ်ပဲ။ နင် နားလည်ပါ့မလား မသိဘူး။ အဲဒီ စိတ်ဓာတ်မျိုးရှိတဲ့ မိန်းမတစ်ယောက်ဟာ ချစ်သူတစ်ယောက်ကို ယူပြီဆိုရင်လဲ အချစ်အတွက်သာ ပေါင်းသင်းနေထိုင်မယ့် မိန်းမ။ အချစ်နည်းနည်းလျော့တာနဲ့ တစ်ပြိုင်တည်း သားသမီး၊ သံယောဇဉ် လူမှုရေးပြဿနာ ဘာဆိုဘာမှ မငဲ့ဘဲ ငါ့ကို



www.burmeseclassic.com

www.burmeseclassic.com



ထားပစ်ခဲ့မယ့် မိန်းမ၊ ငါ တစ်ကိုယ်ကောင်းဆန်မိတာ ဖြစ်နိုင်ပါတယ်၊ နင့်ကို ငါ မယူရဲတာပေါ့လေ၊ နန်းက အဲဒီလို မိန်းမ မဟုတ်ဘူး ”

“ တော်တော့ ”

ကျွန်မ ထိုနာမည်ကို ယခုတစ်ကြိမ် အမုန်းတီး အခါးသီးဆုံး ဖြစ်ပါသည်။

“ အချစ်လျော့သွားရင်တောင်မှ အကြောင်းအမျိုးမျိုးကြောင့် ငါနဲ့ ဆက်ပြီး ... ပေါင်းသင်း ”

BURMESE CLASSIC .com

“ ကျေးဇူးပြုပြီး တော်ပါတော့ကွယ် ... ဘာဆိုဘာမှ မပြောနဲ့တော့ ”

ဘာကြောင့်ပဲ ထားခဲ့ ထားခဲ့ ကျန်ရစ်ခဲ့သူက ကျွန်မသာလျှင် မဟုတ်လား။ ကျွန်မ ပါးပေါ်မှာ အေးစက် စိုမြဲနေသော မျက်ရည်စများကို မောင့်ပါးဖြင့် ကပ်၍ ပွတ်သပ်ဖယ်ရှားပေးပါသည်။

“ ကြိုးတစ်ချောင်းဟာ ဖြတ်သင့်တဲ့ အချိန်ရောက်လာရင်တော့ ဖြတ်ကို ဖြတ်ရမှာပေါ့လေ ... ”

နာကျင်ပြင်းပြသော နှောင်တတရားဖြင့် ကျွန်မ ရေရွတ်လိုက်သောအခါ မောင်က ပင့်သက်တစ်ချက်သာ လေးပင်စွာ ရှိုက်ပြန်သည်။



www.burmeseclassic.com

www.burmeseclassic.com



# ဂျူး

# အမှတ်တရ

## အခန်း(၈)

*အစစအရာရာ*
*ဆန့်ကျင်နေသည့်*
*ကျွန်မတို့*
*နှစ်ဦးအတွက်*
*တစ်သက်တာ*
*ခွဲခွာရခြင်းသည်*
*သိပ်တော့ အံ့ဩစရာ*
*မရှိဘူး ထင်ပါရဲ့လေ*



www.burmeseclassic.com

www.burmeseclassic.com




ကျွန်မသည် ငယ်ငယ်ကတည်းက အိပ်မက်ကောင်းကောင်း လှလှလေးများ ဆိုလျှင် အလွန် မက်မော နှစ်သက်စွာ နောက်ထပ် ပြန်မက်ဖို့ တမ်းတနေတတ်သူ ဖြစ်သည်။ အိပ်မက်တစ်ခုသည် နိုးလာပြီးချိန်၌ နောက်ထပ် မည်သို့ပင် ကြိုးစား စေကာမူ ဆက်လက်မက်ဖို့ လုံးဝ မဖြစ်နိုင်ကြောင်း ကျွန်မ ရိပ်မိသိရှိလာဖို့ နှစ်ပေါင်းများစွာ အချိန်ယူခဲ့ရ၏။

မောင်သည်လည်း ကျွန်မအတွက် အိပ်မက်ကလေးတစ်ခုသာ ဖြစ်သည်။ အိပ်မက်ကလေး လှပခဲ့သောကြောင့် မောင့်ကို ကျွန်မ အမြဲ ကျေးဇူးတင်နေရတော့မှာပါ မောင် .... ။



www.burmeseclassic.com

www.burmeseclassic.com




www.burmeseclassic.com